# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝင်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၂၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာချီလိတ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ

## ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဆွေးနွေးမှာကြား

တာချီလိတ် ဖေဖော်ဝါရီ ၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆





နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာချီလိတ်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတစ်ခု ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုံသလို တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု အဖုံဖုံကလည်း စည်ဝေလျက်ရှိပါသည်။

အာဏာရှင်စနစ်လက်အောက် ဒီမိုကရေစီအမှောင်ကျစဉ်ကာလမှာ ပြည်မပြည်နယ် တောင်အောက် တောင်ပေါ်ဒေသအားလုံး မဖွံ့ဖြိုး မတိုးတက်သည့်ဒဏ်၊ ဆင်းရဲမှုဒဏ် စသည်တို့ကို အတူတကွ ပူအမျှ ခံစားခဲ့ကြရပါသည်။ ပြည်တွင်းစစ်မီးကိုလည်း ကျောချင်းကပ်ကာ ရင်စည်းခံခဲ့ကြရပါသည်။ အထူးသဖြင့် နယ်စွန်နယ်ဖျားဒေသ တိုင်းရင်းသားလူမျိုးစုများက အားလုံးထက်ပို၍ ဒုက္ခခံစားခဲ့ကြရပါသည်။

စနစ်ဟောင်းကို တွန်းလှန်ကာ စနစ်သစ်ကို ပြောင်းကြတော့မည်ဆိုတော့လည်း လက်ချင်းဆက်ကာ ညီညွတ်စွာဖြင့် ဒီမိုကရေစီတိုက်ပွဲကို အတူဆင်နွှဲခဲ့ကြခြင်းဖြင့် အောင်မြင်မှု၏ အသီးအပွင့်အဖြစ် ယနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်၏။

ဒီမိုကရေစီလမ်းကြောင်းပေါ်မှ ဘေးသို့လမ်းချော်မသွားရေး၊ ဒီမိုကရေစီခိုင်မာအားကောင်းရေးတို့အတွက် ဆက်လက်အတူတကွ ရပ်တည်သွားကြရန် လိုအပ်ကြောင်းကိုလည်း ခံစားနားလည်ကြပြီး ဖြစ်သည်ဟု ယုံကြည်ပါသည်။ ထို့အတွက် ရောက်ရှိနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ရင်း တိုင်းရင်းသားအားလုံး တန်းတူညီမျှရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်ရှည်ကြာလက်နက်ကိုင် ပဋိပက္ခများ ရပ်ဆိုင်းနိုင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည့် အချိန်ဖြစ်ပါသည်။

ဒီမိုကရေစီအခွင့်အရေးဟုဆိုရာ၌ အရွယ်ရောက်သူတိုင်း မဲပေး၍ လွှတ်တော်များဖွဲ့စည်းကာ အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ကာမျှနှင့် ဒီမိုကရေစီ ပြည့်ဝပြီဟု မဆိုနိုင်သေး။ အချုပ်အခြာအာဏာသည် ပြည်သူတို့လက်ထဲတွင် သေသေချာချာ ရောက်ရှိဖို့လိုအပ်သလို ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်များနှင့် အစိုးရတို့ကို ပြည်သူတို့က ပြန်လည်ချုပ်ကိုင်ထားနိုင်သည့် ပဋိညာဉ်ခိုင်မာဖို့ကလည်း လိုအပ်လှပါသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် အချုပ်အခြာအာဏာကို ပြည်သူလူထုတစ်ရပ်လုံးက ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အခွင့်အရေး အပြည့်အဝရှိကြောင်း အာမခံခိုင်ခိုင်မာမာရှိရန် လိုအပ်မည်ဖြစ်ပါ၏။

ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ကြရန် လိုအပ်သည်ဟု ပြည်သူတို့က ယုံကြည်ကြခြင်းဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်ကြရာ၌လည်း ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများ၏ စုစည်းညီညွတ်မှုမပါဘဲ မဖြစ်နိုင်ပါ။

စည်းလုံးညီညွတ်မှုဟူသည်မှာ ပြည်ထောင်စုသားတိုင်းရင်းသားများ အချင်းချင်း တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုရှိအောင် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံခြင်းဖြင့်သာ ရနိုင်ပါသည်။ တစ်ဦးနှင့် တစ်ဦး နိုင်လိုမင်းထက်လုပ်ခြင်း၊ အကျပ်ကိုင်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ဖိအားပေးခြင်းတို့ဖြင့် ညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်၍ ရနိုင်မည်မဟုတ်ပါ။ အားလုံးသဘောတူညီနိုင်ကြဖို့ စိတ်ရှည်ခြင်း၊ စာနာခြင်း၊ နိုင်ငံအပေါ် အမှန်တကယ် စေတနာထားခြင်းတို့ဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ပြည်ထောင်စုသားတို့၏ အခွင့်အရေးများကို အာမခံနိုင်သည့် ခိုင်မာသော ပဋိညာဉ်တစ်ခုကို ပြည်သူလူထု၏ စည်းလုံးညီညွတ်သော အင်အားဖြင့်သာ ရေးဆွဲရယူနိုင်ပါမည်ဟု ယုံကြည်ပါကြောင်း။ ။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း ကို ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာ ဆယ်မားအူးလ်အွန်ဒုံကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြပွဲများနှင့် ဟောပြောပွဲများ၊ စာအုပ်စာစောင်ပြပွဲ အခမ်းအနားများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနားမြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင် ဒေါ်သက်သက်နွယ်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာစာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် နံရံကပ်ပြဘုတ်များနှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသည့် ကျေးရွာနေ ပြည်သူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၀) ရပ်ကွက် ပုဏ္ဏာမီလမ်းနှင့် ကွမ်းအပ်မင်းသားလမ်းထောင့်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ သဃ်န်းကျွန်းမြို့နယ် ဧ/မ ရပ်ကွက် ငွေတိုက်စိုးခြံလမ်းနေ ဦးညွန့်မြိုင်-ဒေါ်ဝင်းမြင့်[ဒု-ညွှန်မှူး(ငြိမ်း)၊ (ရွှေသံလွင်ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင်)] မိသားစုက ဖေဖော်ဝါရီ ၅ ရက်က လူနာတင်ယာဉ်တစ်စီး လှူဒါန်းရာ ရွှေသံလွင်ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)က လက်ခံရယူစဉ်။

ဇော်မိုးသောက်

## ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ မဟာဝိဇ္ဇာတန်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဝင်ခွင့်လျှောက်လွှာခေါ်မှု ရက်တိုးမြှင့်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ မဟာဝိဇ္ဇာတန်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဝင်ခွင့်လျှောက်လွှာနှင့် ထောက်ခံစာရွက်စာတမ်းများကို ၂၀၁၉ ဖေဖော်ဝါရီ ၁၄ ရက်အထိ ရက်တိုး၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာဝိဇ္ဇာတန်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ဝင်ခွင့်အတွက် အချက်အလက်အပြည့်အစုံကို ssbuadmission-office@ gmail.com (သို့) ဖုန်း-၀၉-၈၉၂၂၉၇၁၅၄ နှင့် ၀၉-၇၈၂၁၈၄၁၅၉ များသို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်သည်။

ပါရဂူတန်း၌ နေရာပြည့်ပြီဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ပါရဂူတန်းဝင်ခွင့် လျှောက်လွှာခေါ်ခြင်းမရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဖေ့စ်ဘွတ်စာမျက်နှာ- https://www.facebook.com/shanstate.buddhistuniversity/၌ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာချီလိတ်မြို့၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

◆ ***ရှေ့ဖုံးမှ***

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွင့်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက တာချီလိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တာချီလိတ်မြို့မြို့တော်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

**အရင်အတိုင်းပဲ ကြိုဆို**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မ တာချီလိတ်ကို မရောက်တာ နှစ်ပေါင်းတော်တော် ကြာသွားပါပြီ။ မရောက်တာ တော်တော်ကြာပြီဆိုပေမယ့်လည်း တခြားအပြောင်းအလဲတွေရှိပေမယ့် ပြည်သူလူထုက နွေးနွေးထွေးထွေးနဲ့ အရင်အတိုင်းပဲ ကြိုဆိုတဲ့အတွက် ကျွန်မအင်မတန်မှဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံ မြောက်ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းကို ရောက်ပြီးသွားပါပြီ။ မြောက်ပိုင်းဆိုတာ မကြာခင်က ကချင်ပြည်နယ်ကို ရောက်ခဲ့ပါတယ်။ နောက်ပြီးတော့ အနောက်ပိုင်းမှာရှိတဲ့ ချင်းပြည်နယ်၊ အခုကျတော့ အရှေ့ပိုင်းမှာ ရှမ်းပြည်နယ်၊ ရှမ်းအရှေ့ပိုင်းကို ရောက်လာတာပါ။

**ပြည်သူလူထုနဲ့ ထိတွေ့မှုရှိဖို့ ကြိုးစား**

ဒီလို အရှေ့၊ အနောက်၊ တောင်၊ မြောက် ကျွန်မတို့နိုင်ငံကို သွားတဲ့အခါ ဘယ်ပဲသွားသွား ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုကြီးပဲလို့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဘယ်ပဲသွားသွား ပြည်သူလူထုရဲ့လိုအပ်ချက်တွေက အတူတူပဲ။ ဒါကျွန်မ ဟိုးအရင် ၁၉၈၈ ခုနှစ်ကစပြီးတော့ နိုင်ငံရေးထဲမှာပါဝင်လာခဲ့တာကနေစပြီး သတိပြုမိပါတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားတို့ရဲ့ လိုအပ်ချက်တွေက အတူတူပါပဲ။ အဲဒါကို မမေ့စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၈၈ ခုနှစ် နိုင်ငံရေးလောက ထဲ ဝင်လာတဲ့အခါကနေစပြီးတော့ ပြည်သူလူထုနဲ့ ထိတွေ့မှုရှိဖို့ ကြိုးစားပါတယ်။ ကြိုးစားတဲ့အခါကျတော့ ပြည်သူတွေ ဘာအလိုအပ်ဆုံးလဲဆိုတာ ကျွန်မ အမြဲတမ်းမေးပါတယ်။ မေးတဲ့အခါ ဘယ်မှာပဲဖြစ်ဖြစ် အရှေ့၊ အနောက်၊ တောင်၊ မြောက်နေရာမရွေး ပြည်သူတွေရဲ့လိုအပ်ချက်တွေက အတူတူပဲ၊ တစ်ထပ်တည်းပဲဆိုတာကို ကျွန်မ သတိပြုမိတယ်။

**ဖွံ့ဖြိုးတိုးတက်ဖို့ လိုသေး**

အထူးသဖြင့် ကျွန်မ ဟိုတုန်းက ကျိုင်းတုံကိုလာတဲ့အခါ ကျိုင်းတုံက တောင်သူလယ်သမားတွေနဲ့ ပြောဆိုဆွေးနွေးတဲ့အခါမှာ မြန်မာနိုင်ငံအလယ်ပိုင်းက အညာဒေသမှာ တောင်သူလယ်သမားတွေပြောတာနဲ့အတူတူပဲ။ ဘာတွေအလိုအပ်ဆုံးလဲဆိုရင် အားလုံးနံပါတ်တစ်ပြောတာက ရေမရတဲ့နေရာမှာဆိုရေလိုချင်တယ်။ ဒါအင်မတန်မှ အဓိကကျပါတယ်။ ရေကအဓိကကျတဲ့လိုအပ်ချက်ပါ။ ဒုတိယဟာ ရေပြီးရင် လမ်းပန်း ဆက်သွယ်ရေး၊ တတိယဟာ လျှပ်စစ်၊ စတုတ္ထဟာ ပညာရေး၊ ပဉ္စမဟာ ကျန်းမာရေး ဒီအတိုင်းပဲပြောတယ်။ အဲဒီဟာ တော်တော်စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ဘယ်နေရာသွားသွား၊ မြို့တွေပဲ သွားသွား၊ ရွာတွေပဲသွားသွား ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေက ဒါတွေပဲ။ ဒါက ဘာကိုပြသလဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုသေးတယ်ဆိုတာကို ဖော်ပြနေတာပဲဖြစ်ပါတယ်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိုင်းယောင်းမြို့ ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။** သတင်းစဉ်

**ဝိုင်းဝန်းပြီးလုပ်ဖို့ လို**

ဒီလို ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းခြင်း၊ လျှပ်စစ်ရရှိခြင်း၊ နောက်ပြီး ပညာရေး၊ ကျန်းမာရေးဘက်မှာ ပြည့်ပြည့်ဝဝဖေးမနိုင်ခြင်းဆိုတာဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ လုပ်နိုင်တဲ့ကိစ္စတွေပါ။ ဒီလို ကျွန်မတို့ရဲ့ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားများအားလုံးဟာ ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုတာကို ထောက်ပြနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့အစိုးရတာဝန်ယူနေတဲ့ နိုင်ငံအတွက် လိုအပ်ချက်တွေထဲမှာပထမဦးဆုံး လိုအပ်ချက်ကတော့ အမြဲပြောသလို တရားဥပဒေစိုးမိုးရေး၊ တချို့က တရားဥပဒေစိုးမိုးရေးကို ဘာဖြစ်လို့ ထိပ်တန်းက တင်သလဲဆိုတာကို မေးပါတယ်။ တရားဥပဒေစိုးမိုးရေးရှိမှ နောက်ကျွန်မတို့ရဲ့လိုအပ်ချက်တွေဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကျွန်မတို့ ရေရှည်တည်တံ့ခိုင်မြဲအောင်လို့ လုပ်ပေးနိုင်မှာပါ။ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ဆိုင်တဲ့လုပ်ငန်းတွေကို ဖြည့်ဆည်းပေးဖို့ဆိုရင် အားလုံးက ဝိုင်းဝန်းပြီးလုပ်ဖို့ လိုပါတယ်။

**ပြည်ထောင်စုဆိုတာကို မမေ့ပါနဲ့**

ငြိမ်းချမ်းရေးဆိုတာလည်း ထိုနည်းငင်းပါပဲ။ ငြိမ်းချမ်းရေးဆိုတာ အားလုံးဝိုင်းဝန်းပြီး လုပ်မှရမယ့်ကိစ္စပါ။ ဖွံ့ဖြိုးရေးဆိုတာလည်း အားလုံးဝိုင်းပြီးလုပ်ရမယ့်ကိစ္စပါ။ အဲဒီအရာတွေရဖို့အတွက် တရားဥပဒေစိုးမိုးဖို့ဆိုတာလည်း ကျွန်မတို့တွေအားလုံးဝိုင်းပြီးတော့ လုပ်မှရမယ့်ကိစ္စ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ တရားဥပဒေစိုးမိုးမှုမရှိရင် နိုင်ငံသူနိုင်ငံသားများဟာ ဘယ်တော့မှ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော လုံခြုံမှုရှိနိုင်မှာ မဟုတ်ပါဘူး။ လုံခြုံမှုမရှိရင် တည်ငြိမ်မှုမရှိနိုင်ဘူး။ တည်ငြိမ်မှုမရှိရင် တိုးတက်မှုမရှိနိုင်ဘူး။ တိုးတက်မှုဆိုတာဟာ ဖွံ့ဖြိုးတိုးတက်ခြင်းကိုပဲ ပြောတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မဘယ်သွားသွား ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုဆိုတာကို မမေ့ပါနဲ့လို့ ထပ်တလဲလဲသတိပေးပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေဟာ မနက်မိုးလင်းတာနဲ့ ငါတို့ဟာ ပြည်ထောင်စု၊ ငါတို့ဟာပြည်ထောင်စုဆိုတာကို ရွတ်ပြီးတော့ ညအိပ်တဲ့အခါမှာလည်း ငါတို့ဟာပြည်ထောင်စု၊ ငါတို့ဟာ ပြည်ထောင်စုဆိုတာကို ရွတ်ပြီးတော့ အိပ်စေချင်ပါတယ်။ အဲဒီ ပြည်ထောင်စုစိတ်ဓာတ်ကို စွဲစွဲလမ်းလမ်းဖြစ်အောင်လို့ လုပ်စေချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာဆိုရင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှိပါတယ်။ ပြောတဲ့ ဘာသာစကားတွေကလည်း စုံတယ်။ ကိုးကွယ်တဲ့ ဘာသာတွေကလည်း စုံတယ်။ ကိုယ့်ရဲ့ ဓလေ့ထုံးစံတွေကလည်း စုံတယ်။ သမိုင်းတွေကလည်း အားလုံးတစ်ထပ်တည်းတော့ မဟုတ်ဘူး။ သို့သော်ငြားလည်း ကျွန်မတို့ရဲ့ ခေတ်သစ်နိုင်ငံရေးသမိုင်းမှာတော့ အားလုံးအတွက် အတူတူပါပဲ။

**သုံးသပ်ဖို့အချိန်ဟာ မကြာတော့**

အခုကျွန်မတို့နိုင်ငံဟာလွတ်လပ်ရေးရခဲ့တာ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် တည်ရှိခဲ့တာဟာဆိုရင် နှစ် ၇၀ ကျော်သွားပါပြီ။ မကြာမီကာလအတွင်းဆိုရင် ၇၅ နှစ်ပြည့်တော့မယ်။ ၇၅ နှစ်ပြည့်တဲ့နှစ်မှာဆိုရင် ကျွန်မတို့နိုင်ငံဟာ နှစ် ၁၀၀ ပြည့်ဖို့၊ လွတ်လပ်တဲ့ ပြည်ထောင်စုနိုင်ငံအနေနဲ့ အနှစ်တစ်ရာပြည့်ဖို့ ၂၅ နှစ်ပဲလိုတော့မှာ ဖြစ်ပါတယ်။ ဒီလိုအချိန်ရောက်ရင် အားလုံးကစဉ်းစားနေပြီး ဒို့က ဘယ်အချိန်ရောက်နေပြီလဲ။ ဒို့ရဲ့ရည်ရွယ်ချက်တွေက ဘယ်လောက်ထိအောင်မြင်သလဲဆိုတာ စဉ်းစားဖို့လိုပါပြီ။ သာမန်လူတွေဆိုရင် အသက် ၇၅ နှစ်ရောက်ပြီဆိုရင် ဒါတွေစဉ်းစားဖို့ အချိန်လည်း ရောက်လာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ အသက် ၇၅ နှစ်ဆိုတာဟာ မငယ်တော့ဘူး။ တချို့ဆိုရင် အသက် ၇၅ နှစ်အထိ နေနိုင်ရင်တောင်မှ ကံကောင်းတယ်လို့ သတ်မှတ်ရတဲ့ အခြေအနေမှာရှိပါတယ်။ ပြီးတော့ ကျွန်မတို့ဟာ လူတစ်ယောက်ရဲ့အသက် ၇၅ နှစ်မှာ ဘယ်လောက်ထိ ကိုယ့်ဆောင်ရွက်ချက်တွေရှိသလဲလို့ သုံးသပ်ဖို့ လိုပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းမှာလည်း ဒီလိုပဲ သုံးသပ်ရပါမယ်။ ဒီလိုပဲ သုံးသပ်ဖို့ အချိန်ဟာမကြာတော့ပါဘူး။

**ပြည်သူလူထုရဲ့စိတ်ဓာတ်အင်အား**

ကျွန်မတို့ဟာ လူတစ်ယောက်ရဲ့ အသက် ၇၅ နှစ်မှာ ဘယ်လောက်ထိ ဆောင်ရွက်ချက်တွေရှိသလဲလို့ သုံးသပ်ပြီးမှ ကျွန်မတို့နိုင်ငံရဲ့သမိုင်းကိုလည်း ဒီလိုပဲ သုံးသပ်ရမယ့်အချိန်ဟာ မကြာတော့ပါဘူး။ အခု ကျွန်မတို့ ၇၅ နှစ်မပြည့်ခင် ကျန်သေးတဲ့အချိန်မှာ အားလုံးစည်းစည်းလုံးလုံးနဲ့ ဒီနိုင်ငံတိုးတက်ဖို့အတွက် လုပ်စေချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့အတွက် အရေးကြီးဆုံးကတော့ ပြည်သူလူထုရဲ့စိတ်ဓာတ်အင်အားပါပဲ။ ပြည်သူလူထုရဲ့ စိတ်ဓာတ်အင်အားပြည့်စုံမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ဘယ်လိုပြဿနာ အခက်အခဲတွေပဲရှိရှိ ကျွန်မတို့ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့အစိုးရဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ချင်ပါတယ်လို့ ကျွန်မတို့ပြောပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်တယ်လို့ ယူဆလို့ပဲဖြစ်ပါတယ်။ ဒီနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ မတူကွဲပြားမှုတွေအပေါ်မှာ ညီညွတ်မှုကိုတည်ဆောက်ရမယ့် နိုင်ငံအတွက်ဆိုရင် ကျွန်မတို့ဟာ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တစ်ယောက်နဲ့တစ်ယောက်နားလည်မှုရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် လေးစားဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ ကိုယ့်လူမျိုးကို ချစ်တာချစ်ပါ၊ ကိုယ့်လူမျိုးကိုချစ်လို့ တခြားလူမျိုးကို မုန်းတယ်ဆိုတာတော့ ဒါကအင်မတန်မှ မှားပါတယ်။ မေတ္တာဆိုတာ မေတ္တာနဲ့ ပွားယူလို့ရတယ်။ မေတ္တာကို ဒေါသနဲ့ ပွားယူလို့ မရဘူး။ ဒေါသကို မေတ္တာကအောင်မြင်ပါတယ်။ မေတ္တာကိုတော့ ဒေါသက မအောင်မြင်ပါဘူး။ ဒါကြောင့် ကျွန်မတို့ အချင်းချင်းမေတ္တာပွားဖို့ အင်မတန်မှ အရေးကြီးပါတယ်လို့ အသိပေးပါရစေ။ အထူးသဖြင့် လူငယ်တွေပါ။ လူငယ်တွေကနေစပြီးတော့ စိတ်ထားမှန်မှန်ထားဖို့က သိပ်အရေးကြီးပါတယ်။ လူငယ်တွေက လူကြီးတွေနဲ့ယှဉ်လိုက်ရင် အားသာချက်တစ်ခုက ဘာလဲဆိုတော့ အတိတ်ရဲ့စိုးမိုးမှုက ပိုပြီးတော့ နည်းပါတယ်။ အတိတ်ရဲ့စိုးမိုးမှုကြောင့် ပစ္စုပ္ပန်နဲ့အနာဂတ်ကို အထိနာသွားတာတွေရှိပါတယ်။ ဒါကြောင့် အတိတ်ဆိုတာကိုတော့ ကျွန်မတို့ မမေ့သင့်ဘူး။ အတိတ်ကဟာကို သင်ခန်းစာယူရပါမယ်။ အတိတ်တုန်းက အမှားတွေ၊ ကိုယ့်ရှေ့ကသူတွေရဲ့ အမှားတွေကို ကိုယ်ပြန်ပြီးတော့ မကျူးလွန်ဖို့ဆိုပြီးတော့ လူငယ်တွေကဆင်ခြင်ရမယ်။ ငါတို့ခေတ်မှာ ငါတို့ရဲ့ ဘိုးဘွားတွေပိုပြီးတော့ ငါတို့အကြောင်း စဉ်းစားလိုက်ရင် စိတ်ချမ်းသာနိုင်မယ့်ခေတ် ဖြစ်စေချင်တယ်။ ငါတို့ဘိုးဘွားတွေက မအောင်မြင်ခဲ့တဲ့ ကိစ္စတွေကို ငါတို့ အောင်မြင်အောင် လုပ်ပေးဖို့တာဝန်ရှိတယ်ဆိုတဲ့ လုပ်ပေးချင်တဲ့ ဆန္ဒလည်းရှိတယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့သာ ကျွန်မတို့ လူငယ်တွေ တည်ဆောက်သွားမယ်ဆိုရင် နိုင်ငံရဲ့အနာဂတ်အတွက် လုံးဝပူပင်ရမှာမဟုတ်ပါဘူး။

**ထုတ်သုံးမှအရာရောက်**

ကျွန်မတို့နိုင်ငံဟာ ဒေသတွင်းမှာဆိုရင် တချို့နိုင်ငံတွေနဲ့ယှဉ်ရင် တိုးတက်မှုနည်းတယ်ဆိုတာ လာကြည့်တဲ့သူတွေထက်တာချီလိတ်လိုနေရာမျိုးမှာနေတဲ့ ပြည်သူ ပြည်သားတွေ အသိရင်းနှီးနိုင်ရင် ရင်းနှီးရမယ်၊ ပေးကမ်းစွန့်ကြဲသင့်ရင် ပေးကမ်းစွန့်ကြဲရမယ်။စားသောက်သင့်ရင် စားသောက်ရမယ်။ အသုံးအစွဲမှန်မှ စုထားတဲ့ပိုက်ဆံတွေက တန်ဖိုးရှိမှာဖြစ်ပါတယ်။

**အရည်အချင်းနဲ့ အစွမ်းအစတွေထုတ်သုံး**

အိန္ဒိယနိုင်ငံက လွတ်လပ်ရေးခေါင်းဆောင်ကြီးက ပြောပါတယ်။ ဘဏ်ထဲမှာထားတဲ့ပိုက်ဆံက ကိုယ့်ပိုက်ဆံမဟုတ်ဘူး။ သုံးပြီးတဲ့ ပိုက်ဆံကသာကိုယ့်ပိုက်ဆံလို့ ပြောတယ်။ ပြောချင်တာက ဘဏ်ထဲမှာထားတဲ့ပိုက်ဆံက ကိုယ်သုံးနိုင်တဲ့အခြေအနေရောက်သလား၊ မရောက်ဘူးလားဆိုတာ ဘယ်သူမှခန့်မှန်းလို့မရဘူး။ ကိုယ်သုံးနိုင်တဲ့ အခြေအနေရောက်ချင်မှရောက်မယ်။ ဒီခေါင်းဆောင်က သူဌေးကြီးပါ။ သူဌေးကြီးက မျိုးရိုးကြောင့်ချမ်းသာတာမဟုတ်ပါဘူး။ သူ့ရဲ့အစွမ်းအစကြောင့် သူကိုယ့်သူချမ်းသာအောင်လုပ်ခဲ့တဲ့ ရှေ့နေကြီးတစ်ယောက်ပါ။ ဒီလောက်ချမ်းသာအောင်လုပ်ခဲ့ပေမယ့် ဒီပိုက်ဆံတွေကို မသုံးရက်မစွဲရက်နဲ့ ဘဏ်ထဲမှာထည့်ထားရင် သူတမလွန်ဘဝကူးသွားတဲ့ အခါကျတော့ ဘယ်သူ့လက်ထဲရောက်မယ်ဆိုတာ သေသေချာချာပြောလို့ ရမှာမဟုတ်ဘူး။ သူ့သားသမီးလက်ထဲ ရောက်ချင်ရောက်မယ်။ သားသမီးလက်ထဲကနေပြီးတော့ တခြားလက်ထဲရောက်ချင်ရောက်သွားမယ်။ အဲဒီတော့ သူကပြောတယ်၊ သုံးပြီးသားပိုက်ဆံဟာ ကိုယ်တကယ်ပိုင်တဲ့ပိုက်ဆံပါ။ ကျွန်မပြောချင်တာက အရည်အချင်းနဲ့အစွမ်းအစတွေဟာ ထုတ်သုံးမှ ကိုယ်ပိုင်တဲ့ အရည်အချင်း ထိရောက်တဲ့ အစွမ်းအစဖြစ်နေမှာပါ။ အခြေခံအားဖြင့် ကျွန်မတို့မှာ အရည်အချင်း အစွမ်းအစတွေ ပြည့်စုံလျက်သားနဲ့ ဒါတွေကျွန်မတို့ ထုတ်မသုံးဘူးဆိုရင်၊ ပိုက်ဆံဟာ ထုတ် သုံးဘူးဆိုရင် စက္ကူတစ်ရွက်လိုပဲ ကျွန်မတို့ရဲ့အစွမ်းအစတွေဟာ တန်ဖိုးမရှိဖြစ်သွားပါလိမ့်မယ်။

**ရင်းနှီးဖို့က အင်မတန်မှ အရေးကြီး**

ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်ထောင်စုသားအားလုံးက ကိုယ့်ပြည်ထောင်စုကြီး တိုးတက်ရေးအတွက်၊ ကိုယ့်ပြည်ထောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ဓာတ်ပုံ-သက်အောင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိုင်းယောင်းမြို့ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဆုံးပါ။ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုဆိုတာ အချိန်မရွေးပြုပြင်ပြောင်းလဲလို့ရပါတယ်။ အားလုံးဝိုင်းပြီးတော့ လုပ်မယ်ဆိုရင် ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေကို လုံးဝယုံကြည်မှုရှိတယ်။ တကယ်တော့ တခြားနိုင်ငံတွေနဲ့ယှဉ်ရင်၊ ကမ္ဘာနဲ့ယှဉ်ရင် ကျွန်မတို့ ပြည်သူပြည်သားတွေက မညံ့ပါဘူး။ ပညာရေးစနစ် အားနည်းမှုကြောင့်မို့ တချို့နေရာတွေမှာ နောက်ကျကျန်နေခဲ့တယ်ဆိုပေမယ့် ကျွန်မတို့နိုင်ငံသူနိုင်ငံသားတွေက စိတ်ဓာတ်အင်အား၊ လုံ့လ၊ ဝီရိယတွေနဲ့ ကာယအစွမ်း၊ ဉာဏစွမ်းအားအရဆိုရင် အားငယ်စရာဘာမှမရှိပါဘူး။ ဒါပေမယ့် အစွမ်းတွေက ဘယ်လောက်ပဲရှိရှိ ထုတ်သုံးမှအရာရောက်မှာပါ။ ထုတ်သုံးမှ အကျိုးရှိမှာပါ။ တချို့တွေက ပိုက်ဆံကိုစုတယ်ဆိုတာ ပိုက်ဆံစုပြီးတော့ မသုံးရက် မစားရက်နဲ့ ပိုက်ဆံတွေကိုစုပုံပြီးတော့ သေတ္တာကြီးနဲ့ ထည့်ထားလို့တော့ ဘာမှအကျိုးမရှိဘူး။ ကိုယ်ရတဲ့ပိုက်ဆံနဲ့ ကိုယ့်အကျိုးလည်း ရှိအောင်၊ အများအကျိုးလည်းရှိအောင် လုပ်ရမယ်။ ဒီပိုက်ဆံတွေကို စုကြီး ဖွံ့ဖြိုးသာယာရေးအတွက် အားလုံးကဝိုင်းပြီး ကြိုးစားကြပါ။ ကိုယ့်ရဲ့အစွမ်းအစတွေကို ထုတ်သုံးလိုက်ပါ။ ကိုယ့်ရဲ့စွမ်းအားတွေကို ထုတ်သုံးလိုက်ပါ။ စွမ်းအားတွေ၊ အစွမ်းအစတွေကို မှန်မှန်ကန်ကန်သုံးလိုက်ရင် နည်းသွားမှာမဟုတ်ပါဘူး။ ပိုက်ဆံလို မဟုတ်ပါဘူး။ ပိုက်ဆံတောင်ရင်းနှီးလိုက်ရင် ပွားလာတယ်။ မရင်းနှီးဘဲနဲ့ ထုတ်ထုတ်သုံးနေရင်တော့ အားလုံးကုန်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အစွမ်းအစတွေကို ရင်းနှီးရမယ်။ ကျွန်မတို့နိုင်ငံအတွင်းမှာ ရင်းနှီးရမယ်။ လူမှုအသိုင်းအဝိုင်းအတွင်းမှာ ရင်းနှီးဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်လိုပုံစံနဲ့ ရင်းနှီးကြမလဲဆိုတော့ အားလုံးဝိုင်းပြီးတော့ သဘောတူညီချက်ယူမှ ဒီမိုကရေစီဆိုတာ ဒါပါပဲ။

**ရွေးကောက်ပွဲကနေတစ်ဆင့် ဆုံးဖြတ်တာဖြစ်**

ကျွန်မတို့နိုင်ငံတိုးတက်အောင်၊ ချမ်းသာအောင် အကောင်းဆုံးနည်းက ဘာလဲဆိုတာ ပြည်သူပြည်သားအားလုံး တစ်ဦးချင်း၊ တစ်ဦးချင်းကနေပါဝင်ပြီးတော့ ဆုံးဖြတ်နိုင်ခွင့်ကိုပေးထားတာ ဒီမိုကရေစီပါပဲ။ ဒါကိုကျွန်မပြောခြင်းအားဖြင့် နိုင်ငံရေးအရ ဆုံးဖြတ်နိုင်ခြင်းတစ်ခုလို့ ကျွန်မပြောတာမဟုတ်ပါဘူး။ နိုင်ငံရေးအရ ဆုံးဖြတ်တယ်ဆိုတာကတော့ ရွေးကောက်ပွဲကနေတစ်ဆင့် ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါပေမယ့် တခြားနည်းတွေနဲ့လည်း အများကြီးဆုံးဖြတ်နိုင်ပါတယ်။ ပြည်သူတွေကို ပေးထားတဲ့အခွင့်အရေးတွေကို မှန်မှန်ကန်ကန်သုံးတဲ့နည်းတွေနဲ့ ကျွန်မတို့ အများကြီးပါဝင်ပြီးတော့ လုပ်ဆောင်ပေးနိုင်ပါတယ်။

**ဝန်ထုပ်ဝန်ပိုးတွေဆိုတာအမြဲရှိ**

ဥပမာ- စောစောကပြောတဲ့ အချက်ငါးချက်မှာ တစ်နိုင်ငံလုံးကလိုအပ်ပါတယ်ဆိုတဲ့ ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်ခြင်း အဲဒီဟာတွေနဲ့ပတ်သက်လို့ ကျွန်မတို့ပြည်သူပြည်သားတွေအားလုံးပါဝင်မှုဖြစ်မှာပါ။ကျွန်မကတော့ ရိုးရိုးရှင်းရှင်းပဲ အယူအဆတစ်ခုရှိတယ်။ ဒီလောကကြီးမှာ၊ ဒီဘဝမှာ ဘာမှအလကားမရဘူး။ ဘယ်တော့မှ အလကားမရဘူး။ တန်ရာတန်ကြေးပေးရတာပဲ။ ကိုယ်အလကားရတယ်လို့ ထင်နေတဲ့ ကိစ္စတွေတောင်မှ အလကားမရဘူး။ အဲဒီနောက်ကနေပါလာတဲ့ တာဝန်တွေ၊ ဝတ္တရားတွေ၊ ဝန်ထုပ်ဝန်ပိုးတွေဆိုတာ အမြဲရှိပါတယ်။

ဒါကြောင့် ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ လူမှုရေးလုပ်ငန်းတစ်ခုအဖြစ် ရေတွင်းတွေတူးပေးတဲ့ အလုပ်လုပ်ခဲ့ပါတယ်။ တချို့ရွာတွေမှာ ရေရှားပါးမှုဖြစ်ပါတယ်။ ပထမလိုအပ်ချက်က ရေပဲဖြစ်ပါတယ်။ သောက်ရေ၊ သုံးရေရှားပါးမှုအတွက် ရေတွင်းတွေ တူးပေးပါတယ်။ ဒါပေမယ့် ကျွန်မတို့ ဘယ်တော့မှ အလကားမတူးဘူး။ ဘာလို့လဲဆိုတော့ တန်ဖိုးမထားမှာစိုးလို့၊ ကိုယ်ကိုယ်တိုင်ပါဝင်တဲ့ လုပ်ငန်းဆိုမှ တကယ်လေးစားကာသံယောဇဉ်ရှိတယ်ဆိုတာ လူ့သဘာဝတွေမို့ ကျွန်မတို့ကနေပြီး ရွေးတယ်။ ဒီရွာမှာလည်း ရေတွင်းလိုတယ်၊ ဟိုရွာမှာလည်း ရေတွင်းလိုတယ်။ ပထမဆုံး ကျွန်မတို့တွေးတဲ့ အတွေးက ဒီရေတွင်းကိုတူးတဲ့အခါမှာ ဝိုင်းဝန်းပြီးတော့ ပြည်သူလူထုက ကူညီချင်တဲ့စိတ်ရှိလား၊ မရှိဘူးလားဆိုတာ ကျွန်မတို့ကြည့်ပါတယ်။

**အားလုံးသဘောတူမှန်ကန်တဲ့ နေရာကိုရွေး**

အဲဒီလို ရွာသူရွာသားတွေ ပါဝင်ပြီးတော့ ဒီရေတွင်းကို တူးတဲ့အခါမှာ တတ်နိုင်သလောက်ကူညီမယ်၊ ပံ့ပိုးလိုစိတ်ရှိတဲ့ဟာကို ရွေးပါတယ်။ ဒုတိယအားဖြင့် အဲဒီရွာတွေထဲမှာ ရေတွင်းတူးရမယ့် နေရာကောင်းကောင်းရှိသလား၊ နေရာကောင်းကောင်းဆိုတာက ဒီရေတွင်းကို တစ်ရွာလုံးကနေပြီးတော့သုံးနိုင်တဲ့ အနေအထားရှိသလား၊ လူတစ်ဦးတစ်ယောက်ရဲ့ခြံထဲမှာ တူးပေးဖို့ဆိုတာ မသင့်တော်ပါဘူး။ အဲဒီခြံပိုင်ရှင်က ဘယ်သူမှမလာနဲ့ ငါခေါင်းရှုပ်တယ်၊ ဒီနေ့တော့ ဘယ်သူမှ မတွေ့ချင်ဘူးဆိုပြီး တံခါးပိတ်ထားရင်၊ ကျန်တဲ့သူတွေက ရေယူလို့မရဘူးဆိုရင် ဒီရေတွင်းရဲ့အကျိုးကျေးဇူးက အင်မတန်မှ နည်းသွားပါလိမ့်မယ်။ နောက်တစ်ခုက ရေတွင်းကို ရွာထိပ်မှာသွားထားရင်နောက်တစ်ဖက်ထိပ်က ရွာသူရွာသားတွေ အတွက် အခက်အခဲဖြစ်တယ်။ နေရာကိုလည်း အားလုံးသဘောတူမှန်ကန်တဲ့နေရာကို ရွေးနိုင်မှ ရေတွင်းတူးပေးဖို့ဆိုတာ သဘောတူတယ်။

တတိယအချက်က ရေတွင်းတူးပေးပြီးရင် ထိန်းသိမ်းရေးအဖွဲ့တစ်ခုကို ရွာသူ ရွာသွားတွေအထဲကပဲ ဖွဲ့နိုင်ရမယ်။ ဒီသုံးချက်ပါ။ ပထမဦးဆုံးအားလုံးကနေ ဝိုင်းဝန်းကူညီရပါမယ်။ အားလုံးဆိုတာ တစ်ရာ ရာခိုင်နှုန်းမဟုတ်ပါဘူး။ လူ့သဘာဝအရ ဘယ်တော့မှတစ်ရာရာခိုင်နှုန်း သဘောတူညီမှုဆိုတာမရနိုင်ပါဘူး။ အများစုက ဒီလိုစိတ်ဓာတ်ရှိပြီဆိုရင် မှန်ကန်တဲ့နေရာကို ရွေးဖို့သဘောတူတယ်ဆိုရင် ဒီရွာမှာ ရေတွင်းတူးခွင့်ပေးမှာပါ။

နောက်ဆုံးကတော့ တူးပြီးရင်ထိန်းသိမ်းမလား။ ကိုယ့်ရွာအတွက်တူးပေးထားတဲ့ ရေတွင်းဟာ ကိုယ့်တာဝန်ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်ရှိမှ ကျွန်မတို့တူးပေးမှာပါ။ *စာမျက်နှာ ၅ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိုင်းယောင်းမြို့၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

> “တစ်နိုင်ငံလုံးတွင် ပြည်သူပြည်သားများ ရင်ဆိုင်နေရသည့် ပြဿနာများမှာ တူညီပါကြောင်း၊ ရင်ဆိုင်နေရသည့် ပြဿနာများသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည့်အတွက် အမှန်တကယ် ငြိမ်းချမ်းရေးရှိရန် နိုင်ငံသူနိုင်ငံသားများ၊ မတူကွဲပြားသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြားတွင် အပြန်အလှန်နားလည်မှု၊ လေးစားမှုရှိရန် အရေးကြီး”

*စာမျက်နှာ ၄ မှ*

အဲဒီလိုလုပ်ပေးခြင်းအားဖြင့် ဘာတွေ့ရသလဲဆိုတော့ ရွာသူရွာသားတွေက ဒီရေတွင်းကို အလကားရခဲ့တာ မဟုတ်ဘူး။ ဒီသောက်ရေသုံးရေကို အလကားရခဲ့တာ မဟုတ်ဘူး။ သူတို့ရဲ့စိတ်ဓာတ်နဲ့၊ သူတို့ရဲ့ပါဝင်မှုနဲ့၊ သူတို့ရဲ့ စွမ်းဆောင်ရည်တွေနဲ့ ဖြစ်အောင်လုပ်ထားတဲ့ ရေတွင်းဆိုတော့ ပိုပြီးတော့လည်း တန်ဖိုးထားတယ်။ နောက်ပြီး အရင်သူတို့နဲ့ သဘောတူညီမှုအရ ဆက်ပြီးတော့ ထိန်းသိမ်းမယ်။

ဒါကို ကျွန်မဘာလို့ပြောချင်တာလဲဆိုတော့ နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် ဘယ်လိုဘယ်ပုံစံပဲလုပ်လုပ် ဒီလိုပုံစံမျိုးပဲ ဖြစ်ရမယ်။ နံပါတ်(၁) ပြည်သူပြည်သားတွေက ပါဝင်ချင်တဲ့စိတ်ရှိရမယ်။ နံပါတ်(၂) အများအတွက် အကောင်းဆုံးဟာကို ရွေးချင်တဲ့ စေတနာနဲ့ ရွေးတတ်တဲ့ပညာ ရှိရမယ်။ နောက်ဆုံးကတော့ ဆက်ပြီးထိန်းသိမ်းထားဖို့ လုံ့လ၊ ဝီရိယကို စိုက်ထုတ်ထားရမယ်။ အဲဒီအချက်သုံးချက်နဲ့သာ ကျွန်မတို့နိုင်ငံကို တိုးတက်အောင်လုပ်ပေးဖို့ ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးဆိုရင်လည်း ဒီလိုပါပဲ။ လမ်းပန်းဆက်သွယ်ရေးဟာ အစိုးရများရဲ့ တာဝန်ဆိုတာမှန်ပါတယ်။ အဓိကအားဖြင့် နိုင်ငံကိုအုပ်ချုပ်တဲ့တာဝန်ယူထားတဲ့ အစိုးရအဖွဲ့များဟာ နိုင်ငံရဲ့လမ်းပန်းဆက်သွယ်ရေးအတွက် တတ်နိုင်သလောက်လုပ်ပေးရမယ်။ ဒါပေမယ့်လည်း ပြည်သူပြည်သားတွေက ပါဝင်ပေးရမယ်။ ကိုယ့်အတွက်ဆောက်ထားတဲ့ လမ်းတွေမပျက်စီးရေးကို ကိုယ်ကလည်း စည်းကမ်းနဲ့ ထိန်းသိမ်းသွားရမယ်။ တတ်နိုင်တဲ့ဘက်ကနေဝင်ပြီး ပံ့ပိုးရမယ်။ ဒါကလည်း ဆက်ပြီး ထိန်းသိမ်းထားချင်တဲ့စိတ်၊ စပြီးထူထောင်ချင်တဲ့စိတ် ဒါတွေပြည်သူပြည်သားတွေကြားထဲမှာရှိမှ ကျွန်မတို့နိုင်ငံဟာ တကယ်ကို တိုးတက်အောင်မြင်တဲ့နိုင်ငံ ဖြစ်ပါမယ်။

ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေဟာ စောစောကပြောတဲ့အတိုင်း ဒီငါးချက်ဆိုတာလည်း သိပြီးပြီ။ ဒါပေမယ့် တစ်ခါတလေလည်း အသေးစိတ်အနေနဲ့ ဒေသအသီးသီးမှာ ပြည်သူပြည်သားများ ဘာတွေလိုအပ်ချက်တွေရှိသလဲ။ ဘယ်လိုခံစားမှုတွေရှိသလဲဆိုတာ အစိုးရကိုတာဝန်ယူတဲ့ ပုဂ္ဂိုလ်များဟာ သိဖို့လိုပါတယ်။ ဒါမှလည်း ပြည်သူပြည်သားနဲ့ အစိုးရတွေကြားမှာ တစ်ခါတည်း တက်ညီလက်ညီနဲ့ စိတ်တူသဘောတူ နိုင်ငံ့တိုးတက်ရေးအတွက် လုပ်ဆောင်ချင်တဲ့ အနေအထားတစ်ခု ဖြစ်ပေါ်ဖို့ပဲ ဖြစ်ပါတယ်။

**တစ်ဦးနဲ့တစ်ဦးယုံကြည်မှုရှိ**

ရောက်တဲ့နေရာတိုင်းမှာ ရပ်မိရပ်ဖတွေ၊ ပြည်သူပြည်သားတွေနဲ့တွေ့ဖို့ ကြိုးစားပါတယ်။ ကြိုးစားနေတယ်ဆိုတာ ပထမကတော့ ပြည်သူတွေရဲ့အသံကို နားထောင်ချင်လို့ပါ။ နောက်ပြီး ပြည်သူတွေအနေနဲ့ ကျွန်မတို့ကို ပိုပြီးတော့ နားလည်နိုင်အောင်၊ အစိုးရရဲ့ ရည်ရွယ်ချက်တွေကို ပိုပြီးသိရှိလာအောင်၊ တစ်ဦးနဲ့တစ်ဦးကြားမှာ ရင်းနှီးမှုရအောင်ဆိုပြီး ဒါကိုဦးတည်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံသူ၊ နိုင်ငံသားနဲ့ အစိုးရအလုပ်ကို တာဝန်ယူထားတဲ့ အဖွဲ့အစည်းအကြားမှာ တကယ့်ကို တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိတယ်။ တစ်ဦးနဲ့တစ်ဦးယုံကြည်မှုရှိတယ်ဆိုရင် ဒီနိုင်ငံအနေနဲ့ မလုပ်နိုင်တဲ့ ကိစ္စဆိုတာ ဘာမှမရှိပါဘူး။

**ကိုယ့်တာဝန်ကို အလေးထား**

တာချီလိတ်ရောက်လာတဲ့အခါမှာလည်း တာချီလိတ်မြို့သူ၊ မြို့သားများရဲ့ လိုအပ်ချက်တွေကဘယ်လိုရှိတယ်။ မျှော်လင့်ချက်တွေကဘယ်လိုရှိတယ်။ စိုးရိမ်ကြောင့်ကြမှုတွေက ဘယ်လိုရှိတယ်။ ဒါတွေလည်း ကျွန်မတို့ သိချင်ပါတယ်။ ကျွန်မတို့ရဲ့ အစိုးရအနေနဲ့ ပြည်သူပြည်သားတွေကို တန်ဖိုးထားတယ်။ တန်ဖိုးထားတယ်ဆိုရာမှာ အမြဲပဲကျွန်မတို့နိုင်ငံသူနိုင်ငံသားတွေနဲ့ပတ်သက်လို့ပြောတယ်။ တချို့တွေက အခွင့်အရေးကို အမြဲပဲပြောတယ်။ အခွင့်အရေးက ဘာရှိသလဲ။ ဘာရမယ်။ ဘာလုပ်ရမယ်။ နောက်ပြီး ကျွန်မက တာဝန်ကို အမြဲပဲဦးစားပေးပြီး ပြောပါတယ်။ လူတိုင်းလူတိုင်းဟာ တာဝန်ယူချင်မှ ဒီကမ္ဘာကြီးဟာ ငြိမ်းချမ်းမှာပါ။ လူတိုင်းလူတိုင်းဟာ ကိုယ့်တာဝန်ကို အလေးထားမှ ဒီကမ္ဘာကြီး တိုးတက်နိုင်မှာပါ။ ဒါကြောင့် ငါ့ရပိုင်ခွင့်၊ ငါရရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့မဟုတ်ဘဲ ငါပေးရမယ်၊ ငါဟာပေးနိုင်စွမ်းရှိတဲ့ လူသားတစ်ယောက်၊ ဒီကမ္ဘာကြီးမှာ မွေးလာကတည်းက၊ ဒီလောကကြီးမှာ လူဖြစ်လာကတည်းက ငါ့မှာပေးနိုင်စွမ်းတွေနဲ့ လူဖြစ်လာတယ်ဆိုတဲ့ စိတ်ဓာတ်တွေ ခိုင်မာအောင် လုပ်စေချင်တယ်။ ငါ့မှာပေးနိုင်စွမ်းရှိတယ်ဆိုတဲ့ မာနဟာ မှန်ကန်တဲ့မာန၊ ကောင်းတဲ့ မာနပဲ။ ငါယူနိုင်စွမ်းရှိတယ်ဆိုတာဟာ ရှက်စရာကောင်းပါတယ်။ ငါဘယ်လောက်ယူနိုင်တယ်ဆိုတာဟာ ဂုဏ်ယူစရာကိစ္စလည်း မဟုတ်ပါဘူး။ တစ်ဦးချင်းရဲ့စိတ်ထားကို အင်မတန်မှ ကျဉ်းမြောင်းပြီးတော့ သေးသိမ်သွားစေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ လူကြီးများဟာလည်း လူငယ်များကို တာဝန်သိစိတ်ရှိဖို့ သင်ပေးသလို ကိုယ့်ကိုယ်ကိုယ် တာဝန်သိစိတ်ရှိတဲ့ လူကြီးများဖြစ်လာအောင် ပြုစုပျိုးထောင်ပါ။ ဒီလို လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့တစ်နိုင်ငံလုံးမှာရှိတဲ့ နေရာအနှံ့အပြားမှာ ကျွန်မတို့နိုင်ငံဟာ ခိုင်မာတဲ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။

**နိုင်ငံတော်ရဲ့သစ္စာကို စောင့်ထိန်း**

ပထမဆုံး တင်ပြထားပြီးကိစ္စတွေကို ကျွန်မတတ်နိုင်သလောက် ဖြေပါ့မယ်။ နောက်ပြီး ပရိသတ်ထဲက ပြည်သူပြည်သားတွေအနေနဲ့ ထပ်ပြီးမေးစေချင်ပါတယ်။ ပရိသတ်ထဲမှာ ဝန်ထမ်းတွေ၊ ဝန်ထမ်းမဟုတ်တဲ့ မြို့မိမြို့ဖတွေ၊ လူငယ်တွေကိုလည်း တွေ့ရပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် အားလုံးဘက်က မေးခွန်းတွေထုတ်တာ ကြားချင်ပါတယ်။ ဝန်ထမ်းတွေအတွက်တော့ အခက်အခဲရှိမယ်။ ဝန်ထမ်းဆိုတာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရ အလုပ်လုပ်ရတယ်။ နိုင်ငံတော်ရဲ့ သစ္စာကို စောင့်ထိန်းရတယ်။ အဲဒီဟာတွေအပေါ်မှာအခြေခံပြီးတော့ ဝန်ထမ်းတွေအနေနဲ့ မေးခွန်းမေးချင်တယ်ဆိုရင်တော့ ဆင်ခြင်စရာတွေရှိတယ်ဆိုတာ သတိပေးပါရစေ။ ဒါကိုလည်း ပြည်သူပြည်သားတွေက နားလည်မယ်လို့ထင်ပါတယ်။

**ယဉ်ကျေးသိမ်မွေ့မှုကို တန်ဖိုးထား**

ကျွန်မတို့ ပြည်သူ ပြည်သားတွေအနေနဲ့တော့ ပွင့်ပွင့်လင်းလင်း မေးစေချင်တယ်။ ပွင့်ပွင့်လင်းလင်း ကိုယ့်ရဲ့မျှော်လင့်ချက်တွေ၊ စိုးရိမ်ကြောင့်ကြမှုတွေအကြောင်းကို ပြောစေချင်ပါတယ်။ ပြောရဲရမယ်။ ဒါပေမယ့် တစ်ခုတော့ သတိပေးပါရစေ။ ပြောရဲတယ်ဆိုတာ ရိုင်းရိုင်းစိုင်းစိုင်းပြောတာကို ပြောတာမဟုတ်ပါဘူး၊ မှန်မှန်ကန်ကန်ပြောရဲတာကို ပြောတာပါ။ ရိုင်းစိုင်းတယ်ဆိုတာ ဂုဏ်ယူစရာကိစ္စလည်း မဟုတ်ပါဘူး။ ဒါဟာ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင်ဖြစ်ပါတယ်။ ကျွန်မတို့ ယဉ်ကျေးမှုမှာ ကောင်းတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ အဲဒီ ကောင်းတဲ့ကိစ္စတွေထဲမှာ ယဉ်ကျေးသိမ်မွေ့မှုကို တန်ဖိုးထားတာဟာ ကောင်းတဲ့ကိစ္စတစ်ခုပါ။ မေးစရာရှိတာကို ပွင့်ပွင့်လင်းလင်း တိတိကျကျမေးပါ။ မေးခွန်းမေးပါဆိုရာမှာ တိုတိုနဲ့လိုရင်းမေးပါ ပြောတာပါ။ တိုတိုနဲ့လိုရင်းကို မေးတတ်ဖို့ဆိုတာ ကျွန်မတို့အားလုံး ကိုယ့်ကိုယ်ကိုယ် သင်ယူရမယ့်အရာ ဖြစ်ပါတယ်။

**မိုးရာသီသွားလာရန်ခက်ခဲနေ**

ဒီမှာတင်ပြထားတဲ့ အချက်တွေကတော့ “မိုင်းဆတ်-တာချီလိတ်လမ်း ရာသီမရွေးသွားလာနိုင်ရေးအတွက် ကတ္တရာလမ်း(သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေချင်ပါတယ်။”ကျွန်မပြောခဲ့ပါတယ်၊ ရေရတဲ့နေရာမှာဆိုရင် ပထမဦးစားပေးက လမ်းပန်းဆက်သွယ်ရေးဖြစ်ပါတယ်။ တာချီလိတ်က ရေရှားတဲ့ပုံစံတော့ မရှိဘူး။ လမ်းပန်းဆက်သွယ်ရေးကိစ္စ ဒီမှာတက်လာတယ်ဆိုတာ မထူးဆန်းပါဘူး။ ပြည်နယ်အစိုးရကနေ ဘယ်လိုဆောင်ရွက်မှုတွေရှိသလဲဆိုတာ ပြည်နယ်အစိုးရကနေ အဖြေတစ်ခါတည်း ပြင်ဆင်ထားပေးပုံရပါတယ်။ “၂၀၁၈-၂၀၁၉ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေ ၅၅၃ သန်းဖြင့် မိုးရာသီသွားလာရန်ခက်ခဲနေသောနေရာနှင့် အတက်အဆင်း မတ်စောက်သည့် နေရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်ထောင်စုရန်ပုံငွေ ရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။” ဒါကို ရိုးရိုးတည့်တည့်ပြောရရင် လမ်းကြီးတစ်ခုလုံးကို ကတ္တရာလမ်းဖြစ်ဖို့ ချက်ချင်းမလုပ်ပေးနိုင်ပါဘူး။ အဆိုးဆုံးနေရာတွေကို စပြီးပြင်ပေးပါ့မယ်။ မိုးရာသီမှာ ခက်ခက်ခဲခဲမဖြစ်အောင် အဲဒီနေရာတွေက စပြီးပြင်ပေးပါ့မယ်။ နောက်ဘဏ္ဍာနှစ်မှာ ပိုပြီးပြင်ပေးပါ့မယ်။ အဲဒီအတိုင်း ပြည်နယ်အစိုးရက လုပ်ပေးသွားမယ်လို့ ကျွန်မယုံကြည်ပါတယ်။

**ကိုယ်မသေချာဘဲ ကတိမပေးပါနဲ့**

တစ်ခုပဲသတိပေးချင်တယ်။ အုပ်ချုပ်ရေးယန္တရားထဲမှာပါတဲ့သူတွေအားလုံးကို သတိပေးချင်ပါတယ်။ ပြည်သူလူထုကို ကတိကဝတ် လွယ်လွယ်နဲ့မပေးပါနဲ့။ ပေးတဲ့ကတိဆို တည်ပါစေ၊ ကိုယ်မသေချာဘဲ ကတိမပေးပါနဲ့၊ လုပ်ပေးမယ်၊ ရမယ်၊ ဖြစ်စေရမယ်၊ နောင်မဖြစ်မြောက်ရင် ပြည်သူတွေရဲ့ယုံကြည်မှုကို ဆုံးရှုံးရမယ်။ မဖြစ်နိုင်တဲ့ကိစ္စကို မဖြစ်နိုင်သေးဘူး၊ ဘာကြောင့် မဖြစ်နိုင်သေးသလဲဆိုတာ သေသေချာချာရှင်းပြတာကို ကျွန်မအနေနဲ့ မှန်ကန်တဲ့လမ်းလို့ တခြားအစိုးရအဖွဲ့ဝင်တွေကို သတိပေးချင်ပါတယ်။

**မြေကွက်အစားထိုးရယူလို**

ဒုတိယတင်ပြလာတာက တာချီလိတ်မြို့ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် လမ်းနယ်နိမိတ်အတွင်း ပါဝင်သွားသည့် နေအိမ်အဆောက်အအုံပိုင်ရှင်များ၊ မြေကွက်အစားထိုးပေးအပ်နိုင်ရေးအတွက် ရန်အောင်မြင်ရပ်ကွက်အတွင်း ၃၈ ကေခန့်ရှိ စိုက်ပျိုးရေးသုတေသနခြံအတွင်းမှ လိုအပ်သည့် မြေဧရိယာအား ပြန်လည်စွန့်လွှတ်ပေးရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် ဆိုရာမှာ တာချီလိတ်မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မြေယာလျော်ကြေးရယူလိုခြင်းမရှိဘဲ မြေကွက်အစားထိုးရယူလိုခြင်း တင်ပြလာသည့်တောင်သူ ၂၅ ဦးအား ရန်အောင်မြင်ရပ်ကွက်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ၃၈ ဒသမ ၈၇ ကေခန့်ရှိ မြေဧရိယာအတွင်းမှ ပြန်လည်ပေးအပ်နိုင်ရေး စိုက်ပျိုးရေးဝန်ကြီးဌာနကို တင်ပြသွားပါမယ်။

ဒီအဖြေကတော့ ရှင်းတယ်ထင်ပါတယ်။ တချို့က လျော်ကြေးယူလိုက်တယ်။ တချို့က ငွေနဲ့လျော်ကြေးမလိုချင်ဘူး။ နောက်နေရာပဲလိုချင်တယ်ဆိုတော့ စိုက်/မွေး ဝန်ကြီးဌာနနဲ့ ညှိနေပါတယ်။ စိုက်/မွေးဝန်ကြီးဌာနကလည်း သဘောထားကြီးကြီးနဲ့ စဉ်းစားပေးမယ်လို့ ယုံကြည်ပါတယ်။ ကတိကဝတ်တော့မပေးဘူး။ ဟိုဘက်က မသေချာဘဲတော့ ဖြစ်နိုင်ပါတယ် မပြောဘူး။ ဖြစ်နိုင်အောင်တော့ ကြိုးစားပေးမယ်လို့ ပြောပါရစေ။

တတိယအချက်က တာချီလိတ်ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် လက်ထောက်ဆရာဝန်များ ဖြည့်ဆည်းပေးပါရန်။ တာချီလိတ်ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် လက်ထောက်ဆရာဝန်များ ခန့်ထားပါရန်အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်ကုသရေးဦးစီးဌာနက နေပြည်တော် ကုသရေးဦးစီးဌာနကို ၂၉-၁၀-၂၀၁၈ ရက်စွဲပါစာအမှတ်နဲ့ တင်ပြပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

### ပြည်သူပြည်သားတွေနဲ့အတူ ရုန်းကန်

မြန်မာနိုင်ငံတစ်ဝန်းမှာ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ ကျောင်းဆရာတွေ၊ ဆရာမတွေ လိုအပ်နေပါတယ်။ လိုအပ်နေတဲ့အခါ နေရာတိုင်းကို ချက်ချင်းမဖြည့်ဆည်းပေးနိုင်ပါဘူး။ တချို့က ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်လိုတယ်။ နောက်တစ်ခုက ပိုက်ဆံလည်းလိုပါတယ်။ ကျွန်မတို့ ပိုက်ဆံရှာနိုင်ရင်တောင် လူမရှာနိုင်ရင် တချို့နေရာတွေ ဖြေရှင်းလို့မရဘူး။ ဒါတွေ အမြန်ဆုံးဖြစ်အောင်လုပ်ရမယ်။ ဝေးလံခေါင်သီတဲ့ ပြည်ထောင်စုအစိတ်အပိုင်းတွေမှာ တာဝန်ထမ်းဆောင်ဖို့ ဝန်မလေးကြပါနဲ့။ အဲဒီဟာကို တာဝန်တစ်ခုကျေအောင်လုပ်မယ်ဆိုတဲ့စိတ်ဓာတ်နဲ့ဝင်ပြီး ဖြည့်ဆည်းပေးစေချင်ပါတယ်။ တချို့ဆရာဝန်၊ ဆရာမတွေ၊ တခြားဝန်ထမ်းတွေက ခက်ခဲတဲ့နေရာကို မသွားချင်ကြဘူး။ ဒါကို အပြစ်ဆိုတာမဟုတ်ပါဘူး။ သဘာဝပါပဲ။ ခက်ခက်ခဲခဲနေရမယ့်နေရာကို ဘယ်သူမှမသွားချင်ကြဘူး။ သက်သက်သာသာနေရမယ့်နေရာဆို သွားချင်ကြတယ်။ ဒါပေမယ့် စိတ်ကျေနပ်မှုအရ စဉ်းစားကြည့်ပါ၊ သက်သက်သာသာနေရတဲ့နေရာမှာ သက်သက်သာသာနေရတာနဲ့၊ အင်မတန်ခက်ခဲတဲ့နေရာမှာ ကိုယ့်ရဲ့အခက်အခဲတွေကို နိစ္စဓူဝရင်ဆိုင်နေရတဲ့ ပြည်သူပြည်သားတွေနဲ့အတူ ရုန်းကန်ပြီး သူတို့ရဲ့ဘဝမြင့်မားရေးအတွက် လုပ်ပေးနိုင်ခြင်းက ပိုပြီးတော့ ကျေနပ်မှုမများဘူးလား။

လူတိုင်းလူတိုင်း ဒီလောကကြီးမှာအနိစ္စတရားနဲ့ စွန့်ခွာသွားကြရမှာ။ အဲဒီလို စွန့်ခွာတဲ့အချိန်မှာ ငါတစ်သက်လုံးသက်သက်သာသာနေခဲ့ရတယ်ဆိုတာ ဘယ်လောက်ကျေနပ်မှုရနိုင်မှာလဲ။ ငါ့ဘဝမှာ ဒီလောကကြီးရဲ့ သက်တမ်းနဲ့စာရင် အင်မတန်တိုတောင်းတဲ့ သက်တမ်းမှာ လိုအပ်နေတဲ့ ပြည်သူပြည်သားတွေအတွက် ဘယ်လောက်လုပ်ပေးနိုင်တယ်ဆိုတာ ပြန်စဉ်းစားရင် အများကြီးကျေနပ်မှု ရနိုင်ပါတယ်။ ဒါကြောင့် ဝေးလံခေါင်သီတဲ့နေရာမှာ အလုပ်လုပ်ဖို့ မကြောက်ပါနဲ့၊ တစ်သက်လုံးသွားဖို့ပြောတာ မဟုတ်ပါဘူး။ တာဝန်ထမ်းဆောင်ချိန်အတွင်းမှာ အဲဒီနှစ်ပိုင်း အချိန်ကာလအတွင်းမှာ၊ ကိုယ့်နိုင်ငံအတွက်၊ ပြည်သူပြည်သားတွေအတွက်၊ လူသားတွေအတွက် တကယ့်မေတ္တာစေတနာစိတ်နဲ့ မလုပ်ပေးချင်ဘူးလား။ လုပ်ပေးနိုင်သမျှလုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ ဒီကနေ အခွင့်အရေးရှိတုန်းမေတ္တာရပ်ခံချင်ပါတယ်။

အဲဒီလို လုပ်ပေးမယ်ဆိုရင် ဒေသခံတွေကလည်း အင်မတန်ပျော်ပါတယ်။ ကျွန်မတို့နိုင်ငံ နယ်ဘက်မှာ ဆရာဝန်တွေ၊ ကျောင်းဆရာ၊ ဆရာမတွေကို နယ်သူနယ်သားတွေ၊ ရွာသူရွာသားတွေ အင်မတန်လေးစားတယ်၊ ချစ်ခင်တယ်၊ နွေးနွေးထွေးထွေးနဲ့ ဝန်းရံထားတယ်။ အဲဒါတွေကို တန်ဖိုးထားကြပါ၊ မြို့ကြီးမှာလို တိုက်ပေါ်မှာနေတာနဲ့ မတူဘူးဆိုပေမယ့် တိုက်ပေါ်မှာနေလို့ရတဲ့ နွေးထွေးမှုနဲ့ ရွာထဲမှာနေလို့ရတဲ့ နွေးထွေးမှုက မတူပါဘူး။

### တစ်တိုင်းပြည်လုံး လိုအပ်ချက်

ကျွန်မတို့ဆေးရုံကြီးမှာ လိုအပ်နေတဲ့ ဆရာဝန်၊ ဆရာမတွေကို ဖြည့်ဆည်းပေးဖို့အတွက် ကြိုးစားပါ့မယ်။ ဘယ်လောက်မြန်မြန် လုပ်ပေးနိုင်မလဲဆိုတာကိုတော့ ဘယ်လိုမှ အာမမခံနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်တိုင်းပြည်လုံး လိုအပ်ချက်တွေရှိနေတဲ့အခါကျတော့ ကျွန်မတို့က ချိန်ဆပြီးတော့ ပို့ရမယ်။ ဘယ်တွေမှာပိုပြီးတော့ အလိုအပ်ဆုံးလဲဆိုတာကို ကြည့်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနကနေ ဒီဟာကို ဆောင်ရွက်ရပါတယ်။

ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်း အမြဲပဲ ဒါကို စဉ်းစားပါတယ်။ အင်မတန်မှအလေးထားပါတယ်။ အခုဆိုရင် ဆေးရုံတွေတင်မကဘူး၊ ဆေးရုံထဲမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တွေ၊ ဆရာမတွေအတွက် နေရာထိုင်ခင်း အဆင်ပြေဖို့တွေ လိုတယ်ဆိုတာ အဲဒါတွေကိုလည်း ထည့်တွက်ပါတယ်။ တစ်ခါတလေ ဆရာဝန်တွေ၊ ဆရာမတွေအစား သူနာပြုဆရာတွေလွှတ်လိုက်ပေမယ့် နေရာထိုင်ခင်းအဆင်မပြေလို့ မနေချင်ကြ၊အဆင်မပြေကြ၊ ဒါမျိုးတွေ မဖြစ်စေချင်ပါဘူး။ အမြန်ဆုံးဖြစ်မြောက်ရေးကြိုးစားပေးပါ့မယ်။

### ဝိုင်းဝန်းပြီးကူညီပေး

နံပါတ်(၄) တင်ပြချက်ကတော့ တာချီလိတ်မြို့နယ် ကြိုးတံတား ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွဲ့စည်းဖို့ ပြင်ပအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအတွက် ဆောင်ရွက်ရန်မြေနေရာရရှိပြီးဖြစ်၍ လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးပါ။ အဲဒါကလည်း ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကို တင်ထားပါတယ်။ အဆောက်အအုံ ဆောက်တယ်ဆိုတာ ဆောက်လုပ်ရေးက မိုးပေါ်ကကျလာတာ မဟုတ်ပါဘူး။ ဆောက်နေတဲ့အခါကျရင်လည်း ဆောက်လုပ်ရေးအတွက် လိုအပ်တဲ့ ပစ္စည်းတွေက အလိုလိုရောက်လာတာမဟုတ်ဘူး။ ကျွန်မတို့ဝယ်ယူရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ငွေလိုပါတယ်။ အဲဒီတော့ ငွေများများရအောင် ကျွန်မတို့ တိုင်းသူပြည်သားတွေအားလုံး ဝိုင်းဝန်းပြီးကူညီပေးကြပါ။

နိုင်ငံတစ်နိုင်ငံ ချမ်းသာဖို့ဆိုတာ ပြည်သူ ပြည်သားများရဲ့ စုပေါင်းချမ်းသာဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံက မချမ်းသာသေးတဲ့အတွက် ခြိုးခြံသင့်တဲ့နေရာမှာ ခြိုးခြံရပါမယ်။ မိသားစုတစ်စုလိုပါပဲ။ ချမ်းသာတဲ့မိသားစုဆိုရင် ပိုက်ဆံကို သုံးရုံမကဘူးဖြုန်းတယ်။ ချို့တဲ့တဲ့မိသားစုကျတော့ ဆင်ဆင်ခြင်ခြင်နဲ့သုံးပါတယ်။ ဒါပေမယ့် ချို့တဲ့တဲ့မိသားစုက ကြီးပြင်းလာတဲ့ကလေးတွေက စည်းကမ်းရှိပါတယ်။ ပိုက်ဆံရဲ့တန်ဖိုးကို သိလာတယ်။ တစ်ယောက်နဲ့တစ်ယောက် ကူညီဖို့၊ မစဖို့ လိုအပ်တယ်ဆိုတာ သဘောပေါက်လာတယ်။ ဒါကြောင့်မို့ ကျွန်မတို့ဟာ ဖွံ့ဖြိုးရေးအတွက် ရုန်းကန်နေတဲ့ ကာလဟာလည်း အရေးကြီးတယ်ဆိုတာဟာ ဖွံ့ဖြိုးမှုရဖို့အတွက် အရေးကြီးတာ မဟုတ်ပါဘူး။ ကျွန်မတို့အားလုံး တစ်ဦးချင်း၊ တစ်ဦးချင်းရဲ့ စိတ်ထဲမှာ မှန်ကန်တဲ့ စံနှုန်းထားတွေပွားများနိုင်ဖို့ ပြောပြချင်ပါတယ်”ဟု ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေကိစ္စရပ်များကို တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် အချိန်ယူ၍ ကြိုးစားဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### မိုင်းယောင်းမြို့သို့ ရောက်ရှိ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မိုင်းယောင်းမြို့သို့ ရောက်ရှိကြပြီး မြို့တော်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံးတွင် ပြည်သူ ပြည်သားများ ရင်ဆိုင်နေရသည့် ပြဿနာများမှာ တူညီပါကြောင်း၊ ရင်ဆိုင်နေရသည့် ပြဿနာများသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် အမှန်တကယ် ငြိမ်းချမ်းရေးရှိရန် နိုင်ငံသူ နိုင်ငံသားများ၊ မတူကွဲပြားသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြားတွင် အပြန်အလှန်နားလည်မှု၊ လေးစားမှုရှိရန် အရေးကြီးပါကြောင်း၊ ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသည့် ပြည်နယ်ဖြစ်သည့်အတွက် အားလုံးသဟဇာတရှိရှိ၊ ချစ်ချစ်ခင်ခင်နေထိုင်ရေးသည် မည်မျှအရေးကြီးသည်ကို သဘောပေါက်ကြလိမ့်မည် ဖြစ်ပါကြောင်း။

အားလုံး တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုရှိရန်နှင့် တစ်ယောက်၏ တန်ဖိုးကို တစ်ယောက်က သိရန်လိုအပ်ပါကြောင်း၊ လူတိုင်းလူတိုင်းတွင် သူ့တန်ဖိုးနှင့်သူ ရှိပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကွဲပြားမှုများရှိသည့်အတိုင်း စိတ်ပိုင်းဆိုင်ရာအရ၊ အထင်အမြင်အရလည်း ကွဲပြားမှု၊ ကွာခြားမှုများရှိပါကြောင်း၊ ကွာခြားမှုကြောင့် ကွဲပြားသွားစရာမလိုပါကြောင်း၊ ယင်းကွာခြားမှုအပေါ် အခြေခံပြီး အင်အားများ တည်ဆောက်သွားရန်မှာ ပြည်ထောင်စုအတွက် ကြီးမားသည့် လိုအပ်ချက်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသူတိုင်းရင်းသားများအား ငြိမ်းချမ်းရေးကို အထူးတန်ဖိုးထားကြရန် တိုက်တွန်းလိုပါကြောင်း၊ ငြိမ်းချမ်းရေးကို ဦးတည်ခြင်းသည် ယခုပစ္စုပ္ပန်အတွက်တင်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝအားသာချက်အရ စိုက်ပျိုးရေးတွင် ဖြစ်မြောက်နိုင်သည့် အခြေအနေရှိပါကြောင်း၊ ရေ၊ မြေကောင်းမွန်ပါကြောင်း၊ ထို့ပြင် သယံဇာတပစ္စည်းများ ပေါများပါကြောင်း၊ သယံဇာတပစ္စည်းများ၊ အရင်းအမြစ်များအပေါ် အားကိုးခြင်းကို အားမပေးပါကြောင်း၊ မိမိကိုယ်ကိုယ်သာ အားကိုးရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အဖိုးတန်ဆုံး သယံဇာတမှာ ပြည်သူ ပြည်သားများသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေး၊ ပညာရေးကို အထူးဂရုစိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်ရေးယန္တရားကို အကောင်အထည်ဖော်သည့် ဝန်ထမ်းများနှင့် ပြည်သူလူထုအကြားတွင် သဟဇာတဖြစ်ရန် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးကို အလေးထားခြင်းသည် ယင်းအကြောင်းအရာများကို ဦးတည်၍ အလေးထားခြင်း ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိခြင်းသည် ပြည်သူ ပြည်သားများအား လုံခြုံရေးအာမခံချက် အပြည့်အဝပေးခြင်း ဖြစ်ပါကြောင်း။

### အားလုံးစည်းကမ်းရှိကြရန် လိုအပ်

လူ့အသိုင်းအဝိုင်းအတွင်း၌ အေးအေးချမ်းချမ်း နေထိုင်နိုင်ရန် ဥပဒေများ ချမှတ်ထားခြင်းဖြစ်ပါကြောင်း၊ တစ်ယောက်က အခြားတစ်ယောက်ကို မတရားမလုပ်နိုင်ရန်၊ ကောင်းကောင်းမွန်မွန် နေထိုင်သူများကို ဆက်လက်၍ ကောင်းကောင်းမွန်မွန် နေနိုင်ရေး အကာအကွယ်ပေးရန် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရန် အင်မတန်အလားအလာကောင်းသည့် ဒေသဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ချမ်းသာလာသည်နှင့်အမျှ ရာဇဝတ်မှုများလည်း များပြားလာတတ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးလာချိန်တွင် တရားဥပဒေစိုးမိုးရေးသည်လည်း တစ်ချိန်တည်းတွင် ဖွံ့ဖြိုးလာရန် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့အားလုံး စည်းကမ်းရှိကြရန် လိုအပ်ပါကြောင်း၊ ငယ်ငယ်ကတည်းက စည်းကမ်းရှိမှ အသက်ကြီးလာသည့်အခါ တရားဥပဒေကို စောင့်ထိန်းနိုင်ပြီး တရားဥပဒေစိုးမိုးရေးကို ပံ့ပိုးနိုင်မည် ဖြစ်ပါကြောင်း။

လူသားများ၏ သဘာဝအရ အစုအဝေးဖြင့်နေမှ အောင်မြင်နိုင်မည်၊ ရှင်သန်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး အစုအဝေးဖြင့် နေတတ်ရန် အလွန်အရေးကြီးပါကြောင်း၊ ရှမ်းပြည်နယ်သည် အစုအဝေးဖြင့်နေသည့် လူနေမှုစနစ်တစ်ခု၏ ပြယုဂ်တစ်ခုဖြစ်သည်ဟု ပြော၍ရပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်သည့် ဘာသာပေါင်းစုံ၊ ဘာသာစကားပေါင်းစုံအားလုံး စုဝေးပြီးနေနိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ ထိုသို့ စုစုစည်းစည်းဖြင့် နေထိုင်ပြီး တိုးတက်ချမ်းသာသွားသည့် နိုင်ငံများကို ကမ္ဘာကြီးတွင် တွေ့နိုင်ပါကြောင်း၊ တခြားနိုင်ငံများတွင် ဖြစ်နိုင်သည့်အတွက် မိမိတို့နိုင်ငံတွင် မဖြစ်နိုင်စရာအကြောင်း မရှိပါကြောင်း၊ အဓိကမှာ ဖြစ်ချင်သည့်စိတ်ရှိရန်လိုအပ်ပါကြောင်း၊ ဖြစ်ချင်သည့်စိတ်ကို စတင်ရာတွင် ငြိမ်းချမ်းရေးကို ရယူချင်သည့်စိတ်ဖြင့် စတင်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် အားလုံးအတွက် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် ကြိုးစားနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ် အမြန်ဆုံးအောင်မြင်ရန်အတွက်လည်း အားလုံးဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံပါကြောင်းနှင့် ငြိမ်းချမ်းရေးရရှိရန် လူတိုင်းအနေဖြင့် မိမိဘာလုပ် ပေးနိုင်သည်ကို စဉ်းစားပြီး ပါဝင်ဆောင်ရွက်စေချင်ပါကြောင်း ပြောကြားသည်။

### လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ဝန်ထမ်းအိမ်ရာလိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား တိုင်းရင်းသားကိုယ်စားလှယ်များက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ကျိုင်းတုံလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားသို့ ရောက်ရှိကြပြီး ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဟာမြတ်မုနိဘုရား ဂန္ဓကုဋိတိုက်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဟာမြတ်မုနိဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိုင်းယောင်းမြို့ ဒေသခံများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

❒ *ကျော့ဖုံးမှ*

ကျွမ်းကျင်ပညာရှင်များထံမှ အကြံပြုချက်ရယူခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်ဖြစ်သော ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်ဖြစ်သည့် ဥပဒေမူကြမ်းတစ်ခုကို ရယူပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း (၁၈) ပုဒ်မ ၁၃၃၊ ၁၃၄၊ ၁၃၅ အရ ဥပဒေမူကြမ်းကို တင်သွင်းရမည် ဖြစ်ပါကြောင်း။

## ပြင်ဆင်ချက်များနှင့် အသစ်ရေးဆွဲ ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာ ပြုလုပ်ခဲ့

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံတွင် ပြောင်းလဲလာသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစနစ်များနှင့်အညီ ပြင်ဆင်ချက်များနှင့် အသစ်ရေးဆွဲ ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာ ပြုလုပ်ခဲ့ကြပါကြောင်း၊ ထို့ကြောင့် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် တိုင်းရင်းသား



အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ

ပြည်သူလူထုအားလုံး၏ စိတ်ဆန္ဒနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် ပဏာမ လုပ်ငန်းစဉ်ဖြစ်သောကြောင့် အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်** က မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သင့်သည်နှင့် ပြင်နိုင်သည်များကို ဥပဒေ၊ လုပ်ထုံးများနှင့်အညီ ပြင်သင့်သည့်အချိန်တွင် ပြင်ရမည်ဆိုသည်ကို ယေဘုယျလက်ခံပါကြောင်း၊ သို့သော် လုပ်ထုံးများ၊ ဥပဒေများကို ကျော်လွန်၍ ပြင်ဆင်ရန် လုပ်ဆောင်သည်ကို လက်မခံပါကြောင်း။

NLD ပါတီဝင်တစ်ဦးက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ခဲ့ခြင်းများသည် Precedent ဟုခေါ်သည့် စီရင်ထုံးဖြစ်သွားသည်ဟု ပြောဆိုခြင်းကိုလည်း ကန့်ကွက်ပါကြောင်း၊ အဆိုရှင်က အဆိုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၃၃၊ ၄၃၄၊ ၄၃၅တို့နှင့် သက်ဆိုင်ခြင်းမရှိဘဲ နည်းဥပဒေ ၆၆ အရ တင်ပြခြင်းဖြစ်သည်ဟုဆိုခြင်းမှာ မှားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်မည်ဆိုပါက ၄၃၃၊ ၄၃၄ နှင့် ၄၃၅ တို့ကို မျက်ကွယ်ပြု၍မရပါကြောင်း။

အဆိုရှင်က ၎င်း၏ အဆိုကို အရေးကြီးအဆိုအနေဖြင့် တင်ပြကြောင်း၊ အရေးကြီးအဆိုနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၆၆(က)အရ ကိုက်ညီရမည့် အချက် ၅ ချက်ရှိပါကြောင်း၊ ယင်းထဲမှ အရေးကြီးသည့် အချက် ၂ ချက်ကို ကောက်နုတ်တင်ပြလိုပါကြောင်း၊ ၆၆(က)(၂)အရ ယင်းအဆိုသည် လောလောဆယ် ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်၍ အများပြည်သူနှင့် အရေးတကြီးသက်ဆိုင်သော ကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရန် လိုအပ်သော ကိစ္စလည်းဖြစ်ရမည်ဟု ဖော်ပြပါရှိပါကြောင်း။

၂၀၀၈ ခုနှစ်ကတည်းက အတည်ပြုခဲ့သည့် ဥပဒေဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ၁၀ နှစ် ကြာခဲ့ပြီဖြစ်ပါကြောင်း၊ ၎င်းကို ပြင်ဆင်ရန် အလောသုံးဆယ် လုပ်စရာမလိုပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စအတွက်နှင့်စပ်လျဉ်းပြီး အရေးကြီးအဆိုတင်သည်ကို လက်မခံပါကြောင်း၊ ၆၆(က)(၃) အရ လွှတ်တော်တွင် သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးရန် မဖြစ်နိုင်သော ကိစ္စဖြစ်ရမည်ဟု ဆိုထားပါကြောင်း၊ ထိုကိစ္စသည် သွေးရိုးသားရိုး ဆိုပါက အခြေခံဥပဒေ ၄၃၃၊ ၄၃၄၊ ၄၃၅ တို့အရ သာမန်နည်းလမ်းနှင့် ဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်သောကြောင့် အရေးကြီးအဆို၏ အင်္ဂါရပ်နှင့် မညီညွတ်ပါကြောင်း။

## ပြင်ဆင်မည့် ဥပဒေမူကြမ်း ရှိပါက ပြည်ထောင်စုလွှတ်တော်ကို တင်ပါရန် တိုက်တွန်းလို

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မိမိတို့၏ Mother Law ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၃၃ (က) တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသောအဆိုကို ဥပဒေမူကြမ်းအဖြစ် တင်သွင်းရမည်" ဟု ပြဋ္ဌာန်းထားသည့်အတွက် တစ်ဖက်လှည့်ဖြင့် ဥပဒေပြင်ရန်အတွက် ကော်မတီဖွဲ့ရန် အရေးကြီးအဆိုတင်သွင်းခြင်းသည် အခြေခံ



မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်

ဥပဒေနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါကြောင်း၊ ပုဒ်မ ၄၃၄ တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်"ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်မည့် ဥပဒေမူကြမ်းရှိပါက ပြည်ထောင်စုလွှတ်တော်ကို တင်ပါရန် တိုက်တွန်းလိုပါကြောင်း။

ပုဒ်မ ၄၃၅ တွင် "ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက တင်ပြလာပါက အဆိုပါ ပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်"ဟု ဖော်ပြထားသည့်အတွက် ၂၀ ရာခိုင်နှုန်း လက်မှတ်ရရှိရန် အဆိုရှင်အနေဖြင့် မခက်ခဲလောက်ဟု ယူဆပါကြောင်း။

လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးမဏ္ဍိုင်၏ အချုပ်အခေါင်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်နှိုက်က ဥပဒေများ၊ လုပ်ထုံးများကို မလိုက်နာဘဲ ညီညွတ်အောင်မလုပ်ပါက သမိုင်းတွင် ကမ္ပည်းမည်း တင်ခံရနိုင်ပါကြောင်း၊ ထို့ကြောင့် ကမ္ပည်းမည်း အတင်မခံရလေအောင် ဦးအောင်ကြည်ညွှန့်၏ အဆိုကို အလေးအနက် ကန့်ကွက်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## လွှတ်တော်လုပ်ငန်းတာဝန်များကို ရာနှုန်းပြည့်ထမ်းဆောင်ရန် အာမခံနိုင်ရမည်

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ** က အခြေခံဥပဒေပြင်ဆင်ရေးအတွက် ကြိုးပမ်းရာတွင် ပွင့်လင်းမြင်သာပြီး အားလုံးပူးပေါင်းပါဝင်မှုရှိသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သင့်ပါကြောင်း၊ ယခု အခြေခံဥပဒေပြင်ဆင်ရေး ကော်မတီဖွဲ့ရာတွင်လည်း ပြည်ပပညာရှင်များ၊ ဥပဒေပညာရှင်များနှင့် လွှတ်တော်အတွင်းရှိ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များကို မဖြစ်မနေ ထည့်သွင်းဖွဲ့စည်းသင့်သည်ကို အကြံပြုလိုပါကြောင်း၊ ဒီမိုကရေစီ အခြေခံဥပဒေသည် ပြည်သူကိုယ်စားပြု ရွေးချယ်ခံ ကိုယ်စားလှယ်များဖြင့်သာ လွှတ်တော်လုပ်ငန်းတာဝန်များကို ရာနှုန်းပြည့်ထမ်းဆောင်ရန် အာမခံနိုင်ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် အနှစ်သာရပြည့်ဝသည့် ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်သေးသည့်အတွက် ဒုက္ခအမျိုးမျိုးခံစားနေရသည့် တိုင်းရင်းသားပြည်သူများ၊ အရွယ်နှင့်မမျှအောင် ဒုက္ခရောက်နေကြရသည့် စစ်ဘေးဒဏ်ခံ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ၊ စစ်ဘေးများကြောင့် အရွယ်မတိုင်မီ ကြွေလွင့်နေကြရသည့် လူငယ်များအတွက် ကိုယ်ချင်းစာစိတ်၊ မေတ္တာစိတ်ထားရှိပြီး သဘောထားကြီးစွာဖြင့် အခြေခံဥပဒေကို ပြင်ဆင်ရန် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုအား



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ

လေးနက်စွာ အကြံပြုလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငွေ** က မိမိတို့သည် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို ပါတီစုံစနစ်ဖြင့် တည်ဆောက်ရေး ဦးတည်နေသည်ဖြစ်သည့်အတွက် အခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်းကို တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ လူမျိုးစုတစ်စုက ရေးဆွဲမည်ဆိုပါက ပြည့်စုံကောင်းမွန်၍ ဆောလျင်စွာပြီးမြောက်ရန် လွယ်ကူမည် မဟုတ်ပါကြောင်း၊ ဦးအောင်ကြည်ညွှန့် အဆိုပြုသကဲ့သို့ ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မှသာ လက်တွေ့ကျပြီး အောင်မြင်စွာ အလွယ်တကူ ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း။

## ပူးပေါင်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် လက်တွေ့အကျဆုံး ချဉ်းကပ်မှုဖြစ်

အခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်းကို ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်း ဆောင်ရွက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရှေ့ပြေးလုပ်ငန်းစဉ်ပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူရွေးကောက်၍ ပေါ်ပေါက်လာခြင်းဖြစ်သကဲ့သို့ ၂၀၀၈ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒအရ ပြင်ဆင်ရန် တာဝန်ရှိသည့် လွှတ်တော်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ အဆိုပါတာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်ရန် ပူးပေါင်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် လက်တွေ့အကျဆုံး ချဉ်းကပ်မှုဖြစ်ခြင်းကြောင့် အဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်** က မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဖြည့်စွက်သင့်သည့် ပုဒ်မများကို ပြင်ဆင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး သုံးရပ်တွင် မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဖော်ဆောင်ရန်တာဝန်ရှိပါကြောင်း၊ ဤအဆိုသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၆၆)နှင့်အညီ တင်သွင်းခြင်းဖြစ်ပါ၍ အဆိုအား ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးအတည်ပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်တော်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခြင်းကို ပထမဦးဆုံး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပြီး လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) ပုဒ်မ ၄၃၃၊



ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငွေ

၄၃၄၊ ၄၃၅ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စစ်မှန်သည့်ဆန္ဒအပေါ်တွင် အခြေခံပြီး ပြင်ဆင်ရန်လိုအပ်သည့် ပုဒ်မများကို စနစ်တကျ လုပ်ဆောင်ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်မှ အမြန်ဆုံးဖွဲ့စည်းနိုင်ရေးအတွက် အဆိုအား ထောက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးစဉ်းစားဆုံးဖြတ်ရန် အသင့်လျော်ဆုံးအချိန်ဖြစ်

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်** က ပြည်ထောင်စုလွှတ်တော်တွင် ယခုကဲ့သို့ အရေးကြီးအဆိုတင်သွင်း၍ ဆုံးဖြတ်ခြင်းကြောင့် ငြိမ်းချမ်းရေးနှင့် သင့်မြတ်ရေး ဆောင်ရွက်နေသည့် တိုင်းရင်းသားအင်အားစုများအကြားတွင် ယုံကြည်မှု၊ ညီညွတ်မှု ပိုမိုဖြစ်ပေါ်စေပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဟန့်တားပိတ်ဆို့မှုများကိုပါ တစ်ပါတည်း ဖြေရှင်းပြီးဖြစ်နိုင်ပါကြောင်း၊ အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးစဉ်းစားဆုံးဖြတ်ရန် လက်ရှိအချိန်အခါနှင့် အခြေအနေသည် အသင့်လျော်ဆုံးအချိန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးအောင်ကြည်ညွှန့် တင်သွင်းခဲ့သည့် အရေးကြီးအဆိုကို ထောက်ခံကြိုဆိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## စနစ်တကျ ပူးပေါင်းကော်မတီ တစ်ရပ် ဖွဲ့စည်းသင့်

**မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း** က နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အုပ်ချုပ်သူ၊ အုပ်ချုပ်ခံရသူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် မျှတညီညွတ်ကောင်းမွန်နေရန် လိုအပ်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲစဉ်က ပြည်သူလူထု ကိုယ်စားပြုပါဝင်မှု အားနည်းပါကြောင်း၊ လက်ရှိ ကျင့်သုံးဆောင်ရွက်ရာတွင်လည်း အပြန်အလှန်ထိန်းကျောင်းမှု အားနည်းလျက်ရှိပါကြောင်း၊ ဒီမိုကရေစီ စံချိန်၊ စံညွှန်းနှင့် ကိုက်ညီမှုနည်းပါးလျက်ရှိပါကြောင်း၊ ဥပဒေပါ တချို့အချက်အလက်များသည် ရှေ့နောက်ညီညွတ်မှုမရှိပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဦးတည်ဆောင်ရွက်နိုင်မှု ခက်ခဲလျက်ရှိသဖြင့် ပြင်ဆင်သင့်ပါကြောင်း၊ ပြင်ဆင်နိုင်ရန်အတွက် စနစ်တကျ ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ပြည်သူများကိုယ်တိုင် ပါဝင်ပတ်သက် ရေးဆွဲပြဋ္ဌာန်းပေးမှသာ ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ ရရှိစေပါကြောင်း၊ ထိုမှသာ ပြည်သူအကျိုးပြုစေသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူလူထုကိုယ်စားပြု ပြည်ထောင်စု ကိုယ်စားလှယ်စစ်စစ်များ လွှတ်တော်ထဲတွင် ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်

ပြည်သူလူထုကလည်း တောင်းဆိုနေပါကြောင်း၊ ယနေ့အချိန်တွင် ပြင်ဆင်သင့်ရန် အချိန်ကျရောက်နေပြီ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုရှင် ဦးအောင်ကြည်ညွှန့်၏ ပြည်သူ့အကျိုးပြု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ် အမှန်တကယ်ဖွဲ့စည်းပြီး ဥပဒေများကို ဒီမိုကရေစီစနစ် ရှေးရှု၍ အသေးစိတ်လေ့လာ ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒကို တပ်မတော်နှင့်တကွ ပါတီအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လိုအပ်၍ အများသဘောတူပါက အသစ်ရေးဆွဲသင့်က ရေးဆွဲသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

## ပြည်သူလူထုကို အကျိုးမပြုသော အခြေခံမှုများကို ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်

**အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်** က လက်ရှိ မိမိတို့နိုင်ငံတွင် ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်အခက်အခဲ အကျပ်အတည်းများသည် ပြင်ပ ပယောဂ ပါဝင်သကဲ့သို့ မိမိတို့နိုင်ငံ၏ အတွင်းရေး ပြဿနာများလည်း ပါဝင်နေပါကြောင်း၊ ခေတ်စနစ်များ တဖြည်းဖြည်း တိုးတက်လာရာ လူ့တန်ဖိုးနှင့် အများအကျိုးစီးပွားကို ရှေးရှုရမည့် မူဝါဒကို ရောက်ရှိလာသည့်အတွက် ခေတ်စနစ်နှင့် မကိုက်ညီ၍ ပြည်သူလူထုကို အကျိုးမပြုသော အခြေခံမှုများကို ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှေ့ဆက်ဖော်ဆောင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြည်ထောင်စုစနစ်အတွက် အထောက်အကူဖြစ်စေမည့် ဖွဲ့စည်းပုံပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့စည်း၍ နိုင်ငံသားများ၏ အကျိုးစီးပွားကို ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းဆွေးနွေးသည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

**ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း** က ယနေ့ကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီစုံမှ အရောင်အသွေးစုံ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွညီညွတ်စွာ လက်တွဲဖော်ဆောင်နိုင်မည့် ကော်မတီတစ်ရပ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခွင့်ရတော့မည်ဖြစ်သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုထောက်ခံရမည့်အဆို ဖြစ်ပါကြောင်း၊ ထို့အတူ အဆိုရှင်ကလည်း ရှင်းလင်းပြတ်သားစွာ ရေးသားထားသကဲ့သို့ တိကျပြတ်သားစွာ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း၊ စကားလုံးတစ်လုံးစီအပေါ်တွင် ဝိဝါဒ ကွဲပြားမှု မဖြစ်နိုင်ဟု ယုံကြည်မိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့်စကားအတိုင်း ဒီမိုကရေစီအစ လွှတ်တော်က ၊ လွှတ်တော်အစ ပြည်သူက ဆိုသည့်အတိုင်း အာဏာတို့၏ မူလပိုင်ရှင် ပြည်သူများအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကြီး၏ အစိတ်အပိုင်းဖြစ်သည့် ကနဦးအစပျိုး ခြေလှမ်းဖြစ်သောကြောင့် ပြည်သူနှင့် နိုင်ငံ့အကျိုးရည်မျှော်တွေး၍ အားလုံးညီညွတ်စွာ စုပေါင်းအားဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

## ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာသုံးသပ်ခဲ့သည်မှာ အကြိမ်ကြိမ်ရှိပြီးဖြစ်

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါက်တာမြတ်ညာဏစိုး** က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ခဲ့သည်မှာ အကြိမ်ကြိမ်ရှိပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ အဖွဲ့အစည်းအသီးသီးကလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြင်ဆင်ရန် လိုအပ်သည်ကို ခြွင်းချက်မရှိ လက်ခံရမည်ပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စစ်မှန်သည့် ဆန္ဒပင်ဖြစ်ပါကြောင်း၊ အငြင်းပွားနေသည်မှာ ပူးပေါင်းကော်မတီဖွဲ့စည်းခြင်း၏ အခေါ်အဝေါ်ဖြစ်ပါကြောင်း၊ အဆိုရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၏ အခန်း(၁၂) ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅ တို့နှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ပြင်ဆင်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ ပါတီတစ်စုတစ်ဖွဲ့တည်းက မောင်ပိုင်စီး၍ ဆောင်ရွက်ရန် လုံးဝမသင့်လျော်ပါကြောင်း၊ အားလုံးပါဝင်နိုင်ရမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်ရေးဆိုသည်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုသည့် အခန်း(၁၂)ကိုသာ အားလုံးက မြင်နေကြပါကြောင်း၊ အဆိုပါ ပုဒ်မများတွင် ပြင်ဆင်ရေးပူးပေါင်းကော်မတီဖွဲ့စည်းခြင်း မပြုရဟူ၍ ကန့်သတ်မထားပါကြောင်း၊ ပြင်ဆင်ရေးဆိုသည့် စကားရပ်တစ်ခုအပေါ်တွင် အနက်ကောက်ရန် မသင့်ပါကြောင်း။

## အားလုံးအချိုးကျကျ ပူးပေါင်းကော်မတီတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရန်လိုအပ်

ပူးပေါင်းကော်မတီတွင် မည်သူများ ပါဝင်သင့်သည်၊ ပါဝင်သည့် လုပ်ပိုင်ခွင့်များသည် မည်သည့်အရာများ ဖြစ်သင့်သည်၊ သက်တမ်းကို မည်သို့သတ်မှတ်ရမည်ဆိုသည်ကို မိမိတို့ ပြည်ထောင်စုလွှတ်တော်ကပင် သတ်မှတ်ပေးရမည် ဖြစ်ပါကြောင်း၊ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ အပါအဝင်၊ ပါတီကြီး၊ ပါတီသေးခွဲခြားရန် မလိုပါကြောင်း၊ အားလုံးအချိုးကျကျ ပူးပေါင်းကော်မတီတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရန် လိုအပ်ပါကြောင်း၊ ပြင်ဆင်ရေးလုပ်ငန်းစဉ်များအတွက် အဓိကဖြစ်သည့် ပြင်ဆင်ရေးမူကြမ်းတစ်ရပ် ပေါ်ပေါက်လာရန် လွှတ်တော်ကိုယ်စားလှယ်အားလုံး ညှိနှိုင်းတိုင်ပင်၍ ဝိုင်းဝန်းဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းကော်မတီတစ်ရပ်သည် မဖြစ်မနေ လိုအပ်နေပြီဖြစ်ပါကြောင်း။

## ပြည်သူများ၏ ပြင်းပြသည့် စိတ်ဆန္ဒကို ကိုယ်စားလှယ်များက အကောင်အထည်ဖော်ပေးရန် တာဝန်ကျရောက်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်၊ တိုင်းရင်းသားများ၏ လိုလားချက်နှင့်ကိုက်ညီရန်၊ ၂၁ ရာစု ပင်လုံညီလာခံတွင် ဆောင်ရွက်နေသည့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေသည်များနှင့် ထပ်တူကျရန် လိုအပ်နေသည့် အချိန်အခါဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ပြင်းပြသည့် စိတ်ဆန္ဒကို မိမိတို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက အကောင်အထည်ဖော်ပေးရန် တာဝန်ကျရောက်နေပြီဖြစ်ပါကြောင်း၊ ပြည်သူ့ဘက်က ပြတ်ပြတ်သားသား ရပ်တည်၍ ပါတီစုံ၊ တိုင်းရင်းသားဒေသအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အပါအဝင် မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံးက မတူညီခြင်း၊ တူညီခြင်းများကို နောက်မှ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ပြည်သူ့ဆန္ဒနှင့်အညီ လက်တွဲပူးပေါင်း၍ ဆောင်ရွက်ရမည့် သမိုင်းတွင်မည့်၊ သမိုင်းဝင်သည့် အချိန်အခါ ရောက်နေသည်ကို လေးလေးနက်နက် တိုက်တွန်းတင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအရေးကြီးအဆိုကို ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးလှဦး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၅)မှ ဦးညီစိန်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းနှင့် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးဝင်းကြိုင်



မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း



အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်



ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညာဏစိုး



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။

# ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များရိုက်နှိပ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရေး စာချုပ်ချုပ်ဆို

**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ရန် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရေးအတွက် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ရန် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၊ ပုံနှိပ်တိုက်များမှ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များက တွေ့ကြုံရနိုင်သည့် အခက်အခဲများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စုဖွဲ့ထားသည့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA)၊ အထက်မြန်မာပြည်ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MRPPA)၊ Excellent Printers Group (EPG) နှင့် နှစ်သစ်ဦးကုမ္ပဏီတို့မှ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များသည် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ ရိုက်နှိပ်ရေး စာချုပ်ချုပ်ဆိုကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပုံနှိပ်တိုက်များမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များရိုက်နှိပ်ရန် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရေးအတွက် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားမြို့ရှိ ခရစ်ယာန်ဘာသာရေးဆိုင်ရာ အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ခရစ်ယာန်ဘာသာရေးဆိုင်ရာ အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့တက်ရောက်ကြပြီး မြစ်ကြီးနားမြို့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အတွင်းရေးမှူး သိက္ခာတော်ရဆရာတော် တူးမိုင်နှင့်အဖွဲ့ဝင်များ၊ ရိုမန်ကက်သလစ်အသင်းမှ ဘုန်းတော်ကြီး ဖရန့်စစ်ဒေါ်တန်နှင့် ဘုန်းတော်ကြီးများ တက်ရောက်ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် စစ်ဘေးရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများ နေရပ်ပြန်နိုင်ရေးအတွက် အဖွဲ့အစည်းအားလုံးမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ တပ်မတော်၏ ထုတ်ပြန်ချက်ကို ဝမ်းမြောက်စွာကြိုဆိုမှုနှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများနှင့် ကချင်ပြည်နယ်အတွင်းရှိ ခရစ်ယာန်ဘာသာရေးဆိုင်ရာ အဖွဲ့ခေါင်းဆောင်များမှလည်း ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် တပ်မတော်မှ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများအား ရင်းရင်းနှီးနှီးအပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကချင်နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်အသင်းမှ ဘုန်းတော်ကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗန်းမော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးအသင်းအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်ယာန်ဘာသာရေးအဖွဲ့ခေါင်းဆောင်များနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး


ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက သုတ၊ ရသ၊ စာအုပ်စာစောင်များ ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံများတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည် အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗန်းမော်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသခံပြည်သူများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်စေရန်နှင့် ရရှိနေသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ ကုန်ချောများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်စေလိုသည့် အခြေအနေများကို အကြံပြုပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Mr. Stephan Pierre Sakalian အား ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာတွင် တပ်မတော်နှင့် ICRC တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းများ၊ မိုင်း ရှင်းလင်းရေးလုပ်ငန်းများ၊ ဆွေးနွေးပွဲနှင့် သင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ထူးခြားသည့်ညအပူချိန်များမှာ သီပေါမြို့နှင့် ဟားခါးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင်းရှိ ကျေးရွာများနှင့် IDP စခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ပေါက်တော ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင်းရှိ ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများ (IDP Camps)သို့ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပေါက်တောမြို့နယ် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင် ဦးဆောင်၍ ဆရာဝန်/သူနာပြု စုစုပေါင်း ၄၀ ဖြင့် ယနေ့တွင် ပထမနေ့အဖြစ် စတင်ဆောင်ရွက်ပေးသည်။ ပထမဆုံးနေ့တွင် ပေါက်တောမြို့နယ်အတွင်းရှိ ငှက်ချောင်းနှင့် ကြိမ်နီပြင်စခန်းများမှ သုံးနှစ်အောက်ကလေးလူနာ ၁၇၄ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၅၁ ဦးတို့အား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး အထွေထွေလူနာ ၄၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ငှက်ဖျားလူနာ ၁၁ ဦးအား သွေးဖောက်စစ်ဆေးခြင်း၊ လူနာ ၁၂ ဦးအားတီဘီရောဂါ ရှိ၊ မရှိသလိပ် စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ပေးခြင်း၊ သွားကျန်းမာရေးတွင် လူနာ ၁၁ ဦးအား စစ်ဆေးကုသပေးခြင်း၊ ကလေးငယ် ၇၉ ဦးအား လက်မောင်းလုံးပတ် တိုင်းတာပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင် ၄၃ ဦးအား ကိုယ်ဝန်ဆောင်စောင့်ကြပ်စစ်ဆေးပေးခြင်း၊ HIV ပိုးရှိ၊ မရှိ PMCT နှင့် VDRL သွေးဖောက်စစ်ဆေးပေးခြင်းနှင့် ပြည်သူ ၁၉၇ ဦးအား ကျန်းမာရေးအသိပညာပေးခြင်း စသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပေါင်းစည်း ဆောင်ရွက်ကြသည်။

ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်းရှိကျေးရွာများနှင့် IDP စခန်းများအား ပေါင်းစည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၇ ရက်အထိ ပထမကြိမ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး မတ်နှင့် မေလတို့တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလုပ်ဆောင်ပေးရန် လျာထားကြောင်းနှင့် ပထမဆုံးနေ့တွင် ပေါက်တောမြို့နယ်အတွင်းရှိငှက်ချောင်းနှင့် ကြိမ်နီပြင်စခန်းများမှ ပြည်သူ ၆၀၀ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**



ပြည်နယ် ပြည်သူ့ကျန်းမာရေးအဖွဲ့ IDP စခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှု ပေးစဉ်။ ဓာတ်ပုံ- မင်းထက်

# သီလဝါအထူးစီးပွားရေးဇုန်တွင် စီမံကိန်းများကို စနစ်တကျဆောင်ရွက်နေသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သီလဝါအထူးစီးပွားရေးဇုန်ဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လည်းကောင်း၊ Myanmar Japan Thilawa Development Limited (MJTD) မှ ဦးဆောင်အရာရှိချုပ် Mr. Tomoyasu Shimizu နှင့် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က Myanmar Japan Thilawa Development Limited (MJTD) မှ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ခဲ့မှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပိုမိုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ One Stop Service Center (OSSC) သည် အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် စီမံကိန်းများကိုစနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရသဖြင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်စေရန် Single Window စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲနေကြောင်း၊ ယခုအချိန်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အချိန်အခါကောင်းဖြစ်ပါကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များ သီလဝါအထူးစီးပွားရေးဇုန်ရှိ One Stop Service Center တွင် လှည့်လည်ကြည့်ရှုစဉ်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ One Stop Service Center သို့သွားရောက်လေ့လာခဲ့ပြီး ဝန်ထမ်းများအား သီလဝါအထူးစီးပွားရေးဇုန်အား ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းများကပါ အားကျရသည့် နမူနာကောင်းတစ်ခုအဖြစ် သတ်မှတ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ တာဝန်များကို ကျေပွန်စွာနှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် Foster Electric (Thilawa) စက်ရုံအား သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်းနှင့် Speaker, Headphone, audio electronic နှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံပြီး မြန်မာနိုင်ငံမှ ဖက်စပ်ပါဝင်သည့် Yangon Can Manufacturing စက်ရုံသို့သွားရောက်ရာ စက်ရုံတာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်းနှင့် ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

---

❑ **ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ရန်နှင့် ပြုပြင်ပြောင်းလဲရမည်ကို သိထားပြီးဖြစ်သည့်အတွက် အပြောင်းအလဲများကိုရှေးရှုပြီး ပြုပြင်သင့်သည်များကို ရဲရဲတင်းတင်း ပြုပြင်ကြပါ၊ တစ်ဦးချင်း ခံယူချက်မှာ ပြုပြင်ပြောင်းလဲရန် အဆင်သင့်မဖြစ်သေးပါက လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေ မဟုတ်သည့်အပြင် စိတ်ဖိစီးမှုများကို ဖြစ်ပေါ်နိုင်**

❑ **မည်သည့်ကဏ္ဍတွင်မဆို ပြုပြင်ပြောင်းလဲမှုသည် တစ်ဦးချင်း၏ စိတ်ဓာတ်၊ ယုံကြည်မှု၊ ခံယူချက်များမှ စတင်သည်ဖြစ်၍ ပြုပြင်ပြောင်းလဲလိုစိတ်ကို ခိုင်ခိုင်မာမာမွေးမြူကြရန် အလေးအနက် တိုက်တွန်း ပြောကြားလို**

◆ *ကျောဖုံးမှ*

### နိုင်ငံရေးစနစ် အသက်ဝင်အောင် ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အမှာစကားပြောကြားရာတွင် အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးယန္တရားသည် နိုင်ငံတော်၏ အဓိကကျောရိုးမကြီးဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေ တည်ဆောက်ကြခြင်းဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသည့် နိုင်ငံရေးစနစ် အသက်ဝင်အောင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ရမည့်အပြင် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ဒီမိုကရေစီဖက်ဒရယ်စနစ်အတွက် အဆင်သင့်ဖြစ်အောင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကိုလည်း အစီအစဉ်တကျ ဆောင်ရွက်သွားနိုင်ရန် အရေးကြီးကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တာဝန်ထမ်းဆောင်ကြရသည့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ဒေသခံတိုင်းရင်းသားများနှင့် နီးနီးကပ်ကပ်လုပ်ကိုင်ဆောင်ရွက်နေကြရသည့်အတွက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးသည် မိမိတို့နိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မည်မျှအထိအရေးပါသည်ကို သိရှိထားရန် လိုအပ်ပါကြောင်း။

### ပထမသုံးလ ရည်မှန်းဆောင်ရွက်လျက်ရှိ

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)၏ သဘောတူညီချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြောင်းရွှေ့ပြီးနောက် ပထမဆုံးအနေဖြင့် အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်ဖြစ်ရန် Stability ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့မှတစ်ဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု Administrative Reform ကို စဉ်တိုက်ဆက်တိုက် ဆောင်ရွက်သွားရန် စီစဉ်နေပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရွှေ့အပြောင်းကြောင့် မလိုလားအပ်သော အခက်အခဲများ မဖြစ်ပေါ်အောင် အုပ်ချုပ်ရေးယန္တရားတည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမသုံးလကို ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် နောက်လာမည့် သုံးလတာအတွင်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်အောင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံနှင့် ပြုပြင်ပြောင်းလဲလိုစိတ်ကို အခြေခံပြီးပညာရှင်များ၏ ဆန်းစစ်လေ့လာ သုံးသပ်မှုများနှင့်ဆက်စပ်ကာ လက်တွေ့ကျကျ ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်

ယခုဖေဖော်ဝါရီလထဲတွင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်၌ ကျင်းပပြုလုပ်သွားရန် စီစဉ်နေပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများ၊ သင်ခန်းစာများကိုအခြေခံပြီး အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော အခြေအနေများတွင် မည်သည်တို့ကို ပြုပြင်ပြောင်းလဲကြမည်ကို ကိုယ်တိုင်ကိုယ်ကျ စဉ်းစားသုံးသပ်၊ အချင်းချင်း အပြန်အလှန်ဆွေးနွေးကြပြီး အပြောင်းအလဲများ ဖော်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များကို ချမှတ်သွားရန် စီစဉ်ထားပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲမှုကို လူထုနှင့် အနီးစပ်ဆုံးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများမှ အဓိကဆောင်ရွက်မည့် ချဉ်းကပ်မှုမျိုးနှင့် လုပ်ငန်းစဉ်များကို စတင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ရည်ရွယ်ချက်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စတင်ပြီး စဉ်းစားသုံးသပ်သည့် အချိန်မှစ၍ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ ပြုပြင်လိုသော၊ ပြောင်းလဲလိုသော အတွေးအခေါ်၊ အယူအဆများ ပါဝင်နေရန် ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ယုံယုံကြည်ကြည် လေးလေးနက်နက် ပါဝင်မှုလည်း မိမိတို့မျှော်မှန်းသည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ထားပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းပြောင်း ခိုင်မာသောအဖွဲ့အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယခုအချိန်သည် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြု ဆောင်ရွက်ပေးနိုင်ရန် ပြည်သူများကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ် ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည့်အတွက် အလေးအနက်မှာကြားလိုသည့်အဓိကအချက် သုံးချက်ရှိပါကြောင်း။

### လူထုအတွက် အမြဲအသင့်ရှိနေအောင် ကြိုးစား

နံပါတ်(၁)မှာ ပြည်သူများပါဝင်မှုကို မြှင့်တင်ပေးသော အထွေထွေအုပ်ချုပ်ရေး ဖြစ်ပေါ်လာအောင် လူထုနှင့်တွေ့ဆုံတိုင်ပင်ပါ၊ လူထုဆီက အကြံဉာဏ်ယူပါ၊ လူထုအတွက် အမြဲအသင့်ရှိနေအောင် ကြိုးစားပါ၊ ပြည်သူလူထုပါဝင်မှု မြင့်မားမည်ဆိုပါက မိမိတို့၏ ပြုပြင်ပြောင်းလဲမှုများ မုချအောင်မြင်မည်ဖြစ်ကြောင်း၊ ပြည်သူများနှင့်တစ်သားတည်း ရပ်တည်ဆောင်ရွက်တတ်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ကြိုးပမ်းပေးကြပါ၊ ပြည်သူများနှင့် နီးနီးနေပါ၊ ဝေးဝေးမနေပါနှင့်ဟု မှာကြားလိုပါကြောင်း။

### ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဂရုတစိုက်ဆောင်ရွက်ပေး

နံပါတ်(၂)မှာ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရား ကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင်တည်ဆောက်ပေးကြပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ကာ လူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဂရုတစိုက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လာဘ်ပေးလာဘ်ယူ ကင်းစင်ပြီး သန့်ရှင်းသော အထွေထွေအုပ်ချုပ်ရေးယန္တရားဖြစ်အောင် ဦးတည်ကြိုးပမ်းရာတွင် မိမိတို့အနေဖြင့် အဂတိလိုက်စားမှုများကို ပြင်းပြင်းထန်ထန် အရေးယူသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အဂတိတရားကင်းစင်အောင် မိမိကိုယ်ကိုယ် တန်ဖိုးထားပါ၊ မိမိ၏စာရိတ္တကို တန်ဖိုးထားပါဟု မှာကြားလိုပါကြောင်း။

### ပြုပြင်ပြောင်းလဲလိုစိတ်ကို ခိုင်ခိုင်မာမာမွေးမြူ

နံပါတ်(၃)မှာ ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ရန်နှင့် ပြုပြင်ပြောင်းလဲရမည်ကို သိထားပြီးဖြစ်သည့်အတွက် အပြောင်းအလဲများကိုရှေးရှုပြီး ပြုပြင်သင့်သည်များကို ရဲရဲတင်းတင်း ပြုပြင်ကြပါ၊ တစ်ဦးချင်းခံယူချက်မှာ ပြုပြင်ပြောင်းလဲရန် အဆင်သင့်မဖြစ်သေးပါက လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမဟုတ်သည့်အပြင် စိတ်ဖိစီးမှုများကို ဖြစ်ပေါ်နိုင်ပါကြောင်း၊ မည်သည့်ကဏ္ဍတွင်မဆို ပြုပြင်ပြောင်းလဲမှုသည် တစ်ဦးချင်း၏ စိတ်ဓာတ်၊ ယုံကြည်မှု၊ ခံယူချက်များမှ စတင်သည်ဖြစ်၍ ပြုပြင်ပြောင်းလဲလိုစိတ်ကို ခိုင်ခိုင်မာမာမွေးမြူကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် စိတ်ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ကြပြီး **"ပြုပြင်ပြောင်းလဲမှု စံနမူနာပြုထွေအုပ်က"** ဟု ဆိုနိုင်သည်အထိ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ပေးကြရန် တိုက်တွန်းပြောကြားပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန် မှာကြားသည်။ **သတင်းစဉ်**

# Shaw Brothers Pictures International Ltd က ရန်ကုန်မြို့တွင် ရုပ်ရှင်ဇာတ်ကား လာရောက်ရိုက်ကူးမည်

**နေပြည်တော်  ဖေဖော်ဝါရီ ၅**

Shaw Brothers Pictures International Ltd က ၎င်းတို့၏ အထူးအောင်မြင်သော Line Walker ရုပ်ရှင်ဇာတ်ကား၏ အဆက်ဖြစ်သည့် 'Line Walker - 2' အတွက် အဓိကဇာတ်ဝင်ခန်းအချို့ကို မကြာမီ ရန်ကုန်မြို့တွင် လာရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**အဖွင့်အမှာစကားပြောကြား**

အဆိုပါ ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ **(ဃာပုံ)**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

**နိုင်ငံ၏ပုံရိပ်ကို ပိုမိုမြှင့်တင်ပေးနိုင်**

ပြည်ထောင်စုဝန်ကြီးက ဟောင်ကောင်၏ အကျော်ကြားဆုံးကုမ္ပဏီဖြစ်သည့် Shaw Brothers Pictures International Ltd အနေဖြင့် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကားရိုက်ကူးခြင်းဖြစ်ရာ နိုင်ငံ၏ပုံရိပ်ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု မြင်ပါကြောင်း၊ မြန်မာပရိသတ်တို့အဖို့လည်း မြို့ပြများအတွင်း ရုပ်ရှင်ရိုက်ကူးပုံများကို လက်တွေ့ရှုမြင်ရမည်ဖြစ်သည့်အတွက် စိတ်ဝင်စားကြ၊ နှစ်သက်ကြလိမ့်မည်ဟု မြင်ပါကြောင်း၊ တစ်ဖက်တွင် အများပြည်သူအတွက် အနှောင့်အယှက်၊ အခက်အခဲများ မဖြစ်ပေါ်ရန် ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ လူမျိုးရေး၊ ဘာသာရေးအရ ထိခိုက်ငြိစွန်းမှုများမရှိအောင်လည်း အထူးသတိပြုရန် လိုအပ်ပါကြောင်း၊ ရိုက်ကူးရေးအဖွဲ့များ ဝင်/ထွက်လုပ်ဆောင်မှု၊ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ရိုက်ကူးရေးသုံးပစ္စည်းများ ထုတ်/သွင်းပြုလုပ်မှုများကို စနစ်တကျပြုလုပ်ပေးရန်နှင့် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က 'Line Walker -2 'ဇာတ်ကားရိုက်ကူးရာတွင် ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး Yangon Synthesis Productions ကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးမင်းစိုးသီဟနှင့် Shaw Brothers Pictures International Ltd မှ တာဝန်ရှိသူများက ရိုက်ကူးရေးအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဂျပန်-မြန်မာ နှစ်နိုင်ငံအစိုးရများအကြား အလုပ်သမားစေလွှတ်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်မည့်အခြေအနေဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော်  ဖေဖော်ဝါရီ ၅**

ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ အထူးကျွမ်းကျင် အလုပ်သမားများ စေလွှတ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံတွင် **နိုင်ငံခြားသားအလုပ်သမားဥပဒေ** ပြင်ဆင်ရေးဆွဲ အတည်ပြုပြီး မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယား စသည့် အာရှနိုင်ငံများမှ အထူးကျွမ်းကျင်လုပ်သားများ ခေါ်ယူမည့်အခြေအနေကို ဂျပန်ဝန်ကြီးချုပ် ဦးဆောင်၍ အာရှနိုင်ငံများမှ သံအမတ်ကြီးများနှင့် အစည်းအဝေးကျင်းပခဲ့မှု၊ အထူးကျွမ်းကျင် အလုပ်သမားများခေါ်ယူရာတွင် ယခင်နည်းပညာသင်တန်း အလုပ်သမားများကဲ့သို့ ဂျပန်နိုင်ငံတွင် ပညာသင်ပြီး အလုပ်လုပ်ဆောင်ရွက်ရန်မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံတွင် နည်းပညာဆန်းစစ်ခြင်း စာမေးပွဲနှင့် ဂျပန်ဘာသာ စကားပြောစာမေးပွဲများ ပြုလုပ်ပြီး ဖြေဆိုအောင်မြင်သူများအား အလုပ်ခန့်မည့်ကုမ္ပဏီများမှ တိုက်ရိုက်လာရောက်ရွေးချယ်သည့်စနစ်ဖြင့် ရွေးချယ်မည့်အခြေအနေ၊ ရွေးချယ်ခန့်ထားမည့်အလုပ်သမားများအနေဖြင့် ဂျပန်နိုင်ငံရှိ အလုပ်သမားများနည်းတူ တန်းတူအခွင့်အရေးနှင့် လုပ်ခလစာရရှိမည့် အခြေအနေ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံအစိုးရများအကြား အလုပ်သမားစေလွှတ်ရေး နားလည်မှုစာချွန်လွှာ(MOC)ကို လာမည့် မတ်လကုန်တွင် ရေးထိုးနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံ ဝန်ကြီးအဆင့်(MOC) လက်မှတ်ရေးထိုးခြင်းမပြုမီ နှစ်နိုင်ငံညွှန်ကြားရေးမှူးချုပ်အဆင့်(MOC) လက်မှတ်ရေးထိုးနိုင်ရေး၊ ဟိုတယ်လုပ်ငန်းများတွင် မြန်မာလုပ်သားများအား ဂျပန်နိုင်ငံလုပ်ငန်းရှင်များမှ မြန်မာနိုင်ငံတွင် လာရောက်၍ သုံးလ သင်တန်းကြိုတင်ပေးပြီး အလုပ်သမားခေါ်ယူရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# စွန့်ပစ်ပစ္စည်းပြန်အသုံးပြုသည့်လုပ်ငန်းတစ်ခုကို နော်ဝေမှ ဒေါ်လာတစ်သိန်းခွဲ ရင်းနှီးမြှုပ်နှံ

နေပြည်တော်  ဖေဖော်ဝါရီ ၅

**ပြည်တွင်းလုပ်ငန်းတစ်ခုဖြစ်သည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းသည့်လုပ်ငန်းများလုပ်ကိုင်သည့် RecyGlo ကို တိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုများ ထပ်မံတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် နော်ဝေနိုင်ငံအခြေစိုက် Katapult Ocean Accelerator အစီအစဉ်မှ ဒေါ်လာ တစ်သိန်းခွဲကို ရင်းနှီးမြှုပ်နှံပေးခဲ့ကြောင်း ဖန်တီးရာမြန်မာမှ သိရသည်။**

**စတင်တည်ထောင်**

RecyGlo ကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုပြီး သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုစေမည့် ဝန်ဆောင်မှုများကို ပြုလုပ်နေသော လုပ်ငန်းဖြစ်သည်။ RecyGlo သည် ရန်ကုန်မြို့ရှိ လုပ်ငန်းအဖွဲ့အစည်းများထံမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်နိုင်ရန် စီစဉ်ပေးပြီး ထိုစွန့်ပစ်ပစ္စည်းများထဲမှ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို စက်ရုံများနှင့် စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုနိုင်ရန် လုပ်ဆောင်နေသောနေရာများသို့ ပို့ဆောင်ပေးသော ဝန်ဆောင်မှုကို ပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။

RecyGlo ၏ CEO နှင့် Founder မရွှေယမင်းဦးက "လက်ရှိမှာ မြန်မာနိုင်ငံရဲ့ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍမှာ လိုအပ်ချက်တွေရှိနေပြီး ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်မတို့ရဲ့ အကြီးမားဆုံးစိုးရိမ်မှုက စွန့်ပစ်ပစ္စည်းတွေကို သေသေချာချာ စီမံခန့်ခွဲမှုမရှိတဲ့အတွက် အမှိုက်တွေက မြစ်တွေနဲ့ ပင်လယ်တွေထဲ ဝင်ရောက်သွားပြီး ဆိုးရွားတဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးတာတွေ ဖြစ်ပေါ်လာမှာကိုပါ။ စွန့်ပစ်ပစ္စည်းတွေကို ထိန်းသိမ်းတဲ့နေရာမှာ လွယ်ကူဖို့၊ စရိတ်သက်သာဖို့၊ စနစ်ကျဖို့နဲ့ ပတ်ဝန်းကျင်ကို ဆိုးကျိုးမဖြစ်အောင် ဂရုစိုက်ပြီး ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု အနာဂတ် ရည်မှန်းချက်ကို ပြောပြသည်။

"အခုလိုမျိုး ရင်းနှီးမြှုပ်နှံမှုကို စကင်ဒီနေးဗီးယားဒေသကနေ ရယူဖို့ ဆုံးဖြတ်လိုက်ခြင်းက မြန်မာနိုင်ငံကို နည်းပညာတွေ ရွှေ့ပြောင်းလာဖို့နဲ့ နောက်ပိုင်းမှာလည်း ပိုမိုများပြားတဲ့ ရင်းနှီးမှုတွေရရှိနိုင်ဖို့ တံခါးဖွင့်ပေးလိုက်သလိုဖြစ်စေမယ်လို့ ယုံကြည်တဲ့အတွက်ပါ။ အခုရရှိခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ RecyGlo ရဲ့ဝန်ဆောင်မှုတွေကို မြန်မာနိုင်ငံအနှံ့ ချဲ့ထွင်သွားမှာ ဖြစ်ပါတယ်" ဟု RecyGlo ၏ CMO နှင့် Co-Founder ကိုဥက္ကာဖြိုးမောင်က ဆိုသည်။

**လေ့လာအကဲဖြတ်**

နော်ဝေနိုင်ငံ အခြေစိုက် Katapult Ocean သည် အကျိုးသက်ရောက်မှုနှင့် နည်းပညာကို အသားပေးသော Startup Accelerator တစ်ခုဖြစ်ပြီး ပင်လယ်များကို ကောင်းကျိုးသက်ရောက်မှုရှိစေမည့် အလားအလာရှိသော လုပ်ငန်းများကို ကူညီထောက်ပံ့ပေးကြောင်း သိရသည်။ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကို ပေးအပ်ရန် Startup ပေါင်း ၅၀၀ ကျော်ကို လေ့လာအကဲဖြတ်ပြီးမှ RecyGlo နှင့် နောက်ထပ် Startup ၁၀ ခု တို့ကို ရွေးချယ်ခြင်းဖြစ်သည်။

"RecyGlo က ပင်လယ်တွေထဲကနေ အမှိုက်တွေ အညစ်အကြေးတွေကို တိုက်ထုတ်နေသူတွေ ဖြစ်ပါတယ်။ သူတို့က ပင်လယ်ထဲကို အညစ်အကြေးတွေက ကုန်းတွင်းပိုင်းကနေပဲ ဝင်ရောက်လာတယ်ဆိုတာ သိရှိသူတွေဖြစ်ကြပြီး သူတို့ရဲ့လုပ်ငန်းကလည်း အရေးကြီးသလို ချဲ့ထွင်ရတာလည်း လွယ်ကူပါတယ်" ဟု Katapult Ocean ၏ CEO နှင့် Co-Founder Maren Hjorth Bauer ကလည်း ပြောကြားကြောင်း ဖန်တီးရာမှ သိရှိရသည်။

**သုံးစွဲလျက်ရှိ**

RecyGlo သည် ၂၀၁၇ ခုနှစ်အတွင်း ဖန်တီးရာ Accelerator အမှတ်စဉ် ၂ (၂၀၁၇-၂၀၁၈) မှ ထွက်ပေါ်လာခြင်းဖြစ်ပြီး UNODC ၊ World Bank ၊ IFC ၊ Uniteam Marine Building ၊ Impact hub ၊ H & M၊ Parkside one building နှင့် ပြည်တွင်းရှိ လုပ်ငန်းပေါင်းများစွာအပါအဝင် လုပ်ငန်းပေါင်း ၄၀၀ ကျော်ကို ဝန်ဆောင်မှုပေးနေပြီး ယခုအချိန်အတွင် လူပေါင်း ၁၂၀၀၀၀ ကျော်က Recly Glo ၏ B2B စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဝန်ဆောင်မှုကို သုံးစွဲလျက်ရှိသည်။

**မေဦးမိုး**

**ဓာတ်ပုံ-အဲလက်စ်**




စားဖိုချောင်နှင့် စတိုခန်းစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်အောင် လမ်းညွှန်ပြသပေးနေစဉ်။

# ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံသားတိုင်း လျှောက်ထားသုံးစွဲခွင့်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံသားတိုင်း လျှောက်ထားသုံးစွဲခွင့်ရှိကြောင်း၊ သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးနေလျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များဘက်ကလည်း သတ်မှတ်ထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေး ထိန်းကျောင်းကြပ်မတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စီမံခန့်ခွဲရေးကော်မတီများမှ တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းကိစ္စရပ်များအား ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် စည်းကမ်းချက်သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ်ထုတ်ပေးနိုင်ရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် လုပ်ငန်းစာတွဲများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ပြန်လည်အပ်နှံခွင့်၊ ပြန်လည်လျှောက်ထားခွင့်ပြုရန်၊ လယ်ယာမြေသစ်ဖော်ထုတ်ရန်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းများနှင့် လျှောက်ထားမှုများအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးကြသည်။

ယနေ့အထိ စည်းကမ်းညီညွတ်မှုမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧက ၁၄ သိန်းကျော်ကို လုပ်ပိုင်ခွင့် ပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ နည်းပညာသင်တန်း ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၅

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ နည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။**



**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် နည်းပညာသင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**

အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

**အလွန်အရေးကြီး**

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြည်ထောင်စုဝန်ကြီးဌာနအချို့တွင် ယခုဖွဲ့စည်းမည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) များ၏ လုပ်ငန်းတာဝန်သည် ဌာနဆိုင်ရာဝန်ထမ်းများ၏ ဂုဏ်သိက္ခာနှင့် လူထု၏ယုံကြည်မှုတို့ကို ပြန်လည်မြင့်မားလာအောင် ဆယ်တင်ပေးနိုင်သည်ဖြစ်၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့၏ ဂုဏ်သိက္ခာ၊ လူထု၏ယုံကြည်မှုနှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ဦးစားပေးကြမည်ဆိုလျှင် မိမိတို့ကိုယ်တိုင် မည်သည့်နည်းနှင့်မျှ အဂတိလိုက်စားမှု မဖြစ်နိုင်ပါကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဋ) နှင့်အညီဖြစ်သည့်အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက်၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်မှာ ဝန်ထမ်းများအား **အဂတိလိုက်စားသောပြစ်မှု ကျူးလွန်ပြီးမှ အရေးယူရခြင်းသည် ကျူးလွန်ခဲ့သူများ၌ ကြီးမားသောထိခိုက်နစ်နာဆုံးရှုံးမှုများကို ဖြစ်စေနိုင်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း တာဝန်ယူမှု အားနည်းချက်ရှိခြင်း၊ တစ်နည်းအားဖြင့် တာဝန်မကင်းဟု မှတ်ယူနိုင်ပါကြောင်း**၊ ထို့ကြောင့် အဂတိလိုက်စားသောပြစ်မှု လုံးဝ မကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊ တွေ့ရှိလာသော ပြဿနာကို သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းရန် သို့မဟုတ် အရေးယူဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ရှိ/မရှိ ဆန်းစစ် အကဲဖြတ်ချက် (Corruption Risk Assessment - CRA) ပြုလုပ်ပြီး စနစ်တကျ ပိတ်ဆို့ထိန်းချုပ်ခြင်းဖြင့် ဝန်ထမ်းများအား အနာဂတ်ကာလတွင်ပါ အဂတိလိုက်စားမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်သွားနိုင်ရန် ဖြစ်ပါကြောင်း။

**တားဆီးကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိ**

CPU စီမံချက်သည် တစ်ဖက်တွင် ဝန်ထမ်းများအတွင်း အဂတိကင်းရှင်းစေရန် ရည်ရွယ်ထားသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအကြား အောက်ခြေအဆင့်တွင်ဖြစ်ပွားနေသော အသေးစားအဂတိလိုက်စားမှု (Petty Corruption) အများအပြားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဟန်ချက်ညီညီတိုက်ဖျက်ရာတွင် ထိရောက်မှုရှိစေရန်ဖြစ်ပါကြောင်း၊ အကြီးစား အဂတိလိုက်စားမှုများ (Grand Corruption) ၏ ပင်ရင်း ဗဟိုချက်တစ်ခုဖြစ်သော နိုင်ငံတော်၏ဝယ်ယူရေးလုပ်ငန်းများ အပါအဝင်ဖြစ်သည့် တင်ဒါလုပ်ငန်းစဉ်များတွင် အဂတိလိုက်စားမှုများ မဖြစ်ပွားစေရေးအတွက် ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

**အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်**

ကော်မရှင်က အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေစဉ် ရှေ့ပြေးစီမံကိန်းအရ ပြည်ထောင်စုဝန်ကြီးဌာန ၁၄ ခုတွင် CPU အဖွဲ့များဖွဲ့စည်းပြီး သတ်မှတ်ပေးထားသော ရည်ရွယ်ချက်များအတိုင်း ထိရောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လာခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပြင်းပြသော နိုင်ငံရေးခံယူချက် တက်ညီလက်ညီ အကောင်အထည်ဖော်ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် Deputy Country Director Ms . Dawn Del Rio က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ နည်းပညာဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သင်ကြားပို့ချသွားမည်**


အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ UNDP မှ ကျွမ်းကျင်ပညာရှင်များက အဂတိလိုက်စားမှု၏သဘောတရားနှင့် ယင်း၏အကျိုးသက်ရောက်မှုများ၊ ကော်မရှင်ကျင့်ဝတ်၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်၊ ကာကွယ်ရေးစီမံချက်ရေးဆွဲခြင်း၊ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်ပုံအဆင့်ဆင့် တိုင်ကြားစာနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် သတင်းပို့ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဖြင့် ဌာနဆိုင်ရာ အရေးယူခြင်း၊ Korea's Approach to Corruption in the Public-sector ၊ Introducing the CRA Methodology ၊ Training for CPU Officials ; Step by Step approaches for Anti-Corruption ၊ Contextualizing the CRA Criteria in Myanmar ၊ Global experience of CPU ဘာသာရပ်ဆိုင်ရာများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

**သင်တန်းသား ၁၃၂ ဦး တက်ရောက်**

ယခုသင်တန်းသို့ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရန် ရှေ့ပြေးစီမံကိန်း၌ ပါဝင်ဆောင်ရွက်ကြမည့် ဝန်ကြီးဌာန ၁၄ ခုတို့မှ အဆင့်မြင့်အရာထမ်းသင်တန်းသား ၁၁၄ ဦးနှင့် ကော်မရှင်ရုံးမှ သင်တန်းသား ၁၈ ဦး စုစုပေါင်း သင်တန်းသား ၁၃၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင်မြို့ရှိ ဆံတော်ရှင် ကျိုက်ခေါက်စေတီ၌ စက်လှေကားနှင့် ဓာတ်လှေကားသစ်ဖွင့်လှစ်



**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် အသစ်တည်ဆောက်ပြီးစီးသွားသော စက်လှေကားနှင့် ဓာတ်လှေကားသစ်ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက စေတီတော်အရှေ့ဘက်မုခ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ စေတီတော်ဩဝါဒါစရိယ နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တ စန္ဒိမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး အဆင့်မြင့်စက်လှေကားကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဓာတ်လှေကားသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)၊ မြို့မိမြို့ဖ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ စိတ်အေးချမ်းသက်သာစွာ တက်ရောက်ကြည်ညိုဖူးမြော်နိုင်ရေးအတွက် အဆင့်မြင့် စက်လှေကားနှင့် ဓာတ်လှေကားအတွက် ငွေကျပ်သိန်း ၄၈၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - ပညာရေးစကားဝိုင်း "အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ"(အပိုင်း-၁)
- ၁၀း၃၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၉၅)
- ၁၀း၄၅ - ပြည်သူ့နီတိ "ကံဆိုတာအလုပ်" (ပထမပိုင်း)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃၁)

**ညပိုင်း**

- ၁၆း၅၀ - "ဆားချက်နေသော ၀၀ ခေါ်တဲ့အမေ ၀"
- ၁၈း၂၅ - "ရေနံချောင်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁၆)
  "အရိပ်အယောင်လူသတ်သမား"(ပထမပိုင်း) ထိုက်တန်လင်း၊ မေပန်းချီ၊ နေထိုက်၊ မင်းသာ King (ဒါရိုက်တာ-ဟိန်းဇော်)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း "အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာဆွေးနွေးပွဲ" (အပိုင်း-၂)
- နိုင်ငံခြားဇာတ်လမ်းတွဲ **အိမ်ကြီးသခင်** (အပိုင်း-၄၄)
- ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏ အနုသုခုမသဘင်(အလင်္ကာအလွမ်းပြေ) (သစ္စာမေတ္တာရွှေမန်းသဘင်) "မုန်းလို့ဟုတ်ဘူး"
- ဂီတသမား၊ ဂီတစကား "မြန်မာသူရဲကောင်းမင်းရဲကျော်စွာ တေးသီချင်း(၂)ပုဒ်"

# ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဒုတိယဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နေ နစ်နာသူက ၂၀၁၇-၂၀၁၈ ခုနှစ်တွင်း မင်းလှမြို့၌ တိုက်အိမ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်စည်းကြပ်ငွေ အချိန်မီ ပေးသွင်းခဲ့သော်လည်း ပေးသွင်းရန်ငွေထက် ပိုမိုတောင်းခံခြင်းနှင့် အိမ်ငှားရမ်းရာတွင်လည်း အိမ်ငှားရငွေအပေါ် အခွန်ဟုဆိုကာ ခြိမ်းခြောက်ငွေတောင်းခံနေခြင်းတို့ ပြုလုပ်နေသည့် အခွန်ဦးစီးမှူးနှင့် ဒုတိယဦးစီးမှူးတို့အား အရေးယူပေးပါရန် ဤကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး တာဝန် ဒုတိယဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင် တို့သည် မင်းလှမြို့ အမှတ်(၇)ရပ်ကွက် တောင်ဘက်မြို့သစ်(၂)လမ်း နေအိမ်နှင့်ပတ်သက်၍ အိမ်ပိုင်ရှင်ထံမှ လူကြီးများကို ဂါရဝပြုရန်နှင့် ခရီးစရိတ်အဖြစ် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ မင်းလှမြို့နယ် ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့(၅)ဖွဲ့သို့ သွားရောက်လက်မှတ်ရေးထိုးခအဖြစ် ငွေကျပ် ၂၃၀၀၀၀/- (ကျပ်နှစ်သိန်း သုံးသောင်းတိတိ) ကိုလည်းကောင်း၊ တောင်ဘက် မြို့သစ် ၁၃ လမ်း နေအိမ်နှင့်စပ်လျဉ်း၍ စည်းကြပ်ဝင်ငွေခွန်အဖြစ် ငွေကျပ် ၁၇ သိန်း တောင်းခံရယူခဲ့သော်လည်း မြန်မာ့စီးပွားရေးဘဏ်ပြေစာအရ စည်းကြပ်ဝင်ငွေခွန် စုစုပေါင်း ပေးသွင်းငွေမှာ ၁၂၃၈၈၀၀/- (ကျပ်တစ်ဆယ့်နှစ်သိန်းသုံးသောင်းရှစ်ထောင့် ရှစ်ရာတိတိ) ဖြစ်သဖြင့် ကျန်သည့် ပိုငွေ ၄၆၁၂၀၀/- (ကျပ်လေးသိန်းခြောက်သောင်းတစ်ထောင့်နှစ်ရာတိတိ) ကို လည်းကောင်း လက်ခံရယူခဲ့ခြင်းသည် ၎င်းတို့၏ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဒုတိယဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် မင်းလှမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ လက်နက် ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း တရားမဝင် မှောင်ခိုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်း သတင်းအရ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၁ ရက် ည ၇နာရီခန့်က ထင်ရှူးမြိုင်ကျေးရွာအနီး၌ မော်တော်ယာဉ်များကို စစ်ဆေးစဉ် လွိုင်ယဲကျေးရွာဘက်မှ ခွန်ရွှေအေး မောင်းနှင်လာသော ပါဂျဲရိုးယာဉ် အမျိုးအစား ယာဉ်အမှတ်၊ 7I/------ ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရုတ်နိုင်ငံလုပ် စက်သေနတ်တစ်လက်၊ ကျည်အိမ်အပိုင်း တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ခွန်ရွှေအေးကို စစ်ဆေး ဖော်ထုတ်ချက်အရ အမှတ်(၂)ကျေးရွာ နမ့်စန်မြို့နေ စိုင်းဘမောင်၏နေအိမ်မှ ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းအိမ်တွင် လက်နက်၊ ခဲယမ်းများ ကျန်ရှိနေကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က စိုင်းဘမောင်၏နေအိမ်ကို သွားရောက်ရှာဖွေရာ စိုင်းဘမောင်အား မတွေ့ရှိရဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်နန်းလှနှင့်အတူ နေအိမ်အိပ်ခန်းအတွင်းမှ စက်သေနတ်နှစ်လက်၊ လက်နက်ငယ်မျိုးစုံ ၂၃ လက်၊ ကျည်အိမ်မျိုးစုံ ၁၈၈ ခု၊ ကျည်မျိုးစုံ ၆၁၄၂ တောင့်၊ ၄၀ မမ ဗုံးသီး ၃၄ လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါလက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူများ၊ မော်တော်ယာဉ်နှင့် လက်နက်၊ ခဲယမ်းများကို နမ့်စန်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံ သွားမည်ဖြစ်ကြောင်းနှင့် ယင်းလက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်သူ စိုင်းဘမောင်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ခွန်ရွှေအေးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

# ဖားကန့်မြို့နယ်၌ စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး ဒဏ်ရာရ

**ဖားကန့် ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီး၌ ဖေဖော်ဝါရီ ၄ ရက် ညပိုင်းက စွန့်ပစ်ထားသည့် မြေစာပုံပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၄ ရက် ည ၉ နာရီခန့်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီးရှိ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီဖြစ်သည့် ဂျိတ်ပါဝါ၊ ဆဲဗင်းစတား၊ ဝင်းပိုင်ကျော် ကုမ္ပဏီသုံးခုမှ စွန့်ပစ်ထားသည့် အလျား ပေ ၂၀၀၊ အနံ ၁၅ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ မြေစာပုံပြိုပြီး ကွဲအက်ကာ ပြတ်ကျခဲ့ရာမှ ရေမဆေးကျောက်ရှာဖွေသူ ၇၅ ဦးခန့်အနက် လုံးခင်းကျေးရွာအုပ်စု မလောင်ကျေးရွာနေ ဇော်မင်းထွန်း(၃၅ နှစ်)နှင့် မော်စီစာကျေးရွာနေ သန်းဇော်(၂၈ နှစ်)တို့နှစ်ဦးမှာ မြေစာများနှင့်အတူ အနက်ပေ ၅၀၊ အကျယ်တစ်မိုင်ပတ်လည်ခန့်ရှိ ရေအိုင်အတွင်းသို့ ပြုတ်ကျ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ဒဏ်ရာရရှိသူနှစ်ဦးအား မော်စီစာ လူမှုကူညီရေးယာဉ်ဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကာ အခြားရေမဆေးကျောက် ရှာဖွေသူများ ပျောက်ဆုံးခြင်း ရှိ၊ မရှိကို တာဝန်ရှိသူများက စိစစ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကော့သောင်းမြို့နယ်၌ ယမ်းထောင်းတူမီးသေနတ် ထိမှန်သေဆုံး

**ကော့သောင်း ဖေဖော်ဝါရီ ၅**

ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာအုပ်စု ပါဆယ်ပါညန်းကျေးရွာ ဆီအုန်းခြံအတွင်း ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ညီအစ်ကိုနှစ်ဦး တောကြက်ထောင်သွားရာမှ အစ်ကိုဖြစ်သူမှာ ယမ်းထောင်းတူမီးသေနတ်ထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအဆိုပါနေ့က ကော့သောင်းမြို့ဆယ်မိုင်ကျေးရွာအုပ်စု ပါဆယ်ပါညန်းကျေးရွာနေ ပသျှူးလူမျိုး အူမက် (၅၂ နှစ်)သည် ညီဖြစ်သူအီဗရာဟင်(၃၅ နှစ်)နှင့်အတူ ဆီအုန်းခြံအတွင်း တောကြက်ထောင်ထွက်လာကြရာ တစ်ဦးနှင့်တစ်ဦး ကိုက် ၁၀၀ ခန့်ကွာဝေးသဖြင့် နောက်မှလိုက်လာသူ အီဗရာဟင်က သေနတ်သံကြား၍ အရှေ့တွင်ရှိသည့် အစ်ကိုအနီးသို့သွားရာ အစ်ကိုဖြစ်သူ အူမက်သည် ဒဏ်ရာများရရှိပြီး လဲနေသည်ကို တွေ့ရသဖြင့် နေအိမ်သို့ပို့ဆောင်ပေးခဲ့ပြီး အိမ်ရောက်ချိန်တွင် အူမက်မှာ ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖော်ထုတ်အရေးယူနိုင်ရေး ကော့သောင်း မြို့မရဲစခန်းမှ သေမှုသေခင်းဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တမူး၊ တန့်ယန်း၊ မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက တမူးမြို့ မြန်မာ-အိန္ဒိယနယ်စပ်၊ မြင်ဖူပေါက်မြောင်းပေါင်အနီး လမ်းလျှောက်လာသူ အိန္ဒိယနိုင်ငံသား လွန်ဇာလာအား စစ်ဆေးရှာဖွေရာ ၎င်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ၈၄ ပြားကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ တန့်ယန်း-လားရှိုးသွား ကားလမ်းတွင် ခမ်းလူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိသည်။ ထို့အတူ ယင်းနေ့ ည ၇ နာရီက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်-မဘိမ်း ကားလမ်းမိုင်တိုင်အမှတ် (၄/၃)တွင် ဒေါ်သန်းနု မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်ခွားရွေများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ မိုင်တိုင်အမှတ်(၁၉၇) မိုင်(၇) ဖာလုံအနီး စံလောင်းကျေးရွာ၌ လှည့်ကင်းစစ်ဆေးစဉ် ရွာလမ်းဘေး တစ်နေရာတွင် စုပုံထားရှိသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၀ ဒသမ ၄၉၀၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၇၁ သန်းအား ဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗန်းမော်မြို့နယ်၌ တရားမဝင်သစ်များ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့၊ တပ်မတော်တပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်က ဗန်းမော်မြို့နယ် မန်ပုံရွာဟောင်းအနီးမှ တရားမဝင်ကျွန်းသစ် ၁၀၂ လုံး (၁၅ ဒသမ ၈၀၀၀) တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ဟန်လင်းနိုင်**

# ကွတ်ခိုင်မြို့နယ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ပေါ်တံတားစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီခန့်တွင် တီးမားရွာဘက်မှ မူဆယ်ဘက်သို့ တီးမားကျေးရွာနေ ကျောင်လျိုမောင်းနှင်လာပြီး မူဆယ်မြို့ မန်ဝိန်းရပ် စွမ်စော်ရပ်ကွက်နေ လင်စူးကျဉ်နှင့် ဟုန်စီတို့လိုက်ပါလာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်အမှတ်၊ YGN-5C/---- ယာဉ်ကို ရပ်တန့်ရှာဖွေသည်။ ထိုသို့ ရှာဖွေရာတွင် ယာဉ်အတွင်းထည့်၍ သယ်ဆောင်လာသော ဘိန်းဖြူဆပ်ပြာခွက် ငါးခွက် (စုစုပေါင်း ၁၆ ဂရမ်ခန့်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ သိန်းကျော်)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဖမ်းဆီးရမိသူများ၊ မော်တော်ယာဉ်နှင့် မူးယစ်ဆေးဝါးများကို**(ယာပုံ)** မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့တွင် တတိယအကြိမ် တရုတ်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

၂၀၁၉ ခုနှစ် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့လသာမြို့နယ် တရုတ်တန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးချစ်စိန်၊ မြန်မာနိုင်ငံကွမ်းတုံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများ အသင်း၊ ရန်ကုန်-ယူနန်အသင်း၊ မြန်မာနိုင်ငံဟုတ်ကျန့်မျိုးနွယ်စုအသင်းချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီအုပ်စု၊ မြန်မာနိုင်ငံတစ်ဝန်းမှီတင်းနေထိုင်ကြသော တရုတ်မျိုးနွယ်ဖွားတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် (ဝက်နှစ်ချွန်းကျဲ့) ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးချစ်စိန်တို့က နှစ်သစ်ကူးမင်္ဂလာစကားပြောကြားကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ (**အပေါ်ပုံ**) ခင်းကျင်းပြသထားသော စတုဒိသာဆိုင်ခန်းများ၊ အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

"တရုတ်နှစ်သစ်ကူး ပွဲတော်ကို ရန်ကုန်မြို့မှာ ကျင်းပလာတာ ဒီနှစ်နဲ့ဆို တတိယအကြိမ်ရှိပါပြီ။ ဒီလို ကျင်းပနိုင်ခြင်းကပင် နှစ်နိုင်ငံယဉ်ကျေးမှုပေါင်းစပ်ပြီး ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေမှာဖြစ်ပါတယ်။ မီးအလှအိမ် ၄၀၀၀ ကိုလည်း ဖေဖော်ဝါရီ ၁၂ ရက်အထိ ချိတ်ဆွဲထားမှာ ဖြစ်ပါတယ်"ဟု ပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ပွဲတော်ကျင်းပရာ မဟာဗန္ဓုလလမ်းတစ်လျှောက်တွင် တရုတ်မီးအိမ်များ လှပဝေဆာစွာ ချိတ်ဆွဲထားပြီး လမ်းတစ်လျှောက်တွင် စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ အရောင်းဆိုင်များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးရန် နေရာများဖြင့် စည်ကားလျက်ရှိကာ ညပိုင်းတွင် ကပြဖျော်ဖြေမှုအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဗလစိုး**

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်အဖွဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ စပါးဗီဇဥယျာဉ်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR- ရေဆင်း) ရှိ စပါးဗီဇဥယျာဉ် သုတေသနဌာနစုသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူမား ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းက လာရောက်လေ့လာရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာ မူမူကျော်၊ စပါးဗီဇဥယျာဉ် စီမံကိန်းမန်နေဂျာ Dr. Hameeda-Banu. N.Itagi၊ စပါးဗီဇဥယျာဉ် သုတေသနဌာနစုမှ တာဝန်ခံနှင့် သုတေသနဝန်ထမ်းများက ကြိုဆိုကြသည်။

**လိုက်လံရှင်းလင်းပြသ**

ဆက်လက်၍ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူမားနှင့် အဖွဲ့ဝင်များသည် စပါးဗီဇဥယျာဉ်သုတေသနဌာနစုရှိ ကောက်ရိုးကို အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် သုတေသနပြုထားသည့် အာဟာရပြည့်ဝသော နွားစာတုံးများ ပြုလုပ်ထားမှု၊ ကောက်ရိုးစက္ကူအသုံးပြုကာ လက်မှုအနုပညာဖြင့် ဖန်တီးထားသည့် အသုံးအဆောင်များ ပြုလုပ်ထားမှု၊ ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုများ သုတေသနပြု၍ မှိုမျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးခြင်းသုတေသနများ၊ အဆင့်မြင့် စပါးကြိတ်ခွဲစက်ဖြင့် အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲနေမှု၊ ဆန်အခြေပြုမုန့်များ ထုတ်လုပ်သည့် သုတေသနနှင့် ဆန်မှ အာဟာရပြည့်ဝသည့် အစားအစာများ စမ်းသပ်ဓာတ်ခွဲမှု၊ ဖွဲပြာအခြေပြုဇီဝမြေဩဇာ ထုတ်လုပ်မှုသုတေသန၊ ကုန်ကျစရိတ်သက်သာကာ စွမ်းအင်သုံးစွဲမှု ချွေတာနိုင်သည့် စပါးခွံ ဖွဲပြာသုံး အအေးခန်းကန်အတွင်း ဟင်းသီးဟင်းရွက် သိုလှောင်သိမ်းဆည်းထားရှိမှု သုတေသနများအား ကြည့်ရှုခဲ့ကြရာ စိုက်ပျိုးရေးသုတေသဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စပါးဗီဇဥယျာဉ် စီမံကိန်းမန်နေဂျာနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြသည်။ (**ဝဲအောက်ပုံ**)



အဆိုပါ စပါးဗီဇဥယျာဉ်သည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ အိန္ဒိယနိုင်ငံ ဆွာမိနသဿန် ဖောင်ဒေးရှင်း၏ အကူအညီဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နာ့သ်ကိုဗင်၏ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်စဉ် လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် စပါးဗီဇသုတေသနဌာနစုသည် စပါးပင်၏ အစိတ်အပိုင်းအားလုံးကို အကျိုးရှိစွာအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန်နှင့် တောင်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးကာ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်ကာ တည်ထောင်ထားခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# လီဗာပူးတို့ သရေရလဒ်ဖြင့် ထပ်မံကျေနပ်ခဲ့ရသည့် ပရီမီယာလိဂ် ပွဲစဉ်(၂၅)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၅) နောက်ဆုံးပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနှင့် လီဗာပူးတို့ လန်ဒန်ကွင်းကြီးတွင် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီဖြင့် သရေကျသည်။

ယင်းပွဲတွင် အိမ်ရှင် ဝက်စ်ဟမ်းအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ဟာနန်ဒက်ဇ်ကို အထောင်ထားပွဲထွက်လာပြီး ညှော့သည် လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မာနေး၊ ဖာမီနိုနှင့် ဆာလက်ချ်တို့ ပါဝင်လာသည်။ ပထမပိုင်း ပွဲချိန် ၂၂ မိနစ်တွင် ဂျိမ်းစ်မီနာ ဖြတ်တင်ဘောမှတစ်ဆင့် မာနေးက လီဗာပူးအတွက် သွင်းယူခဲ့ရာ ယင်းဂိုးသည် လူကျွံဘောအဖြစ် အငြင်းပွားဖွယ်ရှိနေသော်လည်း ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်ဖြင့် လီဗာပူးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် အန်တိုနီယိုက ဝက်စ်ဟမ်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် တစ်မှတ်စီ ခွဲယူခဲ့ရသည်။

ပရီမီယာလိဂ် ချန်ပီယံလမ်းကြောင်းပေါ်မှ လီဗာပူးအသင်းသည် နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ရမှတ် ၆၂မှတ်ဖြင့် ဇယားထိပ်တွင် ဆက်လက်ရပ်တည်နေကာ ယမန်နေ့က မန်စီးတီးအသင်းသည် အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် လီဗာပူးအသင်းနှင့် သုံးမှတ်အကွာ ၅၉ မှတ်ဖြင့် ဒုတိယ ရပ်တည်နေသည်။ အဆင့် ၃ တွင် စပါးအသင်းက ရမှတ် ၅၇ မှတ်၊ အဆင့် ၄ တွင် ရမှတ် ၅၀ ဖြင့် ချယ်လ်ဆီး၊ အဆင့် ၅ တွင် ၄၈ မှတ်ဖြင့် မန်ယူတို့ နေရာယူထားနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ရမှတ် ၄၇ မှတ်ဖြင့် မန်ယူအသင်းအား နေရာဖယ်ပေးခဲ့ရပြီး အဆင့် ၆ တွင် ရပ်တည်နေသည်။ တန်းဆင်းဇုန် ရပ်တည်မှုများအဖြစ် ရမှတ် ၂၂ မှတ်ဖြင့် အဆင့် ၁၈ တွင် ကာဒစ်ဖ်၊ ၁၇ မှတ် ဖြင့် အဆင့် ၁၉ တွင် ဖူလ်ဟမ်နှင့် ဇယား အောက်ဆုံးတွင် ရမှတ် ၁၁ မှတ်ဖြင့် ဟက်ဒါဖီးလ်အသင်းတို့ ရပ်တည်နေကြသည်။

**သီဟ**

# နိုင်ငံတကာအလေးမပြိုင်ပွဲတွင် မြန်မာကြေးသုံးခုရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည့် (2nd EGAT's King Cup Senior International Weightlifting Championship 2019) အလေးမပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ကြေးသုံးခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၈၁ ကီလိုတန်း အမြန်မ ၁၂၈ ကီလိုနှစ်ဆင့်မ ၁၅၈ ကီလို စုစုပေါင်း ၂၈၆ ကီလိုဖြင့် မြန်မာမှ ရဲရင့်နိုင်က တတိယ၊ ထိုင်းမှ ၂၉၄ ဖြင့် ဒုတိယ၊ ထိုင်းမှ ၃၀၂ ကီလိုဖြင့် ပထမဖြင့် လည်းကောင်း၊ အမျိုးသမီး ၅၅ ကီလိုတန်းတွင် အေးမြတ်မွန်က ၇၆ ကီလို၊ နှစ်ဆင့်မကီလို ၉၀ စုစုပေါင်း ၁၆၆ ကီလိုဖြင့် တတိယ၊ ထိုင်းမှ ၁၆၉ ကီလိုဖြင့် ဒုတိယ၊ ထိုင်းမှ ၁၇၇ ကီလိုဖြင့် ပထမဖြင့် လည်းကောင်း၊ အမျိုးသမီး ၅၉ ကီလိုတန်းတွင် သင်းသင်းစုက အမြန်မ ၇၅ ကီလို နှစ်ဆင့်မ ၁၀၁ ကီလို စုစုပေါင်း ၁၇၆ ကီလိုဖြင့် တတိယ၊ ထိုင်းမှ ၁၈၉ ကီလိုဖြင့် ဒုတိယ၊ ထိုင်းမှ ၁၉၃ ကီလိုဖြင့် ပထမဆွတ်ခူးရရှိသွားကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင်မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ လာအို၊ ကိုရီးယား၊ ဟောင်ကောင်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**



မြန်မာအလေးမအမျိုးသမီးများ ဆုယူအပြီး တွေ့ရစဉ်။

# အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်တွင် ရန်ကုန်အသင်း အဝေးကွင်း၌ အနိုင်ရ

**ဘာကိုလော့ ဖေဖော်ဝါရီ ၅**

၂၀၁၉ ရာသီ အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ သွားရောက်ယှဉ်ပြိုင်ရသည့် ရန်ကုန်အသင်းသည် အိမ်ရှင်ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ဒုတိယအဆင့်သို့ တက်ရောက်သွားသည်။

**နောက်တစ်ဆင့်တက်ရောက်**

မြန်မာကလပ်အသင်းများနှင့် တွေ့ဆုံတိုင်း ရလဒ်ကောင်းရယူထားသည့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းသည် ယခုအကြိမ်တွင် ရန်ကုန်အသင်းကို အိမ်ကွင်း၌ အရှုံးပေးခဲ့ရသည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ကစားရခက်ခဲသည့် ဆီရက်စ်အသင်းကို အနိုင်ယူကာ အကြိုခြေစစ်ပွဲဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ပြည်တွင်းအမှတ်ပေးပြိုင်ပွဲဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

**တိုက်စစ်အပြန်အလှန်ကစား**

ရန်ကုန်အသင်းတွင် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံပါဝင်ခဲ့ပြီး ပြည်တွင်းပွဲများတွင် ပွဲပယ်ပြစ်ဒဏ်များကြောင့် ပါဝင်နိုင်ခြင်းမရှိသည့် ဂိုးသမား ကျော်ဇင်ထက်နှင့် ဘယ်နောက်ခံလူ မင်းကျော်ခန့်တို့ ပြန်ပါလာသောကြောင့် ခံစစ်ပိုကောင်းသွားခြင်းဖြစ်သည်။ ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ခံစစ်တွင် လူငယ်ကစားသမားနှစ်ဦးဖြစ်သည့် သူရိန်စိုးနှင့် ပြည့်ဖြိုးဇော်တို့ကို ရဲရဲဝံ့ဝံ့ပွဲထုတ်ခဲ့ပြီး ဆီရက်စ်တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။ ဆီရက်စ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသလို ရန်ကုန်အသင်းကလည်း ခံစစ်ကို အားမပြုဘဲ တိုက်စစ်အပြန်အလှန်ကစားခဲ့သည်။

**အနိုင်ရလဒ်ကို ထိန်းကစား**

ပြည်တွင်းပွဲများတွင် ပုံစံကောင်းရရန် ရုန်းကန်နေရသည့် ရန်ကုန်အသင်းသည် ယခုပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ၂၉ မိနစ်တွင် မီလာက ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဆီရက်စ်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရန်ကုန်ဂိုးသမား ကျော်ဇင်ထက်လက်စွမ်းပြကာကွယ်နေ၍ ပထမပိုင်းပြီးခါနီးမှ ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို ၄၄ မိနစ်တွင် စတီဖင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး၏ ကစားပုံကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၅၉ မိနစ်တွင် ကောင်းထက်စိုးက အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဆီရက်စ်အသင်းက ချေပဂိုးရရန် ကြိုးစားသော်လည်း ရန်ကုန်အသင်းခံစစ်က အမှားအယွင်းမရှိဘဲ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲဒုတိယအဆင့်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဗင်နီဇွဲလား သမ္မတ ဥရုဂွေးဘဏ်ထဲသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ လွှဲပြောင်းရန်လုပ်ဆောင်နေကြောင်း အတိုက်အခံခေါင်းဆောင်ပြော

ကရာကတ် ဖေဖော်ဝါရီ ၅

**ဗင်နီဇွဲလားသမ္မတ နီကိုလပ် မာဒူရိုသည် ဥရုဂွေးနိုင်ငံရှိ ဘဏ်ထဲသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်လွှဲပြောင်းရန် ကြိုးစားနေသည်ဟု အတိုက်အခံခေါင်းဆောင်ဖြစ်သူ ဂျူအန်ဂွိုက်ဒိုက မကြာသေးမီက ပြောကြားလိုက်သည်။**

ဥရောပနိုင်ငံ အတော်များများက ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် တရားဝင် အသိအမှတ်ပြုပြီးနောက် နိုင်ငံတော်ကို ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ဂျူအန်ဂွိုက်ဒိုက မာဒူရိုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဘဏ် ဘန်ဒက်မှ ငွေများကို ဥရုဂွေးဘဏ်တစ်ခုသို့ လွှဲပြောင်းပေးနေကြောင်း အထောက်အထားတစ်စုံတစ်ရာ မပြဘဲ ပြောကြားခဲ့ကြောင်း သိရသည်။


ဗင်နီဇွဲလားသမ္မတ မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို။

ဂျူအန်ဂွိုက်ဒိုအား သမ္မတအဖြစ် သတ်မှတ်ခဲ့သည့် သြစတြီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဆွီဒင်၊ ဗြိတိန်အပါအဝင် ဥရောပနိုင်ငံအတော်များများ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုထောက်ခံကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

ဂျူအန်ဂွိုက်ဒိုအား ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် အသိအမှတ်ပြုကြောင်း ဥရောပပါလီမန်၏ ဇန်နဝါရီ ၃၁ ရက်ဆုံးဖြတ်ချက်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်းနှင့် ဥရောပနိုင်ငံများက အမေရိကန်နိုင်ငံနှင့် တခြားနိုင်ငံပေါင်း ၂၃ နိုင်ငံကျော်နှင့်အတူ ဗင်နီဇွဲလားနိုင်ငံ၏ ဖွဲ့စည်းပုံအရ ဂျူအန်ဂွိုက်ဒိုအား ယာယီသမ္မတအဖြစ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ကြေညာချက်တွင် ထုတ်ပြန်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ ဇိမ်ခံအဆောက်အအုံတစ်လုံးမီးလောင်ရာ ရှစ်ဦးအထိသေဆုံး

**မော်စကို ဖေဖော်ဝါရီ ၅**

ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ ဇိမ်ခံလူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ရှစ်ဦးအထိ ရောက်ရှိလာကြောင်း ရုရှားသတင်းမီဒီယာတစ်ခုတွင် ယမန်နေ့က ဖော်ပြခဲ့သည်။

လတ်တလောသတင်းများအရ ကလေးနှစ်ဦး အပါအဝင် သေဆုံးသူ ရှစ်ဦးအထိရှိကြောင်း ရုရှားနိုင်ငံစုံစမ်းစစ်ဆေးရေးကော်မရှင် မော်စကိုဌာနအကြီးအကဲ၏ ပြောရေးဆိုခွင့်ရှိသူ ယူလီယာအိုင်ဗန်နိုဗာက ပြောသည်။ ထို့အပြင် ရုရှားနိုင်ငံ အရေးပေါ်ဝန်ကြီးဌာန၏ သတင်းရင်းမြစ်ကို ကိုးကားကာ စပွတ်နစ်သတင်းအေဂျင်စီ ကလည်း အလားတူ သေဆုံးသူအရေအတွက်ကို ဖော်ပြခဲ့သည်။

လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုပြီး သေဆုံးမှုဖြစ်ပွားခဲ့သည့်ကိစ္စကို သိရှိရန် ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မီးလောင်မှုကြောင့် သေဆုံးသူ ခြောက်ဦးရှိကြောင်း ယမန်နေ့အစောပိုင်းက ကော်မတီက ပြောကြားခဲ့သည်။ မီးလောင်မှုသည် ဖေဖော်ဝါရီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၂ နာရီ ၅၅ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်းနှင့် ခုနစ်ထပ်တိုက်၏ ငါးထပ်မြောက်အခန်းတွင် စတင်မီးလောင်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မီးလောင်မှုကို မီးသတ်ကား ၂၅ စီး၊ လူအင်အား ၈၀ ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုသည် လေးနာရီကျော်ကြာခဲ့ကြောင်း သိရသည်။ မီးသတ်သမားများက ကလေးငယ်ရှစ်ဦးအပါအဝင် လူပေါင်း ၄၂ ဦးကို အဆောက်အအုံအတွင်းမှ ကယ်တင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပါတီစုံကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်

**ဗန်ကောက် ဖေဖော်ဝါရီ ၅**

ထိုင်းနိုင်ငံ၌ မတ် ၂၄ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပါတီစုံမှ ကိုယ်စားလှယ်လောင်းများ လာရောက်စာရင်းပေးကာ စတင်မှတ်ပုံတင်နေပြီဖြစ်ကြောင်း သိရသည်။

ထောက်ခံသူများကလည်း ဆိုင်းဘုတ်များ၊ အလံများဝှေ့ယမ်းကာ ကြွေးကြော်သံများဟစ်ကြွေးခဲ့ကြပြီး ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဝန်ကြီးချုပ်ဟောင်း ယင်လတ် ရှင်နာဝပ်ထရာအစိုးရကို တပ်မတော်က အာဏာသိမ်းပြီးနောက် ပထမဆုံးအကြိမ်လုပ်မည့် အထွေထွေရွေးကောက်ပွဲဖြစ်သည့်အတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များပါ စိတ်ဝင်တစားဖြစ်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြည်သူတွေ မျှော်လင့်နေသည်မှာ ရှစ်နှစ်ရှိပြီဖြစ်ကြောင်း ဖူထိုင်းပါတီမှ ဝန်ကြီးချုပ်လောင်းအဖြစ် ဝင်ရောက်အရွေးခံမည့် ဆူဒါရတ် ကီယူရာဖမ်က ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံရှေ့ဆက်နိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်က မျှမျှတတ ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ပရာယုချန်အိုချာသည် ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်တွင် ကျင်းပမည်ဟု ပြောကြားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျခဲ့ရကြောင်း သိရသည်။

ရွေးကောက်ပွဲ ကျင်းပရေးကို ထောက်ခံကြောင်း ထိုင်းဘုရင်က ပြီးခဲ့သည့်လက တော်ဝင်အမိန့်ထုတ်ပြန်အတည်ပြုခဲ့သောကြောင့် နိုင်ငံရေးပါတီများ တရားဝင်စည်းရုံးလှုပ်ရှားခွင့် ရရှိခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**


ထိုင်းရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအချို့ကို တွေ့ရစဉ်။

# ဖိလစ်ပိုင် ဘုရားကျောင်းတိုက်ခိုက်မှု သံသယရှိသူငါးဦးကိုဖမ်းဆီး

**မနီလာ ဖေဖော်ဝါရီ ၅**

ဖိလစ်ပိုင်တောင်ပိုင်းရှိ ဘုရားကျောင်းတစ်ခုတွင် ပြီးခဲ့သည့်လကဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုတစ်ခု၌ ပါဝင်ပတ်သက်နေသည့် အိုင်အက်စ်စစ်သွေးကြွငါးဦးကို ဖမ်းဆီးလိုက်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၂၇ ရက်က ဂျိုလိုကျွန်းပေါ်ရှိ ဘုရားရှိခိုးကျောင်းတစ်ခုကို အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၂၃ ဦးသေဆုံးခဲ့ပြီး ၉၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သံသယရှိသူများသည် ဘုရားကျောင်းတိုက်ခိုက်မှုတွင် ပတ်သက်ဆက်နွှယ်နေသည့်အတွက် အလိုရှိနေသည့် အဖွဲ့ဝင် ၂၂ ဦးမှဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ သံသယရှိသူ ငါးဦးသည် အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ဟန်ရှိသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဂျိုလိုကျွန်းပေါ်သို့ အစောင့်အကြပ်အဖြစ် လိုက်ပါပို့ဆောင်ပေးခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက သံသယရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘရိဇ်စ်အရေးဖြေရှင်းရန်အချိန်ရှိသေးသည်ဟု ဂျာမနီဝန်ကြီးချုပ်ပြော

**တိုကျို ဖေဖော်ဝါရီ ၅**

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် ပြဿနာအတွက်အဖြေရှာရေး အချိန်ရှိသေးသည်ဟု ဂျာမနီဝန်ကြီးချုပ်အင်ဂျလာမာကယ်က အင်္ဂါနေ့တွင် ပြောသည်။ တိုကျိုမြို့၌ ဂျပန်နှင့်ဂျာမနီစီးပွားရေးလုပ်ငန်းရှင်များအား မိန့်ခွန်းပြောကြားစဉ် အင်ဂျလာမာကယ်က "တစ်ဖက်ကကြည့်မယ်ဆိုရင် အချိန်ဟာ အလွန်ကို နီးကပ်နေပြီ။ ဒါပေမယ့် နိုင်ငံရေးရှုထောင့်ကကြည့်မယ်ဆိုရင် အချိန်ရှိပါသေးတယ်။ အချိန် နှစ်လဆိုတာ အကြာကြီးတော့ မဟုတ်ပေမယ့် အချိန်လုံးလုံးမရှိတော့တာ မဟုတ်ပါဘူး။ အချိန်ရှိပါသေးတယ်"ဟု ပြောကြားခဲ့သည်။ ဗြိတိန်သည် ၂၀၁၆ ခုနှစ်က ပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲ ရလဒ်အရ မတ်လကုန်တွင် ဥရောပသမဂ္ဂမှ တရားဝင် နုတ်ထွက်တော့မည်ဖြစ်သည်။

ထိုသို့ တရားဝင်နုတ်ထွက်ရာတွင် အငြင်းပွားဖွယ် မြောက်အိုင်ယာလန်အရေးကိစ္စသည် ဘရိဇ်စ် ဆွေးနွေးရာတွင် ရှုပ်ထွေးမှုဖြစ်လာစေခဲ့သည်။ ဘရိဇ်စ်ထောက်ခံသူများက ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂနှင့် လုံးဝကင်းကွာသွားခြင်း မရှိဘဲ ဆက်လက်ချည်နှောင်မှုများရှိနေမည်ကို စိုးရိမ်နေကြသည်။ အဆိုပါပြဿနာ၏အဖြေမှာ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့ ရှေ့အနာဂတ်တွင် မည်သို့ ရှေ့ဆက်သွားမည်၊ မည်သို့သောကုန်သွယ်ရေးစာချုပ်များ ဆက်လက်လုပ်ဆောင်သွားမည် အစရှိသည့် မေးခွန်းများပေါ်တွင် မူတည်နေကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောသည်။

**အေအက်ဖ်ပီ**

# သတိပေးမှုများထုတ်ပြန်ထားသည့်ကြားမှ ဩစတြေးလျ ရေကြီးမှုတွင် လူနှစ်ဦးသေဆုံး

**ဆစ်ဒနီ ဖေဖော်ဝါရီ ၅**

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် ရေကြီးမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းတို့၏အလောင်းများကို ရဲများက အင်္ဂါနေ့တွင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မိုးရွာသွန်းမှုများပြားသည့်အတွက် ရေကြီးနိုင်သည့် သတိပေးချက်ထုတ်ပြန်ထားသည့်ကြားထဲမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်စကော့မော်ရစ်ဆင်သည် ရာစုနှစ်အတွင်းအဆိုးရွားဆုံး ရေကြီးမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ သွားရောက်ခဲ့သည်။ ရေကြီးမှုကြောင့် နေအိမ်ပေါင်းထောင်ပေါင်းများစွာရေနစ်မြုပ်ခဲ့ပြီး ကျောင်းများနှင့် လေဆိပ်များကို ပိတ်ထားခဲ့ရသည်။ ယခုအခါအချို့နေရာများတွင် ရေများကျသွားသော်လည်း ပြန်လည်ထူထောင်ရေးအတွက် ခက်ခက်ခဲခဲ ဆောင်ရွက်ကြဦးမည်ဖြစ်ကြောင်း ၎င်းက သတိပေးထားသည်။

ဩစတြေးလျဝန်ကြီးချုပ်သည် နေအိမ်များဆုံးရှုံးခဲ့ရသည့် မိသားစုများအတွက်လည်း ဝမ်းနည်းကြောင်းစကား ပြောကြားခဲ့သည်။ အမှန်တကယ် လုပ်ဆောင်ရမည့်အလုပ်မှာ အပျက်အစီးများကိုရှင်းလင်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေသခံတစ်ဦးဖြစ်သူ ရီဗက်ကာ ချေးလ်မိတ်က ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ဒေသမှလူများသည် အဝတ်အစား၊ ကား၊ အိမ် အရာအားလုံးကို ထားရစ်ခဲ့ရသည်ဟု ပျက်စီးဆုံးရှုံးမှုပမာဏကိုပြောပြခဲ့သည်။ စီးပွားရေးလုပ်ငန်းများလည်း အားလုံးပျက်စီးသွားကြောင်း ၎င်းက အေအက်ဖ်ပီသို့ ပြောသည်။

**အေအက်ဖ်ပီ**

# အီရတ်၌လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများရှိနေဆဲဖြစ်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၅**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ ပီတာမာရူရာက အီရတ်နိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသေးကြောင်း တနင်္လာနေ့က ပြောခဲ့သည်။

အီရတ်နိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းပြီး တစ်နှစ်ခန့်ကြာလာသည့်အချိန်အထိ လူသန်းပေါင်း ၁ ဒသမ ၈ သန်းမှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရဆဲဖြစ်ကြောင်း ပြောခဲ့သည်။ ဘဂ္ဂဒက်မြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တိုက်ပွဲများမရှိတော့သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စများမရှိတော့ဟု ပြော၍မရနိုင်ကြောင်း မာရူရာက ပြောခဲ့သည်။

အိုင်စီအာစီသည် အီရတ်တွင်ဆက်လက်ရှိနေကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများကို ဆက်လက်ဖြေရှင်းသွားမည်ဟု ပြောကြားခဲ့သည်။ အီရတ်နိုင်ငံသို့လာရောက်သည့် ၎င်း၏လေးကြိမ်မြောက်ခရီးစဉ်အတွင်း မာရူရာသည် အီရတ်အရာရှိများနှင့်တွေ့ဆုံခဲ့ပြီး အီရတ်ဝန်ကြီးချုပ်နှင့် သမ္မတတို့နှင့်ပါ တွေ့ဆုံခဲ့သည်။ အီရတ်နိုင်ငံအတွင်းရှိ ရွှေ့ပြောင်းနေထိုင်မှုနှင့် နေရပ်စွန့်ခွာသူများဆိုင်ရာဝန်ကြီးဌာန၏ စာရင်းဇယားများအရ အိုင်အက်စ်တို့ထိန်းချုပ်ခဲ့သည့် အချိန်မှစကာ အီရတ်လူမျိုးပေါင်း ငါးသန်းခန့်မှာ မြို့ပြများသို့ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အိုင်အက်စ်စစ်သွေးကြွများကို အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အီရတ်က တရားဝင်ကြေညာခဲ့သည်။ **ဆင်ဟွာ**

# မော်လမြိုင်၌ (၃၉)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၅

**မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၉)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၃ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။**

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ၊ မော်လမြိုင်မြို့ နတ်မော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသုမန မထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ ပင့်သံဃာဆရာတော်ကြီး ၁၀ ပါး၊ စာအောင်သံဃာတော် ၇၃၂ ပါး၊ စာအောင်သီလရှင် ၄၇ ပါးတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့က စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူနေစဉ်။

## တနင်္သာရီတိုင်းဒေသကြီး ၂၀၁၈-၂၀၁၉ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် မိတ်ဆက်ရှင်းလင်း

**မြိတ် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်မိတ်ဆက် ရှင်းလင်းပွဲကို ယမန်နေ့က မြိတ်မြို့ Grand Jade Hotel ၌ ပြုလုပ်သည်။ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် The Asia Foundation တို့ ပူးပေါင်းကျင်းပသည့် အဆိုပါ စာစောင်မိတ်ဆက်ပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူအကြား ငွေကြေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ထုတ်ဝေမိတ်ဆက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေလင်းထက်က စာစောင်ပါ ငွေစာရင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက သိလိုသည့် အချက်အလက်များ၊ ပြင်ဆင်စေလိုသည့် အချက်အလက်များ၊ ဒေသအလိုက် ခွဲဝေချထားပေးမှုနှင့် တိုးတက်မှုနှေးကွေးသည့် ဒေသများအတွက် ရန်ပုံငွေတိုးမြှင့်ချထား ဆောင်ရွက်ပေးစေလိုသည့် အချက်အလက်များကို ပြန်လည်ဖြည့်စွက် ဆွေးနွေးကြသည်။ **ခရိုင် (ပြန်/ဆက်)**



စာစောင်မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပစဉ်။

## ကလေး-ဖလမ်း-ဟားခါးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ဟားခါး ဖေဖော်ဝါရီ ၅**

ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်သော ကလေး-ဖလမ်း-ဟားခါး မော်တော်ကားလမ်းလုပ်ငန်းနှင့် ပတ်သက်၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့က အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့က ဟားခါးမြို့ Carson Hall တွင် ကျင်းပသည့် အဆိုပါလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များ ချပြဆွေးနွေးခြင်းအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြင့် အဆိုပါလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ကြီးကြပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ဒါခေါ်ယူအောင်မြင်ပြီးပါက လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုမီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တွင် ထိခိုက်ပျက်စီးနိုင်မှု နည်းပါးစေရေး စစ်တမ်းများ ကြိုတင် ကောက်ယူသွားမည်ဖြစ်ကြောင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် Cardno မှ Survey and RAP (Social Specialist) ဒေါ်သက်ထားမြင့်က အဆိုပါ အခမ်းအနားတွင် ပြောသည်။

"ဒီစီမံကိန်းမှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် ဟားခါးမြို့အထိ ကလေး-ဖလမ်း-ဟားခါး မော်တော်ကားလမ်းမိုင်အရှည် ၁၂၄ မိုင်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းများကောက်ယူခြင်းအတွက် ကလေးမြို့၏ အစ(၀)မိုင်ကနေ ကိုးမိုင်အပါအဝင် ဟားခါးမြို့အထိ ၁၂၄ မိုင်ကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်းမှာ ထည့်သွင်းသွားမည်ဖြစ်ပြီး ကိုးမိုင်မှ ၁၂၄ မိုင်ထိကို လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းအတွက် လမ်းတစ်လျှောက်ရှိ မြို့နယ်သုံးမြို့နယ်မှ ကျေးရွာပေါင်း ၃၀ ကို ရွာအရောက်ကွင်းဆင်းပြီး စနစ်တကျ ကောက်ယူသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ တက်ရောက်လာကြသူများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

## စုပေါင်းလားဟူနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ လားဟူတိုင်းရင်းသားများ၏ နှစ်စဉ်ရိုးရာအစဉ်အလာမပျက် ကျင်းပသော (၂၇)ကြိမ်မြောက် စုပေါင်းလားဟူနှစ်သစ်ကူးပွဲတော် (ဝက်နှစ်)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် စုပေါင်းလားဟူ နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားကို၊ လားဟူတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးဒါယေလဆမ်းနှင့် ဥက္ကဋ္ဌ ဦးဝင်းဇာနည်မွေ့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာသည့် လူကြီးမိဘအပေါင်းတို့အား လားဟူတိုင်းရင်းသားလူငယ်များက ယဉ်ကျေးမှုဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာ ပြုပေးကြပြီး လားဟူတိုင်းရင်းသားရိုးရာ လွယ်အိတ်များကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

နှစ်သစ်ကူးပွဲတော်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးက နှစ်သစ်နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တိုင်းမှူးက လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီထံသို့ အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို လားဟူတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ကော်မတီ (တွဲဖက်အတွင်းရေးမှူး) ဦးဘာနဘက ဖတ်ကြားပြီးနောက် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပေးအပ်လှူဒါန်းသည့် အလှူငွေကျပ် သုံးသိန်းကို လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီထံသို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်သည့် လားဟူတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၂၄ ဦးကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



လားဟူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီထံသို့ အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

**မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး တာချီလိတ်မြို့ဖွံ့ဖြိုးသာယာရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းသည် တာဝန်ရှိသူများနှင့် ဖေဖော်ဝါရီ ၃ ရက်က တာချီလိတ်မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေး၊ ရေအန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရုံးနောက်ဘက် ကားရပ်နားရန် နေရာပြုလုပ်ခြင်း၊ ဝမ်ကောင်းရပ်ကွက်ရှိ ဘုရင့်နောင်တံတားနှင့် ဘိုးဘွားရိပ်သာ တံတားတိုးချဲ့ဆောင်ရွက်နေမှု၊ ရန်အောင်မြေရပ်ကွက်အတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းခြင်း၊ မြေကာနံရံ ပြုလုပ်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီဖြစ်ရေး၊ ရေရှည်သုံးစွဲနိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ နယ်စပ်မြို့ဖြစ်သည်နှင့်အညီ အမြဲမပြတ်သန့်ရှင်းသာယာ လှပနေစေရေး စစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးဌာနက ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းထွန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က လုပ်ငန်းကဏ္ဍများအလိုက် အရည်အသွေးများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

## အင်းစိန်မင်းဓမ္မကုန်းတော်ရှိ ကျောက်တော်ကြီးဘုရားပွဲတော် တပို့တွဲလပြည့်နေ့ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၅** - ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) (၁၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရန် ညှိနှိုင်းအစည်းအဝေးကို အဆိုပါ ဘုရားဂေါပကရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

ဆွေးနွေးပွဲအပြီး ညှိနှိုင်းဆွေးနွေး အကြံပြုချက်အရ နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အဘယလာဘမုနိရုပ်ရှင်တော်မြတ် (၁၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၁၉ ရက်) နံနက်အရုဏ်တက်ချိန်မှာ ဘုရားအမှူးပြုသော ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက မင်္ဂလာတင်လှူခြင်း အခမ်းအနားဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ပင့်သံဃာ ၁၀၀ ကျော်တို့ကိုလည်း ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ ဘုရားပွဲတော်လာ ပြည်သူများအား နေရာထိုင်ခင်းများ စီမံထားရှိပြီး ထမနဲထိုးပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်သရုပ်ပြပွဲ၊ အငြိမ့်သဘင်ပွဲ၊ တေးဂီတဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲများဖြင့် ၁၅ ရက်တိုင်တိုင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ **မျိုးမင်းသိန်း (မရမ်းကုန်း)**



နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသနှင့် ဆရာတော်များထံမှ လုမ္ဗိနီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး နှင့် ကျောင်းသား ကျောင်းသူများ ဩဝါဒ ခံယူစဉ်။

# နီပေါနိုင်ငံ၊ လုမ္ဗိနီဗုဒ္ဓတက္ကသိုလ် မဟာဘွဲ့သင်တန်းမှ ကျောင်းသား ကျောင်းသူများ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ လာရောက်လေ့လာ

**မန္တလေး ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံသို့ရောက်ရှိနေသော နီပေါနိုင်ငံ၊ ဗုဒ္ဓမြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဒေသတွင် တည်ထောင်ထားသော လုမ္ဗိနီဗုဒ္ဓတက္ကသိုလ် (Lumbini Buddhist University- LBU) ကျောင်းအုပ်ဆရာကြီး Fanindra Kumar Ncupane ဦးဆောင်သော မဟာဘွဲ့သင်တန်းမှ ကျောင်းသားကျောင်းသူ ၂၀ တို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၃ နာရီက ရောက်ရှိကြရာ တက္ကသိုလ်မှ ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းနှင့် ရုံးအဖွဲ့ဝင်များ၊ ပြင်ပ ပညာရှင်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာရေးအဖွဲ့သည် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသနှင့် သင်ကြား/စီမံ ပါမောက္ခဌာနမှူးဆရာတော်များအား ဖူးမြော်ကြည်ညိုကြရာ ဒုတိယပါမောက္ခချုပ်ဆရာတော်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား မိန့်ကြား၍ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာ ဘဒ္ဒန္တအာစာရက ကြွရောက်လာသည့် ဆရာတော်များနှင့် မိတ်ဆက်ပေး၍ ပရိယတ္တိသာသနာ့တက္ကသိုလ် စာပေသင်ကြားမှုဆိုင်ရာများကို မိန့်ကြားတော်မူသည်။

ထို့နောက် လုမ္ဗိနီဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ကြီးက တက္ကသိုလ်ဆိုင်ရာများနှင့် ပတ်သက်၍ လျှောက်ထားတင်ပြပြီး မဟာဘွဲ့သင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများကလည်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလျှောက်ထားရာ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန ဆရာတော်များက ပြန်လည်ဖြေကြားပေးတော်မူခဲ့သည်။

ယင်းနောက် လုမ္ဗိနီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာကြီးက ဆရာတော်ကြီးအား အမှတ်တရပစ္စည်းများနှင့် စာအုပ်များ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါလေ့လာရေးအဖွဲ့ဝင်များသည် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ဝင်ကြေးအခမဲ့ဖြင့် ဗိုလ်ချုပ်ပြတိုက်အား ဖွင့်လှစ်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

**ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် ဗိုလ်ချုပ်မွေးနေ့ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်ပြတိုက်တွင် နိုင်ငံခြားသားများမှအပ သံဃာ၊ သီလရှင်နှင့် ပြည်သူတို့အား ဝင်ကြေးအခမဲ့ဖြင့် ပြသသွားမည်ဟု သိရသည်။**

"ဗိုလ်ချုပ်မွေးနေ့မှာ အများပြည်သူကိုအခမဲ့ဖွင့်လှစ်ပြသပြီးတော့ နိုင်ငံခြားသားကိုတော့ ပုံမှန်အတိုင်း ဝန်ဆောင်ခယူပါတယ်။ ပြည်ပက သာသနာပြုသူတွေဆိုရင် အခမဲ့ပါပဲ။ ဗိုလ်ချုပ်မွေးနေ့မှာ လာရောက်တဲ့ ကျောင်းသားနဲ့ အဖွဲ့အစည်းတွေဆိုရင် ရှင်းပြပြီးတော့ ပန်းဖလက်ဝေပါမယ်။ ဒီနှစ် ဗိုလ်ချုပ်မွေးနေ့မှာလေ့လာမယ့်သူ မနှစ်ကထက် ပိုများနိုင်ပါတယ်" ဟု ပြတိုက်တာဝန်ခံ ဒေါ်အိသန္တာက ပြောသည်။



ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်ပြတိုက်ကို တွေ့ရစဉ်။

ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရက်များမှအပ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အများပြည်သူတို့ကို အခမဲ့ ဖွင့်လှစ်ပြသလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများသာမက ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ကျောင်းသား၊ ကျောင်းသူများလည်း လာရောက်ကြည့်ရှုလေ့လာလျက်ရှိသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ အများပြည်သူနှင့် နိုင်ငံခြားသား ၇၀၀ ခန့် လာရောက်လေ့လာခဲ့ရာ ယခုနှစ်တွင် ပိုမိုဝင်ရောက်လေ့လာနိုင်မည်ဟု ခန့်မှန်းထားပြီး အာဇာနည်နေ့တွင် သုံးရက်တိုင် ပြသခဲ့၍ လေ့လာသူ အထူးများပြားခဲ့သည်။

**သန်းထိုက် ၊ ဓာတ်ပုံ-သန်းစိုး**

## အင်းတော်မြို့နယ်၌ ချောင်းကူးတံတား ဆောက်လုပ်

**အင်းတော် ဖေဖော်ဝါရီ ၅** - စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ဇန်နဝါရီလကုန်ပိုင်းက ဘဝငြိမ်းချမ်းရေးမဲဇာချောင်းကူးကွန်ကရစ်တံတားကို ဆောက်လုပ်လျက်ရှိသည်။

အဆိုပါချောင်းကူးတံတားမှာ အရှည် ပေ ၂၄၀၊ အကျယ် ၁၉ ပေ၊ အမြင့် ၂၁ ပေ၊ ဘေးလက်ရန်းတိုင်အပါ တံတားချဉ်းကပ်လမ်းတစ်ဖက် ပေ၃၀ အဖြစ် ကွန်ကရစ်ခင်းမည်ဖြစ်ပြီး တံတားဆောက်လုပ်နေစဉ်တွင် တံတားနှင့် ပေ ၁၂၀၀ အကွာတွင် ယာယီသစ်သားတံတားကို ဆောက်လုပ်ပေးထားသည်။ တံတားသည် အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ် အစပ်ကားလမ်းဘေးအနီး ပေ ၅၀ ခန့်အကွာ၌ ဆောက်လုပ်ခြင်းဖြစ်ပြီး ရွှေသစ္စာပါရမီတောရကျောင်း ကျောက်မဲတောင်ဆရာတော်ဦးစီးကာ တံတားကို ၂၀၁၆ ခုနှစ်ကစ၍ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ ၀၇၉

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၈ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၄ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၁ ・ ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၉ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၁၆၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၅၂၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပရိသတ်၏ မေတ္တာတရားကြောင့် Pride of Myanmar 2018 တွင် ဖျော်ဖြေရေးကဏ္ဍဆု အိန္ဒြာကျော်ဇင်ရရှိ

**မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်စုံမှထူးချွန်သူများကို ပထမဆုံးအကြိမ်အဖြစ် ပေးအပ်ချီးမြှင့်သည့် Pride of Myanmar 2018 တွင် ဖျော်ဖြေရေးကဏ္ဍဆု ရရှိသည့် အိန္ဒြာကျော်ဇင်က အဆိုပါဆုမှာ ပရိသတ်၏ မေတ္တာတရားကြောင့်သာ ရရှိခြင်းဖြစ်ကြောင်း ဆိုသည်။**



မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်စုံမှ ထူးချွန်သူများကို ပထမအကြိမ် အဖြစ် Pride of Myanmar 2018 ခေါင်းစဉ်ဖြင့် ပြည်တွင်း၌ သာမက နိုင်ငံတကာအဆင့်တွင်ပါ မြန်မာကို ကမ္ဘာကသိအောင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်နိုင်သူများကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲ၌ အနုပညာနှင့် စာပေကဏ္ဍတွင် Performance artist မိုးစက်က လည်းကောင်း၊ လူမှုဆက်ဆံရေးနှင့် လူထုရေးရာကဏ္ဍတွင် ပရဟိတသမားနှင့် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် Joshua ချစ်ထွန်းက လည်းကောင်း၊ စီးပွားရေး စွန့်ဦးတီထွင်ဆန်းသစ်မှုကဏ္ဍတွင် Rangoon Tea House ၏ ပွဲကိုင်ရှင် ကိုထက်မြတ်ဦးက လည်းကောင်း၊ ဖျော်ဖြေရေးကဏ္ဍ တွင် အကယ်ဒမီအိန္ဒြာကျော်ဇင်က လည်းကောင်း၊ ဖက်ရှင် ကဏ္ဍတွင် သရုပ်ဆောင် မော်ဒယ် မေမြတ်နိုးက လည်းကောင်း၊ အားကစား ကဏ္ဍတွင် ဘောလုံးသမား အောင်သူက လည်းကောင်း၊ လူမှုမီဒီယာတွင် တစ်နှစ်တာအတွင်း လွှမ်းမိုးထားနိုင်သူများ ကဏ္ဍတွင် beauty blogger နေခြည်ဦးက လည်းကောင်း၊ ဘဝတစ်သက်တာ အောင်မြင်မှုကဏ္ဍတွင် ပန်းချီဆရာကြီး ဦးလွန်းကြွယ်က လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။


"ဒီဆုပေးအပ်ပွဲကနေ အူဝဲကို ပေးအပ်ချီးမြှင့်တဲ့ ဆုကတော့ ဖျော်ဖြေတင်ဆင်မှုပိုင်းဆိုပြီး သိရပါတယ်။ နယ်ပယ်အသီးသီးက သူ့နေရာနဲ့သူ အောင်မြင်နေကြသူတွေကို ဂုဏ်ပြုပေးအပ်တာလို့လည်း သိရပါတယ်။ အူဝဲအနေနဲ့ ပြောချင်တာ ကတော့ ကိုယ့်ကိုယ်ကိုယ် အောင်မြင်တယ်ဆိုပြီး ဂုဏ်တပ်ချင်တာမျိုးတော့ မဟုတ်ပါဘူး။ ကိုယ်ကြိုးစားတယ်။ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့ ပွဲတစ်ခုလို့ပဲ မြင်ပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာရပါတယ်။ ဒီလိုပွဲမျိုးတွေ လုပ်ပေးတဲ့အတွက် ကိုယ့်လို လူငယ်တွေရော၊ နောက်ထပ် လူငယ်တွေ၊ လူငယ်တွေ အများကြီး ကြိုးစားချင်တဲ့စိတ်တွေ ပိုပြီးရှိလာတယ်လို့ အူဝဲကတော့ ပြောချင်ပါတယ်။ တစ်နှစ်တာအကောင်းဆုံးဆုလို့ သူတို့ဘက်ကနေ ရွေးချယ်ရေးအဖွဲ့တွေ ရှိတယ်လေ။

"အဲဒီလိုသေချာစိစစ် ရွေးချယ်ပြီး ဒီဆုကို ပေးအပ်ကြတာဆိုတော့ ဘာပြောပြော ဒီလိုပွဲမျိုးတွေ ရှိလာတာ ပိုကြိုးစားချင်စိတ်တွေ ဖြစ်လာပါတယ်။ ပြီးတော့ အူဝဲအခုလို ဆုရတယ်ဆိုတာကလည်း ပရိသတ်တွေရဲ့ အူဝဲအပေါ်ထားတဲ့ မေတ္တာ၊ စေတနာတွေကြောင့်ရယ်၊ ပြီးတော့ အူဝဲကလည်း ကိုယ်လုပ်တဲ့ အလုပ်အပေါ် သေချာကြိုးစားတာကြောင့် အခုလို ပြန်ရတာပေါ့နော်" ဟု အကယ်ဒမီ အိန္ဒြာကျော်ဇင်က ပြောသည်။

**ကိုလင်း**

အကယ်ဒမီ အိန္ဒြာကျော်ဇင်

# အာရှနိုင်ငံများအထိ သွားရောက်ပြမည့် ရုပ်ရှင်ဇာတ်ကားအတွက် အကယ်ဒမီ ဝတ်မှုံရွှေရည် ရင်ခုန်နေ



ဝတ်မှုံရွှေရည်

မြန်မာနိုင်ငံကနေ ပထမဆုံးအဖြစ် လိပ်ပြာစံအိမ် (THE ONLY MOM) ရုပ်ရှင်ကားကြီးကို အာရှနိုင်ငံများ ဖြစ်သည့် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဂျပန်၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား ၊ စင်ကာပူ၊ ထိုင်ဝမ်များအထိ သွားရောက်ပြသမည်ဖြစ်သည်။

လိပ်ပြာစံအိမ်ထဲက သရုပ်ဆောင်ပိုင်း နှင့် ပတ်သက်ပြီး ဝတ်မှုံရွှေရည်က " အတွေ့အကြုံတွေကတော့ အများကြီးရတယ်။ ကစ်တို့ အဲဒီကား ရိုက်နေတုန်းကဆိုရင် နားနေတဲ့အချိန်ဆို အိမ်အပေါ်ထပ်ကို ဘယ်သူမှ မတက်ရဲဘူး။ မင်းသားမင်းသမီးတွေ၊ ကလေးသရုပ်ဆောင်တွေနားနေဖို့ဆိုပြီး အခန်းတစ်ခန်းပေးထားတာရှိတယ်။ ကားရိုက်နားချိန်ဆို ကစ်တို့အားလုံး အဲဒီအခန်းထဲမှာပဲ ပြုံပြီးနေကြတယ်။ ဘယ်မှ မသွားကြဘူး။ တခြားအခန်းကိုလည်း မသွားဘူး။ အိမ်သာသွားရင်လည်း လေးငါးယောက်လောက်စုပြီးမှ အကုန်ပြုံပြီး သွားကြတယ်။ တကယ့်ကို အမှတ်တရပါ။ ရိုက်နေရင်းနဲ့ကို စိတ်လှုပ်ရှားစရာကောင်းပါတယ်။ စိတ်လှုပ်ရှားစရာ အဖြစ်အပျက်တွေလည်း ဒီကားရိုက်ရင်းနဲ့ ကြုံရတာဆိုတော့ အမှတ်တရတွေ အများကြီးဖြစ်သွားတာပေါ့။ အဲဒီအိမ်ကြီးရဲ့ သက်တမ်းကိုက နှစ်ပေါင်းတစ်ရာကျော်နေပြီဆိုတော့ အဲဒီအငွေ့အသက်တွေကိုက စိတ်လှုပ်ရှားစရာကောင်းတာ" ဟု အကယ်ဒမီ ဝတ်မှုံရွှေရည်က ပြောသည်။

အဆိုပါဇာတ်ကားမှာ ပရလောကနှင့်သတ္တလောကအကြား မိဘနှင့် သားသမီးမေတ္တာတရားကို စိတ်ဝင်စားဖွယ် တင်ဆက်ထားသည့် သည်းထိတ်ရင်ဖိုအမျိုးအစားဇာတ်ကားဖြစ်ကြောင်း သိရသည်။ ကိုယ်တိုင်ပြန်ကြည့်ချိန်မှာတောင် ကြောက်စရာအလွန်ကောင်းပြီး ပရိသတ်တွေကြည့်ရင်လည်း ကျေနပ်အားရမှု ရှိမယ်ဆိုတာ ယုံကြည်တယ်။ ဒီကားက သည်းထိတ်ရင်ဖိုအမျိုးအစားဆိုတော့ ပရိသတ်တွေကြည့်ရင် ကြောက်ပါ့မလားလို့ စိတ်ပူမိတယ်။ အခုကစ်တို့ ဧည့်သည်တွေနဲ့ အတူတူကြည့်ကြတဲ့အခါလာကြည့်တဲ့သူတွေက ကြောက်ကြတယ်ဆိုတော့ ကစ် စိတ်မပူတော့ဘူး။ မကြောက်မှာကို မစိုးရိမ်တော့ပါဘူး။ ကစ် တကယ်ဝါသနာပါပြီး တကယ်လုပ်ရမယ့် အလုပ်တစ်ခုကို မကျေနပ်မချင်း အကောင်းဆုံးလုပ်ခဲ့ရတယ်။ အဲဒီအတွက် ကျေနပ်ပါတယ်။ အဓိက ကစ်ကတော့ ဒီဇာတ်ကားထဲက မေနှင်းဆိုတဲ့ ဇာတ်ကောင်ရဲ့စေခိုင်း တာကိုပဲ သွားတာပေါ့နော်။ ပြီးတော့ ဒါရိုက်တာက ဘယ်လိုတွေလိုချင်လဲဆိုတာကို ဒါရိုက်တာဖြစ်စေချင်တဲ့ အတိုင်း၊ ဖြစ်စေချင်တဲ့ ကာရိုက်တာဖြစ်အောင် သရုပ်ဆောင်ခဲ့တယ်။ ဆိုတော့ ဒီကားကို ကိုယ်တိုင်ပြန်ကြည့် တဲ့အခါမှာ ကျေနပ်ပါတယ်။ ဒါပေမယ့် ကစ် ကျေနပ်တာထက် ရုပ်ရှင်ကြည့် ပရိသတ်တွေကျေနပ်ဖို့က ပိုပြီး အရေးကြီးပါတယ်။ ပြီးတော့ ပရိသတ်တွေဆီက ပြန်လာမယ့် တုံ့ပြန်မှုကိုလည်း ကစ် ပြန်နားထောင်ပြီး ရင်ခုန်ချင်ပါတယ်"ဟု ပြောသည်။

**ကိုလင်း**

## Summer Miss 2018 သရဖူဆုရှင် ထိပ်ထားစံ မွေးနေ့ကုသိုလ်ပြု

ငယ်စဉ်အရွယ်ကတည်းကပင် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်ကောင်း တစ်ယောက်အဖြစ် ငါဟာ တစ်နေ့တစ်ချိန် အကောင်းဆုံးအနုပညာရှင်တစ်ယောက် ဖြစ်ရမယ်။ ဘဝတစ်လျှောက်လုံး မဆုတ်မနစ်ရာသက်ပန်ကြိုးစားသွားမယ်ဟူသော သန္နိဋ္ဌာန်ဖြင့် ကြိုးစားနေသူ Summer Miss ဆုရှင် ထိပ်ထားစံသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင် သိဒ္ဓိလမ်း ကုမာရာရာမ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မိဘမဲ့ကလေးငယ် ၄၀၀ ကျော်ကို ဖေဖော်ဝါရီလ ၂ ရက်က မွေးနေ့အတွက် ကုသိုလ်ပြုလာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မေး။ ။ ဒီဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို လာရောက်လှူဖြစ်ပုံကို ပြောပြပေးပါ။**

ဖြေ။ ။ အဲဒါကတော့ ဒီဘုန်းတော်ကြီးကျောင်းမှာရှိတဲ့ကလေးတွေက နယ်စွန်နယ်ဖျားက မိဘမဲ့ငယ်ရွယ်သူတွေလည်းဖြစ်တယ်။ ရင်ခွင့်မဲ့ကလေးတွေကို မိရင်းဖရင်း သဖွယ်နွေးထွေးမှုပေးတဲ့ ကျောင်းအုပ်ဆရာတော် ဦးကုမာရကိုလည်းကြည်ညိုလေးစားလို့ ထိပ်ထား လုပ်အားခချွေးနဲ့စာလေးနဲ့ စုဆောင်းထားတဲ့ငွေကြေးလေးကို ထိပ်ထားရဲ့(၁၉)နှစ်ပြည့်မွေးနေ့မှာ လာလှူဖြစ်တာပါ။

**မေး။ ။ သမီးရဲ့ဇာတိနဲ့ သရုပ်ဆောင် မလုပ်ခင်ဘာလုပ်ခဲ့လဲ၊ လက်ရှိဘာတွေလုပ်နေလဲ ပြောပြပေးပါ။**

ဖြေ။ ။ ရန်ကုန်မြို့တိုက်ကြီးသူပါ။ မွေးချင်းခုနစ်ယောက်ထဲက အလယ်ကပါ။ ဓာတုဗေဒဘာသာရပ်နဲ့ကျောင်းပြီးခဲ့ပါတယ်။ သရုပ်ဆောင်မလုပ်ခင် မော်ဒယ်ရှိုးလျှောက်ပါတယ်။ Miss Summer 2018 ပြိုင်ပွဲမှာ Winner ဆုရခဲ့တာပါ။ သူငယ်ချင်းတစ်ယောက်က သူ့ရဲ့ MPT လေးမှာ သရုပ်ဆောင်ပေးပါဆိုလို့ အဲဒီက စခဲ့တာပါ။ Miss နဲ့ ပတ်သက်လို့ ဆက်ပြီးမပြိုင်ဖြစ်တော့ပါဘူး။ လက်ရှိ ရထားတာလေးကို ထိန်းသိမ်းပြီး သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ လက်ရှိဒုတိယသရုပ်ဆောင်မင်းသမီးအဖြစ်နဲ့ဇာတ်ပို့ဇာတ်ရံကနေ ရိုက်နေတယ်။ ဗီဒီယိုဇာတ်ကား ၁၀ ကားရှိပါတယ်။ ဒါရိုက်တာ ကိုကျော်ဝင်းထွန်းနဲ့ လာဆိုလာထား၊ ဒါရိုက်တာ နန္ဒကျော်စွာနဲ့ ကျူးမဝင်ရ ဇာတ်ကားတွေမှာ သရုပ်ဆောင်ထားပါတယ်။ လက်ဦးဆရာလို့ ပြောရင် ညီမလေး ရွှေယမင်းပါပဲ။ ညီအစ်မနှစ်ယောက် ဝါသနာတူမို့ တိုင်တိုင်ပင်ပင်နဲ့ စွမ်းအားရှိသရွေ့ကြိုးစားထားပါတယ်။ ထိပ်ထားတို့ ညီအစ်မကို ပရိသတ်ကြီး အားပေးကြပါလို့။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# "အဆောင်" ဇာတ်လမ်းတွဲ မျက်နှာသစ်သရုပ်ဆောင်များနှင့် ရိုက်ကူးမည်

**သည်းထိတ်ရင်ဖိုချောက်ချားဖွယ်ရာ ဇာတ်လမ်းအဖြစ် ဖန်တီးပုံဖော်ရိုက်ကူးသွားမည့် "အဆောင်" ဟု အမည်ပေးထားသော ဇာတ်လမ်းတွဲကို Stellar Seven Entertainments က စီစဉ်ထုတ်လုပ်ရိုက်ကူးပြီး Fortune TV Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



အဆောင်ဇာတ်လမ်းတွဲတွင် ပါဝင်မည့်သရုပ်ဆောင်များ။

"ဒီကားလေးက ပရိသတ်တွေအတွက် ကြည့်ရတာနဲ့တန်အောင် ကျွန်တော်တို့ ပုံဖော်ရိုက်ကူးထားပါတယ်။ ဇာတ်လမ်းတွဲဆိုပေမယ့် ပျင်းစရာကောင်းတဲ့ပုံစံမျိုး မဟုတ်ဘဲ စိတ်ဝင်စားစရာတွေနဲ့ ပဟေဠိဆန်ဆန် ကျွန်တော်တို့ ရိုက်ကူးသွားမှာပါ။ အဆောင်ဆိုတဲ့ အဓိပ္ပာယ်လေးကတော့ ကျွန်တော်တို့ လက်ဖွဲ့အဆောင် ပုံစံမျိုးကို အဓိက ရည်ညွှန်းပြီး ရိုက်ပြမှာပေါ့နော်။ ပြီးတော့ ဒီဇာတ်ကားထဲမှာ ပါဝင်တဲ့ အနုပညာရှင်တွေဆိုလည်း ပရိသတ်မြင်နေကျမဟုတ်တဲ့ သရုပ်ဆောင်အသစ်တွေနဲ့ ရိုက်မှာပါ။ တစ်ခါမှ သရုပ်ဆောင်အလုပ်နဲ့ ထိတွေ့မှုမရှိသေးတဲ့ အလှမယ်တွေနဲ့ အတူ ဇာတ်လမ်းတွဲ သရုပ်ဆောင်အချို့လည်း ပါဝင်ကြမှာပါ" ဟု ဒါရိုက်တာ မလိခစိုးထိုက်အောင်က ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို ဇာတ်လမ်း၊ ဇာတ်ညွှန်း မယ်ခိုင်၊ ရွှေပြည့်နှင့်ဆုသြချယ်တို့က ရေးသားထားပြီး ဒါရိုက်တာ မလိခစိုးထိုက်အောင်က ဖန်တီးပုံဖော်ရိုက်ကူးသွားမှာဖြစ်ကာ ညိမ်းသော်၊ ဆုထက်ကုဋေ၊ စဝ်ယွန်းဝတီဦး၊ ဆုထက်၊ ဆုရည်ထက်၊ ဖြိုးပပထူး၊ မေစီမေ၊ ရွှန်းယမုံ၊ သဲသဲစုငြိမ်း၊ ဟိန်းဇာနည်ခိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ရက်ပ်အဆိုတော် 21 ဆာဗေ့ဂ်ျကို အမေရိကန်လူဝင်မှုကြီးကြပ်ရေးက ဖမ်းဆီး

ဂရမ်မီဆုဆန်ခါတင်စာရင်းဝင် ရက်ပ်အဆိုတော် 21 ဆာဗေ့ဂ်ျကို အမေရိကန် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး (အိုင်စီအီး) ကနေ တနင်္ဂနွေနေ့ကပဲ အတ္တလန်တာမှာဖမ်းဆီးခဲ့တယ်လို့ သိရပါတယ်။ ဆာဗေ့ဂ်ျဟာ အမေရိကန်မှာ တရားမဝင်နေထိုင်တဲ့အတွက် ဖမ်းဆီးခဲ့တာပဲဖြစ်တယ်လို့ အမေရိကန်အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့အစည်းက ပြောကြားခဲ့ပါတယ်။ ဆာဗေ့ဂ်ျရဲ့အမည်အရင်းကတော့ ရှာရာဘောင်အေဘာရာဟင်ဂျိုးဇက် ပဲဖြစ်ပြီး သူဟာ ဗြိတိန်နိုင်ငံသား တစ်ဦးဖြစ်ပါတယ်လို့ အိုင်စီအီးက ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယန်ကော့စ်က ပြောပါတယ်။ ဆာဗေ့ဂ်ျရဲ့ ဗီဇာသက်တမ်းဟာ ၂၀၀၆ ဇူလိုင်ကတည်းက ကုန်နေပြီဖြစ်ပြီး အဲဒီနောက်ပိုင်း အမေရိကန်မှာ တရားမဝင် ဆက်လက်နေထိုင်နေတာပဲ ဖြစ်တယ်လို့ ဘရိုင်ယန်က ပြောပါတယ်။

အခုအခါမှာတော့ သူ့ကိုဂျော်ဂျီယာပြည်နယ်မှာရှိတဲ့ အိုင်စီအီးထိန်းသိမ်းရေးစခန်းမှာထိန်းသိမ်းထားပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေး တရားသူကြီးများက သူ့ရဲ့ အနာဂတ်အစီအစဉ်အတွက် ဆုံးဖြတ်သွားမှာဖြစ်လို့ အိုင်စီအီးက အဲဒီအဆုံးအဖြတ်ကို စောင့်ဆိုင်းနေပါတယ်။ ဆာဗေ့ဂ်ျရဲ့ရှေ့နေကတော့ သူ့အမှုသည် လွတ်မြောက်ရေးကို အစွမ်းကုန်လုပ်ဆောင်နေပါတယ်။ ဆာဗေ့ဂ်ျဟာအတ္တလန်တာအခြေစိုက် အဆိုတော်တစ်ဦးဖြစ်ပြီး ၂၀၁၇ခုနှစ်တုန်းကလည်း ရက်ပ်အဆိုတော်အော့ဖ်ဆက်နဲ့အတူ တွဲပြီး Without Warning ဆိုတဲ့ အခွေထွက်ရှိထားပါတယ်။ **စီအင်န်အင်န်**




အဆိုတော် 21 ဆာဗေ့ဂ်ျ

### ဘာကြောင့် ရှာရှတ်ခမ်းနဲ့ အက်ရှေးကူးမားတို့ ဇာတ်ကားတစ်ကားတည်း အတူတွဲသရုပ်မဆောင်ဖြစ်တာလဲ

ဘောလိဝုဒ်မှာ နာမည်ကျော်မင်းသားတွေဖြစ်တဲ့ ရှာရှတ်ခမ်းနဲ့ အက်ရှေးကူးမားတို့ဟာ ဇာတ်ကားတစ်ကားတည်းမှာ အတူတွဲပြီး သရုပ်ဆောင်တာမျိုး မရှိသေးပါဘူး။ သီချင်းတွေမှာ အတူတွဲပြီး သရုပ်ဆောင်ပေမယ့် တစ်ကားလုံးတွဲပြီး သရုပ်ဆောင်တာမျိုး အခုထိတော့ ဖြစ်မလာသေးပါဘူး။ သူတို့နှစ်ယောက် တစ်ကားလုံးတွဲပြီး သရုပ်မဆောင်ဖြစ်ကြတဲ့ အကြောင်းအရာတွေလည်း နောက်ကွယ် မှာ ရှိကောင်းရှိနေနိုင်ပါတယ်။ မကြာသေးခင်က ပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာတော့ ရှာရှတ်ခမ်းက သူတို့ဘာကြောင့်တစ်ခါမှတွဲပြီး သရုပ်မဆောင်ဖြစ်တဲ့အကြောင်းကို ပြောပြထားပါတယ်။

ရှာရှတ်ခမ်းက သူ့အနေနဲ့အက်ရှေးကို သဘောကျပေမယ့် အလုပ်ချိန်မတူလို့လို့ ဖြေခဲ့ပါတယ်။ ရှာရှတ်ခမ်းက သူဟာ အက်ရှေးလို မနက်အစောကြီးမထနိုင်ဘူး။ အက်ရှေး အလုပ်လုပ်နေတဲ့အချိန်မှာ ရှာရှတ်ခမ်းက အိပ်နေတုန်းပဲဖြစ်ပြီး ရှာရှတ်ခမ်းအလုပ်စလုပ်တော့မယ့်အချိန်မှာတော့ အက်ရှေးက အိမ်ပြန်ဖို့ပြင်တဲ့အချိန်ရောက်သွားပြီလို့ ဖြေခဲ့ပါတယ်။ ကျွန်တော်ကတော့ ညကျမှလုပ်ငန်းခွင်ဝင်ရတာ ကြိုက်တယ်လေ။ လူအများကြီးကတော့ ကျွန်တော့်လို ညကျမှ ရှူတင်ရိုက်မှာ မဟုတ်ဘူးလို့ ရှာရှတ်ခမ်းက ဖြေပါတယ်။ အက်ရှေးကူးမားဟာ ရှူတင်မှာ အလုပ်ချိန်တိကျတာကို ကြိုက်ပြီး ရှာရှတ်ခမ်းကတော့ ညပိုင်းလောက်မှ အလုပ်လုပ်ရတာကို ကြိုက်ပါတယ်။ ဒါကြောင့်မို့ သူတို့ဇာတ်ကား အတူတွဲမရိုက်ဖြစ်တာပါလို့ ဖြေကြားခဲ့ပါတယ်။ **ဘောလိဝုဒ်လိုက်ဖ်**



ရှာရှတ်ခမ်းနဲ့ အက်ရှေးကူးမား

၆ါး

## ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၅၉)

# တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ



ဦးဟန်ညွန့် (ဥပဒေ)

**တရားလွှတ်တော်ရှေ့နေများကောင်စီ**

ပြီးခဲ့သောအပတ်က "တရားလွှတ်တော်ရှေ့နေများကောင်စီ" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားတင်ဆက်ခဲ့ပြီးပါပြီ။ ယခုဆက်လက်၍တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာအကြောင်း ဆက်လက်တင်ပြပါရစေ။ ရှေ့နေအားလုံးနှင့် သက်ဆိုင်မှာပါ။

**အစည်းအဝေးသတင်း**

တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေးကျင်းပသည့်သတင်းကို သတင်းစာများတွင် အောက်ပါအတိုင်း ဖတ်ရှုရသည်-

"တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၉) ကို ၂၀၁၉ ဇန်နဝါရီ ၂၁ ရက်နေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့အစည်းအဝေးတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအနေဖြင့် တရားလွှတ်တော်ရှေ့နေများ၏ ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်ထောက်ခံခြင်းနှင့် တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ၊ တာဝန်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သဘောထားပေးခြင်းတို့ကို အဓိကဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေဝင်ခွင့်လျှောက်ထားသူဦးရေ ၆၆၁ ဦးကို စိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း၊ သေဒဏ်ထိုက်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသူ ဆင်းရဲနွမ်းပါးသော တရားခံများအတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးလျက်ရှိရာ ၁-၉-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ရှေ့နေခကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပထမနေ့ ငွေကျပ် ၆၀၀၀ နှင့် အခြားရက် ငွေကျပ် ၅၀၀၀၊ အခြားတရားရုံးများတွင် ပထမနေ့ ငွေကျပ် ၅၀၀၀ နှင့် အခြားရက် ငွေကျပ် ၄၀၀၀ အသီးသီး တိုးမြှင့်ခွင့်ပြုပါကြောင်း။

တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးဖြစ်၍ ယခုအခါ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းပြီးပါက တရားလွှတ်တော်ရှေ့နေများကောင်စီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော် ရှေ့နေ ၁၁ ဦးအထိ ပါဝင်မည်ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ၏ အရည်အချင်းနှင့် ကျင့်ဝတ်သိက္ခာမြင့်မားရေးတို့ကို တန်ဖိုးထား၍ အများပြည်သူ အတွက် တရားမျှတမှုရရှိရေးကို အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

**ပြင်ဆင်သည့် ဥပဒေကြမ်း**

ပြင်ဆင်သည့် ဥပဒေကြမ်းအား နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီး ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေး ဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။ တရားလွှတ်တော်ရှေ့နေကြီးများကိုယ်တိုင် အဆိုပါဥပဒေကြမ်းအပေါ် ရှုထောင့်မျိုးစုံမှ အကြံပြု တင်ပြနိုင်မည်လည်း ဖြစ်ပါသည်။ လက်တွေ့အခက်အခဲများရှိပါက ထောက်ပြအကြံပြုနိုင်ပါသည်။ တစ်ဦးချင်းဖြစ်စေ၊



ပြည်ထောင်စုမြန်မာနိုင်ငံတော်

တရားရုံးချုပ်ရှေ့နေများကောင်စီ

ရှေ့နေ့ရှေ့ရှပ်များ၏ကျင့်ဝတ်သိက္ခာများ

တာဝန်များနှင့် အခွင့်အရေးများ

သတ္တမအကြိမ်ပုံနှိပ်ခြင်း

အဖွဲ့လိုက်ဖြစ်စေ အကြံပြုနိုင်ပါသေးသည်။

**ကျင့်ဝတ်သိက္ခာဟူသည်**

ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင် ဖြစ်သည်။ တာဝန်သိသိ၊ စေတနာရှိရှိဆောင်ရွက်ဖို့ အဓိကဖြစ်သည်။ အထူးသတ်မှတ်ပြဋ္ဌာန်းချက်ပင် မလိုအပ်။ အမှား အမှန်ခွဲခြားသိမြင်တတ်ရမည်။ အမှန်အတိုင်းကျင့်ဝတ်ကို စောင့်ထိန်းပါ။ ကျင့်သုံးပါ။ အလေ့အကျင့်ကောင်းတစ်ခု ဖြစ်ပါသည်။

**အစွပ်အစွဲကင်း**

စောင့်စည်းလျှင် သိက္ခာရှိသည်။ ဘယ်သူမှ အစွပ်အစွဲမရှိ။ စွပ်စွဲ၍ မရ။ အပြစ်ကင်းစင်သည်။ အများကြည်ညိုသည်။ လေးစားသည်။ အေးမြချမ်းသာသည်။ သတိပေး မခံရ။ ရပ်ဆိုင်းခြင်း မခံရ။ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်း မခံရ။

**ရုံးအရာရှိ**

ရှေ့နေသည် ရုံးအရာရှိဖြစ်သည်။ အမှန်တရား၏ ဘက်တော်သားလည်းဖြစ်သည်။ တရားရုံးကို ကူညီသူလည်း ဖြစ်သည်။ ပြည်သူ့အကျိုးဆောင်ဟု ပြောလျှင် မမှား။ တရားရုံးအပေါ်တွင် သစ္စာရှိ၊ အမှုသည်အပေါ် သစ္စာရှိ၊ ကျင့်ဝတ်သိက္ခာကို ခါးဝတ်ပုဆိုးပမာမြဲသည်။ ဥပဒေကို စောင့်ထိန်းသည်။ တစ်ဦးတစ်ယောက်ကြောင့် အဖွဲ့အစည်းမပျက်ဖို့ အရေးကြီးသည်။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး မပုပ်စေရ။

**သတိမူသင့်သော ကိစ္စများ**

ရှေ့နေရှေ့ရှပ်များသည် ဥပဒေပညာရှင်များ ဖြစ်ကြပါသည်။ ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာရပ်လည်း ဖြစ်ပါသည်။ ပညာရှိ သတိဖြစ်ခဲဆိုသကဲ့သို့ တစ်ခါတစ်ရံတွင် သတိကင်းလွတ်ပြီး အကျင့်သိက္ခာဖောက်ဖျက်မှုများဖြစ်တတ်ပါသည်။ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အဆင့်အားလုံးနှင့် သက်ဆိုင်ပေမည်။

(၁) **ရင့်သီးမောက်မာစွာပြောဆိုခြင်း** တရားလွှတ်တော် ရှေ့နေတစ်ဦးအနေနှင့် တရားခွင်တွင် ရင့်သီးမောက်မာစွာ ပြောဆိုမှုများ မပြုလုပ်သင့်ပါ။ ရိုင်းစိုင်းသော စကားလုံးများဖြင့် တစ်ဖက်သူအား ပြောဆိုခြင်း၊ ဟိန်းဟောက်ခြင်း၊ မသင့်လျော်သော အပြုအမူပြုခြင်း မလုပ်သင့်ပါ။

(၂) **လိမ်လည်တင်ပြပြီး ရက်ချိန်းတောင်းခံခြင်း**မျိုးမှာလည်း မသင့်လျော်ပါ။ ဥပမာ၊ ဆေးစာအတုဖြင့်၊ ထောက်ခံစာအတုဖြင့် တင်ပြခြင်းမျိုးဖြစ်ပါသည်။

(၃) **အမှုသည်ထံမှ ငွေကြေးလက်ခံရယူပြီး** တရားသူကြီးအားပေးရန်၊ ဥပဒေအရာရှိအားပေးရန်၊ ရဲအရာရှိအားပေးရန်စသည်ဖြင့် မဟုတ်မမှန်ဆောင်ရွက်ခြင်းမျိုးမှာလည်း ဆင်ခြင်ဖွယ်ဖြစ်ပါသည်။

(၄) **မိမိလိုက်ပါဆောင်ရွက်သည့် အမှုနှင့် ပတ်သက်၍** ဥပဒေကြောင်းအရ တင်ပြရန် အခွင့်အရေးရှိပါလျက် အမှုနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများသို့ တိုင်ကြားပေးခြင်း၊ တိုင်စာတွင် လက်မှတ်ရေးထိုးပေးခြင်းမျိုးမှာ မသင့်လျော်ပါ။

(၅) **အမှုသည် မသေဆုံးဘဲသေဆုံးကြောင်း** လိမ်ညာတင်ပြခြင်းမျိုးလည်း မဖြစ်သင့်။

(၆) **တရားသူကြီးနှင့် ခင်မင်ရင်းနှီးမှု**ကို အကြောင်းပြု၍ အမှုသည်များအပေါ် မသင့်မလျော်ပြုခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုသင့်။

(၇) **မိမိကိုယ်တိုင်သက်သေအဖြစ် ပါဝင်ရမည့်အမှု**တွင် ရှေ့နေလိုက်ပါ ဆောင်ရွက်ခြင်း မပြုသင့်။

(၈) **တရားရုံး ရုံးချိန်ပြင်ပတွင်** (တစ်ဖက်ရှေ့နေ၏ မျက်ကွယ်တွင်) မလျော်မကန်၊ အပုပ်ချပြောဆိုခြင်း၊ ရှေ့နေအချင်းချင်း၊ အမှုသည်အချင်းချင်း ရန်တိုက်ပေးခြင်း၊ မလျော်ပြုမူခြင်း၊ အမှုပွားခြင်း၊ ဥပဒေနှင့်မညီဆောင်ရွက်ခြင်းများ မပြုသင့်။

(၉) **အမှုဖြစ်ပစ္စည်း၊** တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းဆဲပစ္စည်းများနှင့် စပ်လျဉ်း၍ ကိုယ်ကျိုးရရန်အလို့ငှာ ကြိုတင်စာချုပ်ချုပ်ခြင်း၊ ကျင့်ဝတ်သိက္ခာကို ထိခိုက်စေသော မယုံသင်္ကာဖြစ်ဖွယ်ရာများ ပြုလုပ်မှုများ မပြုလုပ်သင့်။

(၁၀) **"အမှုနိုင်ကို နိုင်ရမည်၊ မနိုင်ရင်ငွေပြန်အမ်းမည်"** ဟု ပြောဆိုအမှုလိုက်ပါခြင်းမျိုးမပြောသင့်၊ မပြောအပ်သောစကား မပြောသင့်။ မလုပ်အပ်သော အလုပ် မလုပ်သင့်။

(၁၁) **ရှေ့နေ ရှေ့ရှပ်များသည် မမေးသင့်၊** မမေးထိုက်သော၊ မေးခွင့်မရှိသော မေးခွန်းများကို မမေးရ။ (သက်သေခံအက်ဥပဒေ ပုဒ်မ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂)

(၁၂) **တရားရုံး၏ အမိန့်ဒီကရီ**နှင့် ဆန့်ကျင်ကွဲလွဲစွာ သတင်းစာများတွင် ကြော်ငြာခြင်းမပြုလုပ်သင့်။

(၁၃) **တရားခံတစ်ဦးအပြစ်ဒဏ်မကျစေအောင်** ယင်းတရားခံ သေဆုံးသွားပြီဖြစ်ကြောင်း မဟုတ်မမှန်၊ လိမ်လည်၍ တရားရုံးသို့ မတင်ပြသင့်။

(၁၄) **ရှေ့နေတစ်ဦး၏ ပေါ့ဆမှုကြောင့်** နစ်နာမှု မဖြစ်စေရန် အထူးသတိဝီရိယထားရှိအပ်သည်။ မိမိပေါ့ဆမှုအပေါ်အမှုသည်က နစ်နာမှုကို ပြန်လည်တရားစွဲနိုင်ကြောင်း သတိပြုသင့်ပါသည်။

**စေတနာ**

ဘားကောင်စီဝင်တရားလွှတ်တော်ရှေ့နေကြီးဦးမျိုးချစ်နှင့်စပ်မိစပ်ရာ ဆွေးနွေးခဲ့ခြင်းပါ။ အလုပ်သင်ရှေ့နေလူငယ်များအတွက် အထူးသိသင့်သည့် စေတနာဖြန့်ဝေခြင်းပါ။ ကြုံဖူးသည့် အတွေ့အကြုံတွေလည်း ဝေမျှချင်ပါသေးသည်။ ကျွန်တော်တို့လည်း မသိတာတွေ အများကြီးရှိသေးသည်။ လေ့လာရဦးမည်ဟု တွေးခေါ်မိသောကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

> 'ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင် ဖြစ်သည်။ တာဝန်သိသိ၊ စေတနာရှိရှိဆောင်ရွက်ဖို့ အဓိကဖြစ်သည်။ အထူးသတ်မှတ်ပြဋ္ဌာန်းချက်ပင် မလိုအပ်။ အမှား အမှန်ခွဲခြားသိမြင်တတ်ရမည်။ အမှန်အတိုင်းကျင့်ဝတ်ကို စောင့်ထိန်းပါ။ ကျင့်သုံးပါ။ အလေ့အကျင့်ကောင်းတစ်ခု ဖြစ်"

## အသက်(၁၈)နှစ်ပြည့်ပြီး ပထမအကြိမ်မဲပေးမည့် လူငယ်များအတွက်ရက်တိုသင်တန်းဖွင့်

**ပင်းတယ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ဈေးတန်းရပ်ကွက်ရှိ ကောင်းကောင်း စားသောက်ဆိုင်၌ အသက် (၁၈) နှစ်ပြည့်ပြီး ပထမအကြိမ်မဲပေးမည့် လူငယ်များအတွက် နိုင်ငံသားအသိပညာပေး ရက်တိုသင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ပင်းတယမြို့နယ် ရပ်ကွက်ကျေးရွာများမှ စိတ်ပါဝင်စားသူသည့် လူငယ်များ တက်ရောက်ခဲ့ပြီး ယခုသင်တန်းကို တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်း၊ ကယား ၊ ကရင်နှင့် မွန်ပြည်နယ်များရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်များတွင် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ဘားအံ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ခြံကလေးကျေးရွာ အောင်ရတနာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ယမန်နေ့က ကျေးရွာဒေသခံများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ခြံကလေးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မူးယစ်တပ်ဖွဲ့ ၃၁ ဘားအံမှ တပ်ဖွဲ့စုမှူး ရဲမှူး သန်းမင်းက ကျေးရွာအဆင့် မူး၊ စိတ်၊ တားဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး အမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကို တက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



သင်တန်းသားများအား ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားစဉ်။

## ပဲခူးမြို့၌ ဆည်ရေစီမံခန့်ခွဲမှုသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၅**

ဆည်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် စိုက်ပျိုးရာသီချိန်တွင် ဆည်ရေကို အလေအလွင့်နည်းပါးစွာ ပေးဝေနိုင်ရန် ရည်ရွယ်၍ ကွင်းလုပ်ငန်းများအတွင်း ဆည်ရေပေးဝေမှု လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် အကောက်ခွန်မှူးများနှင့် လက်ထောက်အကောက်ခွန်မှူးများအတွက် ဆည်ရေစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ် (၃) အား ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲကို ယမန်နေ့က ပဲခူးမြို့၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မိမိတို့၏ ဆည်ရေပေးဝေမှုလုပ်ငန်းများသည် ၇၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်နေ တောင်သူများအတွက် ဆောင်ရွက်ပေးနေရသည့် လုပ်ငန်းများဖြစ်သောကြောင့် သင်တန်းသားများက တောင်သူလယ်သမား၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေရခြင်းဖြစ်သည်ဟု မှတ်ယူထားကြရန် လိုအပ်ကြောင်း၊ ရေရရှိမှု အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်သည့်အတွက် မိမိတို့အတွက်လည်း လုပ်ငန်းနှင့်ယှဉ်တွဲ၍ ကုသိုလ်ပါရရှိသည့် လုပ်ငန်းများဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြောင်းအလိုက် ရေသောက်ဧရိယာများ ပြုစုခြင်း Form B113 ပြုစုရေးသွင်းရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ ရေခွန်ကို စနစ်တကျ ကောက်ခံခြင်းအတွက် လုပ်ထုံး လုပ်နည်းများ၊ ဆည်ရေကို အကျိုးရှိစွာ ပေးဝေနိုင်ရန်အတွက် ဆည်ရေစီမံခန့်ခွဲမှု ဘာသာရပ်များ အစရှိသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းသို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အကောက်ခွန်မှူးနှင့် လက်ထောက်အကောက်ခွန်မှူး ၄၇ ဦးတက်ရောက်ကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲရှိ ရေ၊ မြေ၊ ကွန်ကရစ် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

## ဇဖဲမြို့နယ်၌ ဝါးစိုက်ပျိုးခြင်းနှင့် ဝါးအချောထည်ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

**ဇဖဲ ဖေဖော်ဝါရီ ၅**

မင်းဘူးခရိုင် ဇဖဲမြို့နယ် ပဒါန်းကျေးရွာ ကျောက်တန်းလေးမိုးကုတ်ဓမ္မရိပ်သာ၌ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဝါးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ဝါးနှင့်ပတ်သက်သော အချောထည် အသုံးအဆောင်များ အသုံးပြုတတ်စေရန်နှင့် ဒေသခံပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန် ရည်ရွယ်၍ ဝါးစိုက်ပျိုးခြင်းနှင့် ဝါးအချောထည်ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းကြူတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဝါးလုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးဇော်မင်းနိုင်က ဝါးအချောထည်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသားများ တက်ရောက်ကြပြီး ဝါးစိုက်ပျိုးရေး၊ ဝါးထိန်းသိမ်းထုတ်လုပ်ခြင်း၊ ဝါးပရိဘောဂများ ပြုလုပ်ခြင်း၊ ဝါးအသုံးပြုပြီး ဆောက်လုပ်ခြင်း၊ ဝါးမီးသွေးထုတ်လုပ်ခြင်း၊ ဝါးပေါင်းခံရည် ထုတ်လုပ်ခြင်း၊ ဝါးဆပ်ပြာထုတ်လုပ်နည်းများကို သင်တန်းနည်းပြ ငါးဦးက ဖေဖော်ဝါရီ ၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ဇဖဲ)**

## ခရမ်းရွှေဝါနှင့် အညာရွှေဝါ ပဲတီစိမ်းများ ရာသီပေါ်စ အမြင့်ဈေးဖြင့် အရောင်းသွက်နေ

**မန္တလေး ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ လှိုင်လှိုင်ပေါ် စတင်ဝင်ရောက်လာသည့် အရည်အသွေးကောင်းမွန်သော ခရမ်းရွှေဝါနှင့် အညာရွှေဝါအမျိုးအစား ပဲတီစိမ်းများ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် အမြင့်ဈေးဖြင့် အရောင်းသွက်လျက်ရှိသည်။

အဆိုပါ ပဲအမျိုးအစားများအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရမ်းသုံးခမြို့နယ်များမှ ထွက်ရှိလာသည့် ခရမ်းရွှေဝါပဲတီစိမ်းသီးနှံမှာ အရည်အသွေးကောင်းမွန်ပြီး ယခင်နှစ် ယခုလို ရာသီအချိန်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်း ရှစ်ထောင်ရရှိခဲ့ပြီး ယခုနှစ်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်မားမှုကြောင့် ငွေကျပ် တစ်သိန်းနှစ်သောင်းခြောက်ထောင်နှုန်းအထိ ရရှိလာကြောင်း သိရသည်။

"အခုရာသီက ပဲတီစိမ်းလှိုင်လှိုင် ထွက်ပေါ်စအချိန်ဆိုတော့ မန္တလေးဈေးကွက်ကို နေ့စဉ် ၁၂ ဘီး ယာဉ်နဲ့ ၁၀ စီးလောက် ဝင်ရောက်နေတယ်။ ဈေးကွက်ရဲ့သဘောက လှိုင်လှိုင်ပေါ်ရင် ဈေးက ကျဆင်းသွားတတ်ပေမယ့် ဒီနှစ်မှာ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားက သိပ်ကောင်းနေတဲ့အတွက် ဈေးမကျသွားဘဲ ခေါ်ဈေးနဲ့ လိုက်ဝယ်နေကြတယ်။ အရည်အသွေးကလည်း ကောင်းပြီး ဝယ်လိုအားကောင်းနေတဲ့ အပြင် အထွက်နှုန်းကလည်း ပုံမှန်ရှိနေတဲ့အတွက် ခရမ်းသုံးခဘက်တောင်သူတွေ ဝမ်းသာနေကြတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ စဉ့်ကူးမြို့နယ်များမှ ထွက်ရှိလာသည့် အညာရွှေဝါအမျိုးအစား ပဲတီစိမ်းသီးနှံမှာလည်း ယခင်နှစ်က သုံးတင်းဝင် တစ်အိတ်လျှင် ကိုးသောင်းရှစ်ထောင်နှုန်းသာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် တစ်သိန်းငါးထောင်နှုန်းအထိ ဈေးပေးဝယ်ယူလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး တောင်ငူ၊ ဇေယျဝတီ၊ ကျောက်တံခါး မြို့နယ်များမှ ထွက်ရှိလာသည့် ပဲတီစိမ်းများမှာ ယခင်နှစ်က သုံးတင်းဝင် တစ်အိတ်လျှင် ရှစ်သောင်းခြောက်ထောင်နှုန်းမှ ယခုနှစ်တွင် ကိုးသောင်းခြောက်ထောင်နှင့် တစ်သိန်းကြားတွင် ရှိနေကြောင်း သိရသည်။

ပဲတီစိမ်းကို တစ်ရာသီတွင် သီတင်းကျွတ်နှင့် တန်ခူးလများတွင် သီးထပ်စိုက်ပျိုးကြပြီး မိုးသီးနှံနှင့် ဆောင်းသီးနှံအဖြစ် ထွက်ရှိကာ တောင်သူများ ပြည်ပပို့ကုန်အဖြစ် အဓိက အားထားစိုက်ပျိုးကြသည့် သီးနှံဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**



ကုန်စည်ဒိုင်ရောက် ပဲတီစိမ်းအမျိုးမျိုးကို တွေ့ရစဉ်။



ပြပွဲတွင် ပြသမည့် ပန်းချီကားတစ်ချပ်

## ရောင်စုံကမ္ဘာ အမည်ရပန်းချီပြပွဲ မန္တလေးတောင်ခြေပန်းချီပြခန်း၌ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၅**

ပန်းချီဆရာ ၁၉ ဦး၏ လေးကြိမ်မြောက် ရောင်စုံကမ္ဘာ အမည်ရ ပန်းချီပြပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ခြေ ပန်းချီပြခန်း "Mandalay Hill Art Gallery Near Two Guardian Lions" ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၉ ဦး၏ ပန်းချီကား ၆၀ ခန့် ပြသမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုက်လစ်၊ မီဒီယမ် ပန်းချီအမျိုးအစားများ ပါဝင်မည်ဖြစ်ပြီး မန္တလေးနှင့် ရန်ကုန်မှ ပန်းချီဆရာများ ပါဝင်ပြသမည် ဖြစ်သည်။ ပန်းချီကား ဈေးနှုန်းများမှာ အနည်းဆုံး တစ်သိန်းမှ အများဆုံး ငွေကျပ် ကိုးသိန်းအထိ ပါဝင်သည်ဟု ပန်းချီဆရာ မင်းသားကြီးက ပြောသည်။

ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ လာရောက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းဖွင့်

**ကျွန်းလှ ဖေဖော်ဝါရီ ၅** - စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းကို ယနေ့နံနက်က ကျွန်းလှမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သုံးရက်ကြာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြန်မာ့ကျောက်မျက်ရတနာဥပဒေပြဋ္ဌာန်း

**မြန်မာ့ကျောက်မျက်ရတနာဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)**

**၁၃၈၀ ပြည့်နှစ်၊ပြာသိုလပြည့်ကျော် ၁၀ရက်**

**(၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ၃၀ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညံ့နီလာ၊ နဂါးသွဲ့ ၊ ကြံ့ဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ခတ်ရောင်ပြန်ကျောက် (Fluoride)၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုး အုပ်စုဝင် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်းအုပ်စု၌ ပါဝင်သောရတနာတန်းဝင်ကျောက်များနှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ခ) **ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ သဘာဝအတိုင်းရှိနေသော ကျောက်မျက်ရတနာအရိုင်းကို ရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(ဂ) **ကျောက်မျက်ရတနာအရိုင်း** ဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာအရိုင်းတုံးများ နှင့် အပိုင်းအစများကို ဆိုသည်။

(ဃ) **ကျောက်မျက်ရတနာအချောထည်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ထပ်မံဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းစသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။

(င) **လက်ဝတ်ရတနာ** ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည် ပါရှိသည့် လက်ဝတ် ရတနာကို ဆိုသည်။

(စ) **ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း** ဆိုသည်မှာ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသောပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာပါဝင်သောပစ္စည်းကို ဆိုသည်။

(ဆ) **လက်ဝတ်ရတနာပြုလုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ အချောထည်ကို လက်ဝတ်ရတနာပြုလုပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(ဇ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက် ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကို ဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ဖြစ်စေ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေ အရ ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ည) **ရတနာခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက် ရတနာ အချောထည်၊လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက် ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချခြင်းအတွက် ဤဥပဒေအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဋ) **တွင်းဝခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းမှ မူလအတိုင်း ထွက်ရှိလာသော ကျောက်မျက်ရတနာများအပေါ် ဤဥပဒေအရ ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဌ) **ဝန်ဆောင်ခ** ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကို ဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့် တင်ပြရောင်းချခြင်း၊ ဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် ဤဥပဒေနှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကို ဆိုသည်။

(ဍ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ မြန်မာကုမ္ပဏီအဖြစ် ဖွဲ့စည်းထားပြီး ဝန်ကြီးဌာနတွင် ကျောက်မျက်ရတနာ လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ထားသည့် ကုမ္ပဏီကို ဆိုသည်။

(ဎ) **အသင်း** ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမ အသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းကို ဆိုသည်။

(ဏ) **အလတ်စားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ရတနာနယ်မြေ၌ ငါးဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းအတွင်း ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တူးဖော်မှုနည်းစနစ်နှင့် စက်ယန္တရားတို့ အသုံးပြု၍ သုံးနှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(တ) **အသေးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာ၌ သုံးဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းအတွင်း ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တူးဖော်မှုနည်းစနစ်နှင့် စက်ယန္တရားတို့ အသုံးပြု၍ နှစ် နှစ်အထိကျောက်မျက်ရတနာ တူးဖော် ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီး ဝန်ကြီး ဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ်ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုသည့် နယ်မြေ ဧရိယာတွင် တစ်ဧကထက် မပိုသော လုပ်ကွက်အကျယ်အဝန်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားများ စည်းကမ်းနှင့်အညီ တစ်နှစ်အထိ ဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဒ) **မြေအသုံးပြုခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်း သိုလှောင်ရုံနှင့် တဲတန်းလျားများ ဆောက်လုပ်ရေးအတွက် လည်းကောင်း၊ ယာဉ်၊ စက်၊ ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက်လည်းကောင်း၊ မြေစာဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို သတ်မှတ်ထားသော ကာလအတွင်း အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဓ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင် များအသင်းချုပ်ကို ဆိုသည်။

(န) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကျောက်မျက် ရတနာကြီးကြပ်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဖ) **တန်ဖိုးဖြတ်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက် ရတနာ တန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။

(ဗ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဘ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်သူ** ဆိုသည်မှာ အဆိုပါ ထုတ်လုပ်ခွင့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံ တင်ထားသော နိုင်ငံသားကို ဆိုသည်။

(မ) **ရတနာနယ်မြေ** ဆိုသည်မှာ ကျောက်မျက်ရတနာထွက်ရှိသည့် နယ်မြေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ရတနာနယ်မြေအဖြစ် သတ်မှတ် ထားသည့် နယ်မြေကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ ဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ တူးဖော် ထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို ခွင့်ပြု မိန့်နှင့် လိုင်စင်ရရှိသူများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်၊

(ဂ) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကို အချိန်အခါမရွေး လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက် ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊

(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့ တရားမဝင်တင်ပို့ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရန်နှင့် ပြည်ပမှ တရားမဝင် တင်သွင်းခြင်းများကို ထိန်းချုပ်ရန်၊

(င) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ခတ်ခွဲခန်း လုပ်ငန်း၊ သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်နှင့် ကျောက်မျက် ရတနာလုပ်ကွက်များ စနစ်တကျ ပိတ်သိမ်းပြီးနောက် မြေယာပြုပြင် ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်။

**အခန်း(၃)**

**ရတနာနယ်မြေသတ်မှတ်ခြင်း**

၄။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာကို စီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်သည့် သက်ဆိုင်ရာ နယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့် နှင့် အခြားအခွင့်အရေးများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ရတနာနယ်မြေ အဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာဆုံးရှုံးနိုင်ဖွယ်ရာ ရှိ မရှိနှင့် စပ်လျဉ်း၍ဖြစ်စေစုံစမ်းစစ်ဆေးပြီး သင့်လျော်သော အခွင့်အရေး များ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေရမည်။ ထိုသို့ ဆောင်ရွက်ရာ တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုး ပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရတနာနယ်မြေ အဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်သော ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့်အဆောက်အအုံများ၊ ပစ္စည်းများနှင့် စက်ပစ္စည်း ကိရိယာများကို သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုလျှင် အဆိုပါပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်းပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မည်သည့်နစ်နာဆုံး ရှုံးမှုအတွက်ကိုမျှ ပေးလျော်ရန် တာဝန် မရှိစေရ။

၅။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့်နယ်မြေတွင် မြို့သို့မဟုတ် ကျေးရွာလူနေ အိမ်များ တိုးချဲ့ခြင်း၊ သာသနာ့နယ်မြေသတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင် ခြင်း၊ သစ်တောစိုက်ခင်းတိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်း သို့မဟုတ် ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်းတည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၆။ ဤဥပဒေ မပြဋ္ဌာန်းမီက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ရှိရင်းစွဲ ရတနာမြေများသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ရတနာနယ်မြေများ ဖြစ်သည်ဟု မှတ်ယူရမည်။

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာ နယ်မြေတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၈။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေ၏အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာ အောက်တွင်ဖြစ်စေ၊ နိုင်ငံတော် နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဖြစ်စေ သဘာဝအလျောက် တွေ့ရှိရသော ကျောက်မျက်ရတနာသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရ မည်။

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှ*

### အခန်း(၄)
### အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ကျောက်မျက်ရတနာ လုပ်ကွက်သတ်မှတ်ခြင်း

၉။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့် နေရာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အလတ်စားကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရာတွင် လုပ်ကွက်တစ်ခုနှင့်တစ်ခုအကြား မြေစာစွန့်ပစ်လမ်း ချန်လှပ်ထားရမည်။

### အခန်း(၅)
### ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်

၁၀။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော် ထုတ်လုပ်ခြင်းလုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သော ဈေးနှုန်းကို သတ်မှတ်၍ အဆိုပြုလွှာခေါ်ယူရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက သတ်မှတ်ချက်များနှင့်အညီ တင်ဒါစနစ်ဖြင့် ရွေးချယ်ရမည်။

၁၁။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရလည်းကောင်း၊ အသင်းသည်အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရှိရမည်။ ထို့ပြင်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်လည်း ညီညွတ်ရမည်။

၁၂။ ပုဒ်မ၁၁ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ဝန်ကြီးဌာနက အလတ်စားတူးဖော် ထုတ်လုပ်ခြင်းလုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာ တင်ခွင့်ရှိသည်။

၁၃။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော် ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် ညီညွတ်၍ ရွေးချယ်အတည်ပြုထားသော အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၁၄။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။

၁၅။ ဝန်ကြီးဌာနသည်-

(က) အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာလုပ်ကွက်များ၏ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို စိစစ်သုံးသပ်ပြီး ခွင့်ပြုမိန့်သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခွင့်ပြုသော အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် လိုအပ်ပါက ဈေးနှုန်းပြန်လည်သတ်မှတ်ပြီး သုံးနှစ်ထိ တစ်ကြိမ်သာ ခွင့်ပြုမိန့်သက်တမ်းတိုးပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျောက်မျက်ရတနာ ထွက်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အဆိုပြုသော ဒေသခံပုဂ္ဂိုလ် သုံးဦးထက်မနည်း ပါဝင်ပြီး အဖွဲ့ဝင် ကိုးဦးထက်မပိုသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၇။ (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့် နေရာဒေသများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ကွက်သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရာတွင် လုပ်ကွက် တစ်ခုနှင့် တစ်ခုအကြား မြေစာစွန့်ပစ်လမ်း ချန်လှပ်ထားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် နေရာဒေသအတွင်းရှိ မြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့် ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုမိန့်သက်တမ်းနှင့် ဈေးနှုန်းကို သတ်မှတ်ပေးရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက သတ်မှတ်ချက်များနှင့်အညီ တင်ဒါစနစ်ဖြင့် ရွေးချယ်ရမည်။

(ခ) သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူ သို့မဟုတ် ရွေးချယ်ခံရသူက သတ်မှတ် ကာလအတွင်းပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်ပါက ဈေးနှုန်းပြန်လည်သတ်မှတ်ပြီး နှစ်နှစ်အထိ တစ်ကြိမ်သာ ခွင့်ပြုမိန့်သက်တမ်းတိုးပေးရမည်။

(ဃ) လက်ရှိလုပ်ငန်း လုပ်ကိုင်နေသူသည် ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသော ဈေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် သက်တမ်းတိုးခွင့်ပြုမိန့်ထုတ်ပေးရမည်။

(င) လက်လုပ်လက်စားတူးဖော်ထုတ်လုပ်လိုသူ နိုင်ငံသားတစ်ဦးချင်းကို သတ်မှတ်ချက်များနှင့်အညီ တစ်နှစ်သက်တမ်းဖြင့် မှတ်ပုံတင်ပေးရမည်။

၁၉။ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူက ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန် နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်ပေးရမည်။

၂၀။ (က) အလတ်စားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်ပြုမိန့် ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) ဝန်ကြီးဌာနသည် -

(၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ မြေအသုံးပြု ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

(၂) ပုဒ်မခွဲငယ် (၁) အရ မြေအသုံးပြု ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ခွင့်ပြုမိန့်ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်းသုံးနေရာ တစ်ခုခုအတွက် မြေအသုံးပြု ခွင့်ပြုမိန့်သက်တမ်းနှင့် မြေငှားရမ်းခတို့ကို သတ်မှတ်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) အရ သတ်မှတ်ပေးသည့် မြေအသုံးပြု ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

### အခန်း(၆)
### ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၂၁။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာတန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေအရ တွင်းဝခွန်၊ ရတနာခွန်နှင့် ဝန်ဆောင်ခပေးဆောင်ရမည့်အပြင် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိုက်သင့်သည့်အခွန်များ ပေးဆောင်ရမည်။

(င) ရရှိထားသော ခွင့်ပြုမိန့်ကိုတစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်း မပြုရ။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်တစ်ခုချင်းအလိုက် ကျောက်မျက်ရတနာများ တူးဖော် ထုတ်လုပ်မှု၊ တွင်းဝခွန်ပေးဆောင်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရောင်းချမှုနှင့် ကျန်ရှိမှုကို ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ခြောက်လတစ်ကြိမ် မပျက်မကွက် တင်ပြရမည်။

(ဆ) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ၊ အကျိုးအမြတ်အပေါ်မှ မျှဝေခံစားခွင့် သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆ ဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်၊ စစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

၂၂။ ခွင့်ပြုမိန့်ရရှိသူသည် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ တွင်းဝခွန်ထမ်းဆောင်ပြီးဖြစ်လျှင် တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသောကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တု ရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို-

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့် ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင်လည်းကောင်း၊ ဝန်ကြီးဌာနက ခွင့်ပြုသည့် သက်ဆိုင်ရာဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများတွင် နိုင်ငံခြားသုံးငွေဖြင့် ရောင်းချတင်ပို့ခွင့်ရှိသည်။

(ဃ) ကျောက်မျက်ရတနာ အချောထည်ကို လည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း-

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင် လည်းကောင်း၊ ဝန်ကြီးဌာနက ခွင့်ပြုသည့် ဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) ပြည်ပမှရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပ ကျောက်မျက်ရတနာပြပွဲများတွင် သွားရောက်ရောင်းချခွင့်ရှိသည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သည့်ကျောက်မျက်ရတနာ တန်ဖိုးကို မကျေနပ်ပါက ပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ တင်ပြခွင့်ရှိသည်။

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာ ပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကွက်အတွင်းမှ ကျောက်မျက်ရတနာ မဟုတ်သော အခြားတွင်းထွက် သို့မဟုတ် ဓာတ်သတ္တုများတွေ့ရှိပါက ဝန်ကြီးဌာနသို့ သတင်းပေးပို့အပ်နှံရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# Myat Myittar Mon Petrol Groups

## ၏ပထမအကြိမ် ကံစမ်းမဲဖွင့်ပွဲမှပေါက်မဲနံပါတ်များ

### Range Rover Evoque



**AH544782**

### Honda NCX Wave 100



AA166845 , AB579164 , AC9876011
AE625232 , AE881945 , AE997422
AF135756 , AF343134 , AF359389
AF468887 , AF733753 , AF751666
AG362489 , AG943437 , AH312884
AH527974 , AI126697 , AI471891
AI829162 , AI877615 , AI878345
AJ942321 , AK445874 , AL177322
AL238813 , AL358773 , AM663764
AM948877 , AN549943 , AN769911
AO982666 , AS173565 , AS456133
AT457358 , AU843314

### I Phone -X (256) G



AD249682 , AE526688
AF225176 , AF227237
AR574737 , AF693432
AD185441 , AN371239
AA63862 , AD583836
AF677639 , AH597137
AH745941 , AO435578
AK355241 , AL275192

### Toyota Avanza



AA887396 , AC245753
AF184282 , AH337545 ,
AJ261993 , AM289882
AN737846 , AN938517
AP767976 , AS586411
AT932294

*** ထုတ်ယူသည့်နေ့ကူပွန်မဲ စည်းကမ်းချက်များ ***

၁။ နံပါတ်မပါသော မပြည်စုံသော၊အမှတ်အသား ပျက်စီးနေသောကူပွန်များ၊ စုတ်ပြဲပျက်စီးနေသောကူပွန်များ၊တစုံတရာ ပြင်ဆင်ထားသော ကူပွန်များအားစုမဲအဖြစ်လက်ခံထုတ်ပေးမည်မဟုတ်ပါ။
၂။ ပေါက်မဲ လာရောက်ထုတ်ယူရာတွင် မှတ်ပုံတင် (မူရင်း)(သို့မဟုတ်)ပေါက်မဲလက်မှတ်၊ဖုန်းနံပါတ်ပြည့်စုံစွာတင်ပြနိုင်မှသာ ဆုလက်ဆောင်အား ထုတ်ပေးမည်ဖြစ်သည်။
၃။ ဆုမဲ များအား ပေါက်မဲဖွင့်သည့်နေ့မှစ၍ ၂၀၁၉ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ ဖုန်းဖြင့်ဖြစ်စေ မြတ်မေတ္တာမွန် ရုံးချုပ်သို့(သို့မဟုတ်)မိတ်ဖက် Companyများအားဆက်သွယ်အကြောင်းကြားရမည်ဖြစ်သည်။
၄။ ပထမအကြိမ်ပေါက်သော ဆုလက်ဆောင်များအား သက်မှတ်ရက် အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါကဒုတိယအကြိမ်ဖွင့်သော ကံစမ်းမဲ ပွဲတွင် ဖောက်မည့် ဆုမဲများအတွင်း ထည့်ပေးသွားမည်ဖြစ်သည်။

*** ကူပွန်မဲ စည်းကမ်းချက်များ ***

၁။ ပထမ အကြိမ် ဖောက်မဲ နံပါတ်များမှာ AA 111111 မှ AV 186678 ထိ စုမဲပေါင်း 5452752 ဖြစ်ပါသည်။
၂။ ပထမအကြိမ်ဖောက်မည့် ဆုမဲများမှာ Range Rover Evoque
(၁) စီး၊ Toyota Avanza (၁၁)စီး ၊ Honda Wave NCX (၃၅)စီး ၊ I Phone X (၁၆) လုံး ၊ Mi A2 Lite (၆၅၀)လုံးတို့ဖြစ်ပါသည်။

### MI A2 Lite



| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| AD225478 | AA258189 | AJ977636 | AE927589 | AS923398 | AF349841 | AJ696378 | Ai181868 | AN421673 | AE576969 | AH932596 | AK742669 | AM877226 |
| AD227695 | AD969997 | AO727155 | AE927942 | AT454653 | AF352457 | AK185349 | AI447353 | AA656399 | AE594113 | AH955872 | AK744943 | AM883952 |
| AO212979 | AA267494 | AQ139553 | AE978524 | AT455969 | AF356781 | AK457834 | AI451982 | AA664914 | AE596566 | AH965799 | AM732839 | AM972124 |
| AO215535 | AD986326 | AQ148168 | AE982216 | AT462825 | AF361896 | AK458916 | AI453283 | AA671452 | AE642126 | AH989362 | AN135823 | AM992777 |
| AD658433 | AD987997 | AO756199 | AF226117 | AB253261 | AF362477 | AK464182 | AI493813 | AA671769 | AE646771 | AH991469 | AN162135 | AM995688 |
| AD684481 | AD999222 | AO758845 | AF364278 | AC444432 | AF532134 | AK627731 | AI516348 | AB448749 | AE648914 | AI271932 | AN272683 | AM999396 |
| AG144884 | AE112852 | AQ271825 | AF365132 | AC451547 | AF737882 | AK635534 | AI885821 | AB561587 | AF121791 | AI276123 | AD238318 | AM999654 |
| AG446962 | AE242827 | AO777895 | AF376785 | AC715371 | AJ536868 | AL354478 | AI885899 | AB566632 | AF443845 | AI287144 | AK419357 | AN121157 |
| AG447169 | AE483439 | AO781347 | AF711967 | AC718132 | AJ653728 | AL824997 | AI913975 | AB577734 | AF473142 | AI294959 | AG419231 | AN132561 |
| AB326657 | AE487391 | AQ614317 | AF712794 | AE675469 | AK489474 | AL851284 | AJ224164 | AB613949 | AF628229 | AI323327 | AF154157 | AN472324 |
| AB329696 | AE493725 | AQ347647 | AF755648 | AE736751 | AK495518 | AR799214 | AJ232292 | AB617455 | AF651218 | AI327644 | AF262469 | AN614621 |
| AB355434 | AH757148 | AQ648255 | AF758669 | AF548796 | AK498162 | AR964824 | AJ253879 | AB619982 | AF826782 | AP988629 | AF292937 | AN653658 |
| AB365412 | AE538749 | AQ648627 | AF761961 | AK165852 | AK498282 | AS382793 | AM235435 | AB923647 | AF875244 | AQ213659 | AF344674 | AN778592 |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| AB385122 | AI956328 | AQ659236 | AJ492585 | AL319137 | AK657963 | AS386112 | AM241685 | AB974114 | AF885873 | AA277122 | AF456417 | AN783653 |
| AB474172 | AE548316 | AQ665533 | AJ493918 | AL616798 | AK663418 | AS392444 | AM248956 | AC271112 | AG224271 | AE321136 | AF665766 | AF942312 |
| AA122357 | AH777429 | AS426394 | AJ511272 | AL617194 | AK664184 | AS544638 | AM268826 | AC271696 | AG282387 | AN526522 | AF836287 | AF951723 |
| AB477575 | AH782641 | AS429255 | AJ684739 | AR892537 | AL596286 | AS851795 | AM278134 | AC285249 | AG576518 | AN551456 | AF839971 | AF956223 |
| AB478393 | AH786575 | AS781829 | AK195612 | AB798554 | AL828326 | AS854545 | AM282835 | AC542615 | AG611729 | AN552997 | AF937812 | AF977157 |
| AA139359 | AE829672 | AS443451 | AK197795 | AC492611 | AL829828 | AA451116 | AM297257 | AC959447 | AG844579 | AN574274 | AG817227 | AF983163 |
| AB491554 | AH788944 | AS467565 | AK211696 | AF416976 | AR571156 | AA455739 | AM394815 | AC959869 | AG858523 | AN574618 | AG856349 | AF999764 |
| AB493662 | AE832733 | AS481831 | AK233733 | AF741131 | AR575396 | AA466641 | AM395615 | AC963597 | AH186187 | AN579758 | AG872397 | AG113625 |
| AA146727 | AI985795 | AS493929 | AK443448 | AF743928 | AR577758 | AA471438 | AM424659 | AC971555 | AH189281 | AN685261 | AH415548 | AG127591 |
| AA147949 | AH798841 | AV163637 | AK449952 | AK425126 | AR615664 | AA488418 | AM739384 | AD285263 | AH189544 | AN718494 | AH472744 | AG311911 |
| AA149243 | AH813913 | AA561143 | AK876445 | AK426354 | AS237737 | AA498747 | AM742472 | AD323285 | AH444475 | AN735785 | AH595484 | AG315187 |
| AD387975 | AJ113947 | AC674655 | AK882526 | AK435444 | AS338746 | AA524567 | AM761628 | AD334572 | AH456135 | AN752619 | AH842885 | AG315719 |
| AD388173 | AH816999 | AD396572 | AK887285 | AK436523 | AS341849 | AA528273 | AM766766 | AD544913 | AH598486 | AN824888 | AH888214 | AG323234 |
| AG163493 | AJ122352 | AF246459 | AK887552 | AK652665 | AS722916 | AC852178 | AM781464 | AD556319 | AJ875995 | AO991515 | AI235737 | AG348939 |
| AB552462 | AH825969 | AR927159 | AL125714 | AK655749 | AS723368 | AC853446 | AM789245 | AD561671 | AK934777 | AP117951 | AI375498 | AG469169 |
| AK777349 | AH829382 | AC758584 | AL157451 | AK855793 | AT489742 | AC862991 | AM793976 | AD565736 | AM867794 | AD626972 | AI636822 | AG471399 |
| AB554984 | AJ132659 | AB247726 | AL158578 | AK858686 | AT669314 | AC867886 | AM811572 | AD816311 | AM867892 | AO129555 | AI833493 | AG481171 |
| AB558694 | AJ419125 | AB758879 | AL282484 | AL342541 | AT795265 | AC883979 | AM911882 | AD839824 | AN867648 | AO144388 | AJ379961 | AG526145 |
| AK789263 | AJ894788 | AE169745 | AL284979 | AL346467 | AT796181 | AD123539 | AM915986 | AD859547 | AN899211 | AO159196 | AJ617952 | AG526172 |
| AL775188 | AJ897253 | AF213943 | AL292642 | AL568526 | AT817422 | AD135876 | AM931362 | AD868425 | AB144982 | AC458785 | AJ823683 | AG539371 |
| AK816956 | AJ979615 | AF214595 | AL384222 | AL571766 | AT821232 | AD161618 | AM945644 | AD198668 | AB146142 | AD437311 | AJ824337 | AG637365 |
| AL985739 | AJ982459 | AA573357 | AR594872 | AS215313 | AT824639 | AD187241 | AM946586 | AA797143 | AB147137 | AF311234 | AJ842351 | AG639956 |
| AM119238 | AE899751 | AF574267 | AR627791 | AS215895 | AS935742 | AD189835 | AM952744 | AA816668 | AB147852 | AF313597 | AK274944 | AG654815 |
| AD234678 | AJ984263 | AB231816 | AR628945 | AS226217 | AA583762 | AD461184 | AM955463 | AA851532 | AB155468 | AF332188 | AK574339 | AG689843 |
| AK369787 | AJ985563 | AL567142 | AR632683 | AS499724 | AB816542 | AD519422 | AM959325 | AL439488 | AB175453 | AH481711 | AK957422 | AG714465 |
| AK386679 | AJ916975 | AB762997 | AR753428 | AS753947 | AB828945 | AD524488 | AM965546 | AA873684 | AB198953 | AH619167 | AK985671 | AG954196 |
| AK391385 | AJ917318 | AO426783 | AS367751 | AT987463 | AC219532 | AD536166 | AN174857 | AA879735 | AB222543 | AH621762 | AL248565 | AG963378 |
| AA236581 | AJ917988 | AO426911 | AS371625 | AT995922 | AC243282 | AD539489 | AN183728 | AA883664 | AH492538 | AH855864 | AL251314 | AH243113 |
| AA244169 | AJ928624 | AB763923 | AS372474 | AB779867 | AC712362 | AD746281 | AN185739 | AA889321 | AH528276 | AI621438 | AL267969 | AH265274 |
| AA245399 | AK134312 | AB885698 | AS374564 | AB845256 | AC752657 | AD761939 | AN198332 | AA925911 | AH544516 | AJ355136 | AL269142 | AH289381 |
| AO649682 | AK135478 | AC171248 | AS377928 | AC496359 | AD261957 | AD777232 | AN214971 | AA936298 | AH665315 | AJ364595 | AL632787 | AH295412 |
| AA246466 | AJ953442 | AC443712 | AS419239 | AC729213 | AE157613 | AD785235 | AN238664 | AA937734 | AH672929 | AJ373914 | AL893812 | AH299395 |
| AA248192 | AK144665 | AC479973 | AS557981 | AE224556 | AE713424 | AH999698 | AN364876 | AE428543 | AH678475 | AJ559476 | AM364389 | AH317937 |
| AA248373 | AK152137 | AC679817 | AS559556 | AE233432 | AE721476 | AI113578 | AN368719 | AE436137 | AH684744 | AJ578666 | AM494964 | AU828639 |
| AP612674 | AK156417 | AE193415 | AS575595 | AE929174 | AF432486 | AI148343 | AN372114 | AE472837 | AH711113 | AK278978 | AM533646 | AU831273 |
| AA253686 | AK159679 | AE915637 | AS579987 | AE945279 | AF691812 | AI159221 | AN411792 | AE477122 | AH732184 | AK287167 | AM551972 | AU837729 |
| AA254841 | AL986243 | AE921585 | AS918461 | AF185843 | AJ689257 | AI162143 | AN421318 | AE571379 | AH926881 | AK692182 | AM718451 | AU854921 |

## MMTM Luckydraw ကံထူးရှင်များအား . . . . .

၃. ၂. ၂၀၁၉ ( တနင်္ဂနွေနေ့ )၌ ကျင်းပပြုလုပ်ခဲ့သော MMTM Petrol Terminal ၏ပထမအကြိမ်ကံထူးရှင်များရွေးချယ်ပွဲအစမ်းအနားမှ ပေါ်ထွက်လာခဲ့သည့် အနယ်နယ်အရပ်ရပ်မှကံထူးရှင် Customer များအားပေါက်မဲဆုပေးအပ်ပွဲကိုအောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၉. ၂. ၂၀၁၉ ( စနေနေ့ )
အချိန် ။ ။ ညနေ ( ၆ )နာရီ မှ ည ( ၁၀ )နာရီ အထိ
နေရာ ။ ။ မင်းဓမ္မလမ်း MCC ခန်းမ၊ မရမ်းကုန်းမြို့နယ်။

*** ပွဲတက်ရောက်လိုသော ကံထူးရှင်များနှင့် မိတ်ဆွေမိသားစုများသည် တက်ရောက်မည့်လူအရေအတွက်အား ဖုန်းနံပါတ် – ၀၉- ၂၅၀၄၉၉၃၇၂၂၊ ၀၉-၇၉၇၈၆၂၂၃၇၊ ၀၉-၇၇၅၈၀၀၂၅၈ ၀၉-၄၂၅၀၂၀၉၂၅ သို့ ( ၇. ၂. ၂၀၁၉ )နေ့လည် (၁၂)နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရပါမည်။***

*** Range Rover Evoque ကား၊ Toyota Avanza ကားနှင့် Honda NCXWave မော်တော်ဆိုင်ကယ်ကံထူးသူများသည် မိမိနှင့်အတူ နောက်ထပ်လူ ( ၂ )ယောက်ခေါ်ဆောင်ခွင့်ရှိမည်ဖြစ်ပြီး I - Phone X နှင့် MI A2 Lite ကံထူးရှင်များသည် ကံထူးထူးသူသာလျှင် ပွဲတက်ရောက်ပေးပါရန်၊ ခန်းမအနေအထားအရ လူအရေအတွက်ကန့်သတ်ထားခြင်းအား ခွင့်လွှတ်နားလည်ပေးပါရန် ပန်ကြားအပ်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## မန်းရာပြည့် ဂီတာဦးတင်

**ရန်ကုန်မြို့တော်စည်ပင်သာယာ၊ (ရေ/သန့်အင်ဂျင်နီယာဌာန(ငြိမ်း)**

**ဂီတမိတ်-မဟာဂီတ (ဂီတာနည်းပြဆရာကြီး)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်(၃)လမ်း၊ အမှတ် ၂၄နေ ဒေါ်ချိုချို၏ခင်ပွန်း၊ ဦးကံထွန်း-ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ဝင်းဝင်းတိုး (အထက-၃၊ မင်္ဂလာတောင်ညွန့်)၊ ဦးဝင်းမိုးကျော်-ဒေါ်ဝင်းဝင်းနွယ်၊ မမြင့်မြင့်နွယ်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅-၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်မြင့်မြင့်အေး (အောင်လံမြို့)

ဦးဇော်ဝင်းချစ်(ညွှန်ကြားရေးမှူး၊ ဒီ/ပုံ)ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ မိခင်သည် ၂၅-၁-၂၀၁၉ ရက်(သောကြာနေ့)ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**စက်မှုတိုင်း(၃)ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့**

---

## ကျေးဇူးတင်လွှာ

ကျွန်မ၏ခင်ပွန်း ဂန္ထဝင်အဆိုတော်ကြီး စည်သူဦးမင်းနောင် ကွယ်လွန်စဉ် အားပေးကူညီမှုပြုခဲ့ကြသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပိုနှင့် အဖွဲ့ဝင်များ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်နှင့်ပါတီဝင်များ၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ပါတီမှ ဦးသက်ဇော်-ဒေါ်ယဉ်ယဉ်ဝင်း၊ နာမကျန်းစဉ် ဆေးကုသမှုပေးခဲ့သော၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ပါရမီဆေးရုံ၊ ပန်းလှိုင်ဆေးရုံ၊ အာရှတော်ဝင်ဆေးရုံတို့မှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ခင်ပွန်းသည် ချစ်ခင်သော ဂီတ၊ ရုပ်ရှင်သဘင်အနုပညာရှင်များနှင့် နိုင်ငံခြားမှအလှူငွေနှင့်ပန်းခြင်းပေးပို့သူများ၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူ**
**ဇနီး ဒေါ်ရီလေးနှင့်မိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးစိုင်းစံဖေ

## မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

## အသက်(၆၇)နှစ်

ရှမ်းပြည်နယ်လွှတ်တော်၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေသည် ၄-၂-၂၀၁၉ရက် ညနေ ၃း၅၀နာရီတွင် မိုင်းရယ်မြို့၊ (၃)ရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်**

---

## ဦးခိုင်ထွန်း

**Sydney,Australia**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်မောင်-ဒေါ်ညွှန့်စိန်) တို့၏သား၊ Brain Naranha-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်စိန်-ဒေါ်မာဝင်းလေး၊ ဦးဇော်ဝင်းမြင့်-ဒေါ်ရီဇာဝင်း၊ ဦးပါထွန်း-Jiab တို့၏ မောင်/ညီ၊ တူ/တူမရှစ်ယောက်တို့၏ ဦးလေးသည် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) ဒေသစံတော်ချိန် နံနက် ၁၀း၄၂နာရီတွင် Sydneyမြို့ Royal Prince Albert ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၉ရက်တွင် မြို့၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းဦး (B.A)

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်(၂)လမ်း၊ အမှတ် ၃၉၇နေ ဦးအုန်းမောင်(ဒုတိယအတွင်းဝန်-ငြိမ်း၊ ရောမမြို့ မြန်မာသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်စန်းရီတို့၏သား၊ ဦးမြင့်မော်-ဒေါက်တာခင်အေးထက်၊ ဦးမြင့်ဇော်၊ ဦးစိုးနိုင်၊ (ဦးတင်မောင်ညွန့်)-ဒေါ်အေးအေးသင်း၊ ဦးမျိုးထွန်းတို့၏ညီ/အစ်ကို၊ တူမလေးယောက်တို့၏ဦးလေး၊ မြစ်တစ်ယောက်တို့၏ဘိုးလေးသည် ၂-၂-၂၀၁၉ရက် (စနေနေ့) နံနက် ၇း၄၈ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၄-၂-၂၀၁၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၉ရက် (သောကြာနေ့) နံနက် ၅း၃၀နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## မောင်လင်းထက်ကျော်(ခ) မောင်မောင်

**အသက်(၁၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်၁၆၉/H၊ ပြည်လမ်း၊ ၉ မိုင်နေ Capt; မောင်မောင်ကျော် (IMT-CD19) နှင့် ဒေါ်ဆွေဆွေမြင့်(ခ)ဆောင်းတို့၏ ချစ်လှစွာသောတစ်ဦးတည်းသောသား၊ ဒုတိယဗိုလ်မှူးကြီးကျော်ခင်(ငြိမ်း)-ဒေါ်နုနုရီ၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်ခင်လှကြည်တို့၏မြေး၊ ဒေါ်မိမိခင်၊ ဦးကျော်စွာဝင်း-(ဒေါက်တာဝါဝါခင်)၊ ဦးရေချမ်း-ဒေါ်ဖြူဖြူခင်၊ ဒေါ်ရွှန်းလက်ခင်၊ ဒေါက်တာထင်အောင်ကျော်-ဒေါ်ငုဝါမြင့်ဦး၊ ဦးမင်းလွင်ကျော်-ဒေါ်မိုးစံပါယ်သန်းတို့၏တူ၊ ကိုမင်းမင်း၏ညီ၊ ချမ်းကံ့ကော်စိုး၏မောင်၊ ထွဋ်ခန့်ကို(ခ)အာကာနှင့် ဝေယံပြည့်စုံကျော်တို့၏ အစ်ကိုသည် ၄-၂-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စိုးထိုက်(ခ)မာရီဖုတုရကိုးဂျိ

**(ကညွှတ်ကွင်း)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၂(မြေညီထပ်)နေ ဒေါ်နီနီချို၏ သမီး၊ ရန်ကုန်မြို့နေ ဦးနေစိုးအောင်-ဗိုလ်ကြီးခင်စိုးသိုက်(ငြိမ်း)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးကိုကိုလတ်၊ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့နေ ဦးအောင်သူရ-ဒေါ်မိုးမိုးအေးတို့၏အစ်မ၊ ဂျပန်နိုင်ငံ၊ နာဂိုရာမြို့နေ မစ္စတာဖုတုရကိုးဂျိ၏ ချစ်လှစွာသောဇနီး၊ တကဟိရိုကိုးဂျိ(ခ)ဟိဏ်း၏ ချစ်လှစွာသောမိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ဂျပန်နိုင်ငံ၊ နာဂိုရာမြို့တွင် ၅-၁-၂၀၁၉ရက် (စနေနေ့) ဒေသစံတော်ချိန် ညနေ ၆း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် (စနေနေ့)တွင် ဂျပန်နိုင်ငံ၊ နာဂိုရာမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့)တွင် အထက်ပါ စမ်းချောင်းမြို့နယ် နေအိမ်၌ သံဃာတော် အရှင်သူမြတ်များအား ပင့်ဖိတ်၍ တစ်လပြည့်ဆွမ်းကျွေးအလှူအား ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ပြုသမျှ ကုသိုလ်အလှူဒါနတို့အား သမီးငယ်ရရှိ၍ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။
သမီးငယ်ရေ အမျှ···· အမျှ···· အမျှ···· ပေးဝေပါတယ်။

**မိခင်ကြီးဒေါ်နီနီချိုနှင့် ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်နန်းနော် (လွိုင်ကော်)

**အသက်(၉၂)နှစ်**

(ဦးလုံးလိုင်ခမ်-ဒေါ်နန်းငွန်း)တို့၏သမီး၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ သူရိန်လမ်း၊ အမှတ် ၇၉နေ (ဦးလောလီ)၏ဇနီး၊ ဦးမြင့်တင်-ဒေါ်လီလီမြင့်၊ ဦးလှအုန်း-ဒေါ်လီလီညွန့်(ခ) ဒေါ်ခင်သန်းမြင့်၊ (ဦးချစ်ကိုကို)-ဒေါ်လှလှထွေး၊ ဦးငွေးဝင်း-ဒေါ်လီလီသန့်၊ (ဦးချစ်သန်း)-ဒေါ်စန်း၊ ဦးငြိမ်းမြင့်ထွန်း-ဒေါ်လီလီစိန်၊ ဦးအောင်ကျော်ညွန့်-ဒေါ်ပိုပိုခိုင်၊ Mr. Takahashi-ဒေါ်နန့်ခမ်းမွန်း၊ ဦးစိုင်းလှိုင်ခမ်း-Johnko San တို့၏ ချစ်လှစွာသောမိခင်၊ မြေး၂၁ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၄-၂-၂၀၁၉ ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၂၈နာရီတွင် အမှတ် ၂၃၂(သုံးလွှာ)၊ ကျိုက္ကဆံလမ်း၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ရွှေပြား အလှူရှင် ဒါယကာကြီး

## ဦးဘကြည်(ခ)ဦးညို

**အသက်(၉၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျာရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၄၄နေ (ဦးထွန်းမြတ်-ဒေါ်ထား)တို့၏သား၊ (ဦးဘစိန်-ဒေါ်သိန်း)တို့၏သားသမက်၊ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ ဦးမျိုးမြင့်(နေရှင်နယ်တူရိယာ၊ ဗိုလ်ချုပ်ဈေး)-ဒေါ် မော်မော်သွင်၊ ဦးမင်းယုနိုင်(C/E MTM Ltd)-ဒေါ်ကြူကြူသွင်၊ ဦးဝင်းလှိုင်-ဒေါ်ချိုချိုသွင်၊ ဦးကျော်ကျော်နိုင်(Switzerland)၊ ဒေါ်ပပဝင်း(ရကတငွေ)၊ ဦးမြတ်သက်နိုင်ဦး-ဒေါ်နိုင်နိုင်ဝင်း(မတည၊ ရေသန့်)တို့၏ဖခင်၊ မောင်ဇော်ဇော်မျိုးမြင့်၊ မအိသီရိ မျိုးမြင့်၊ မောင်ညီညီမျိုးမြင့်၊ မောင်ရန်နိုင်ဝင်း၊ မအိမ့်မြတ်နိုးသူတို့၏အဘိုးသည် ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၉ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကျော်ဟိုး(ခ)ဟိုကြင်ကုတ်

**(Herry Hoe)**

**B.Com.,B.L.,Dip.stat.,C.P.A.,F.B.S.A**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ် ၈၄နေ (ဦးအောင်သန်း-ဒေါ်နုနု)တို့၏သား၊ (ဒေါ်ခင်စန်းမြင့်)၏ခင်ပွန်း၊ (ဦးမြသန်း-ဒေါ်ခင်မြင့်)တို့၏မောင်၊ (ဦးကျော်သောင်း-ဒေါ်လွင်လွင်သန်း)တို့၏အစ်ကို၊ ဦးအောင်ဖေသန်း-ဒေါ်စန်းကျော်၊ ဒေါက်တာဒေါ်ငွေးကျော်တို့၏ဖခင်၊ မလင်းသက်မွန်၊ ဒေါက်တာအေးမြတ်မွန်တို့၏အဘိုးသည် ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၀း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းရီ

**(မင်းလှ)**

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရန်ကုန်တိုင်း(ငြိမ်း)**

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးဘိုးစော-ဒေါ်သန်းတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ ၉လမ်း၊ အမှတ် ၅၂နေ (ဦးတင်အေး)၏ဇနီး၊ ဒေါ်တင်အောင်၏အစ်မ၊ ကိုခင်ဇော်-မနီလာ၊ ကိုကျော်ဇင်လတ်-မစုစုလှိုင်၊ ကိုညဏ်မျိုးအောင်-မထူးထူးဘော်၊ ဒေါက်တာတင်အောင်မိုး(အရိုးအထူးကုဆေးရုံ၊ ကြည့်မြင်တိုင်)တို့၏မိခင်၊ မဝင်းမြင့်မြတ်အေးစိုး[တက္ကသိုလ်ဝင်တန်း(က)၊ အထက-၂၊ လမ်းမတော်]၏အဘွားသည် ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းရီ

**(မင်းလှ)**

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန-ရန်ကုန်တိုင်း(ငြိမ်း)**

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးဘိုးစော-ဒေါ်သန်းတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ ၉လမ်း၊ အမှတ် ၅၂နေ (ဦးတင်အေး)၏ဇနီး၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးချစ်မောင်-ဒေါ်မြစိန်)၊ ရန်ကုန်မြို့နေ (အထူးကုဆရာဝန်ကြီး ဦးသာလှ-ဒေါ်ခင်ညွန့်)၊ (ဦးတင်ဝင်း-ဒေါ်သိန်းလှ)တို့၏ညီမ၊ (ဦးသောင်းထွန်း)-ဒေါ်ညွန့်ညွန့်တို့၏ အစ်မသည် ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက် ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်ငွေ

**အုပ်စုမှူး(ပ)ငြိမ်း**

**အလုံဓာတ်အားပေးစက်ရုံ**

**အသက်(၇၂)နှစ်**

ဦးတင်ငွေသည် ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဆရာကြီးဦးချန်ထွန်းအောင် (ပေါင်းတလည်)

**[ပြည် အထက(၁)၊ ပေါင်းတလည် အထက(၁)၊ စစ်ကွင်း အထက]**

**အသက်(၉၅)နှစ်**

ပြည်ခရိုင်၊ ပေါင်းတလည်မြို့နေ (ဦးအုန်းမောင်-ဒေါ်ရင်မေ)တို့၏သား၊ (ဦးဘရီ-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်အေးဝင်း၊ ဦးအေးလွင်-ဒေါ်နီလာ၊ ဒေါ်မီမီအောင်၊ ဒေါ်နီနီအောင်(အထက-၂၊ လသာ)တို့၏ဖခင်၊ ကိုကိုးမော်ညီဇော်-မဝတ်ရည်လွင်၊ မောင်အေးဗိုလ်ဗိုလ်လွင်တို့၏အဘိုး၊ ဒေါ်ခင်အေးသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၂-၂၀၁၉ ရက် (တနင်္လာနေ့) ည ၁၀း၂၀ နာရီတွင် ပေါင်းတလည်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ပေါင်းတလည်မြို့တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ နတ်လမ်းဒါယကာကြီး

## ဦးပေါ(ခ)ဦးသန်းမြင့် (ကျိုက်လတ်)

**အောင်နန်းတော်သက်န်းပရိက္ခရာစုံ**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၈၈/ဘီနေ (ဒေါ်ကြည်အေး)၏ခင်ပွန်း၊ ကိုသီဟထွန်း-မဖြူဖြူသင်း(ပန်းတနော်ပလတ်စတစ်နှင့် အိမ်သုံးပစ္စည်းအရောင်းဆိုင်၊ မင်္ဂလာဈေးသစ်)၊ ကိုထွန်းထွန်းဦး(PIL Shipping)-မဇင်ဇင်ထွန်း၊ ကိုကျော်စွာထွန်း-မခင်လေးသန့်၊ ကိုအောင်ကိုနိုင်-မမူမူ၊ ကိုကိုမောင်-မချောစု၊ ကိုပြုံးမောင်မောင်၊ မစုမွန်၊ မထူးမွန်၊ မသက်သက်ထွန်း၊ မသူဇာဇူးဇင်(Tech Myanmar Co.,Ltd.)၊မသက်သက်ဝင်း၊ ကိုစန်းယုမင်း(Pull Man Hotel)-မပန်းအိ(Maliba Travel&Tour)၊ မောင်းမင်းစည်သူ၊ မသက်နှင်းစံ၊ မယွန်းရတီ(ခ)ရွှေတုံ၊ မောင်ရဲလွင်မိုး၊ မောင်မင်းညီညီ၊ မောင်မြင့်မိုရှိုင်းထက်၊ မောင်ဘုန်းမြင့်မို၊ မောင်ဖွဲ့လရောင်ထူး၊ မောင်အောင်သူရဟိန်း၊ မအေးသန္တာငြိမ်းတို့၏ ဘိုးဘိုးကြီးသည် ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) ည ၉း၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ နတ်လမ်းဒါယကာကြီး

## ဦးပေါ(ခ)ဦးသန်းမြင့် (ကျိုက်လတ်) အသက်(၈၆)နှစ်

**အောင်နန်းတော်သက်န်းပရိက္ခရာစုံ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၈၈/ဘီနေ (ဦးအောင်သင်း-ဒေါ်အေးခင်)တို့၏သား၊ (ဦးဟန်မြတ်-ဒေါ်ထွေး)တို့၏သားသမက်၊ (ဒေါ်ကြည်အေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းထွန်းအောင်)-ဒေါ်ကြည်သန်း၊ (ဦးထွန်းလှအောင်)-ဒေါ်စုစု၊ ဒေါ်ခင်စိုးမြင့်၊ ဦးစစ်အောင်-ဒေါ်ပြုံးပြုံးရီ၊ ဦးသန်းထိုက်အောင်-ဒေါ်တူးတူးမာ(သန်းထိုက် ကားလက်မှတ်ရောင်းဝယ်ရေး)၊ (ကိုစိုးမင်းအောင်)၊ ဒေါ်အေးအေးမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး၁၂ယောက်၊ မြစ် ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၂-၂၀၁၉ ရက်(တနင်္လာနေ့) ည ၉း၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ နတ်လမ်းဒါယကာကြီး

## ဦးပေါ(ခ)ဦးသန်းမြင့် (ကျိုက်လတ်)

**အောင်နန်းတော်သက်န်းပရိက္ခရာစုံ**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၈၈/ဘီနေ (ဦးအောင်သင်း-ဒေါ်အေးခင်)တို့၏သား၊ (ဦးဟန်မြတ်-ဒေါ်ထွေး)တို့၏သားသမက်၊ (ဒေါ်ကြည်အေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြသိန်း)-ဒေါ်ချို၊ ဦးကြိုင်-ဒေါ်ကျင်ပို၊ (ဦးကိုကိုကြီး(ခ)ဦးငြိမ်း)-ဒေါ်ရင်နု၊(ဦးမောင်မောင်)-ဒေါ်အေးငွေ၊ (ဦးအောင်တင်)-ဒေါ်တင်အေး၊ (ဦးထွန်းကြိုင်)-ဒေါ်ညိမ်းညိမ်း၊ ဦးမြလှိုင်-ဒေါ်အေးချစ်၊ ဦးဝင်းကြိုင်-ဒေါ်မြစိန်(ပဒုမ္မာမွေ့ယာ)တို့၏အစ်ကို/ ညီ/မောင်သည် ၄-၂-၂၀၁၉ရက်(တနင်္လာနေ့) ည ၉း၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းခင်

**ကျောက်ဖြူ**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၅၈၈(က)နေ (ဦးဘိုချမ်းဦး-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးခါချို-ဒေါ်ဟုန်)တို့၏သမီးချွေးမ၊ (ဦးဘိုးဝေဦး)၊ (ဦးဘိုးစော)တို့၏ညီမ၊ ဒေါ်အေးသိန်း၊ ဒေါ်သိန်း သိန်းဆွေ၊ ဦးထွေးအောင်၊ ဒေါ်ချိုချိုသိန်းတို့၏ အစ်မ၊ ဦးကိုကြီး၏ဇနီး၊ (ဦးနေထွန်းအောင်)၊ ဦးခင်ဇော်၊ ဦးကျော်မင်းတို့၏မိခင်သည် ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးဆွေ

**(မော်လမြိုင်မြို့၊ ကျန်းမာရေးဦးစီး-ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကမ္ဘောဇ္ဇာန်းလမ်း၊ အမှတ် ၇၂၂(ပထမထပ်)နေ ဦးခင်မောင်ဦး၏ဇနီး (ဦးချစ်ဆွေ-ဒေါ်မြအုံ)တို့၏သမီး၊ (ဦးတိုးအောင်)၊ (ဒေါ်ခင်အေးမော်)၊ (ဒေါက်တာစိုးအောင်)၊ ဦးမျိုးအောင်၊ ဒေါ်ခင်စန်းသီတို့၏ညီမ၊ ဒေါ်ခင်အေးဆွေ၊ ဦးမိုးအောင်ဆွေ၊ ဒေါ်ခင်အေးပြုံး၊ ဒေါ်ခင်မို့မို့ဆွေတို့၏အစ်မသည် ၅-၂-၂၀၁၉ ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၉ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းရန် လွှတ်တော်သို့ တိုက်တွန်းကြောင်း အရေးကြီးအဆို ဆွေးနွေး



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

နေပြည်တော် ဖေဖော်ဝါရီ ၅

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တင်သွင်းသည့် **“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း”** အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ** က လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ အတည်ပြုပြီးသား ဥပဒေများကိုလည်း ပြည်သူလူထုအနေဖြင့် မြေပြင်လက်တွေ့တွင် အသုံးဝင်၊ မဝင်၊ ခေတ်စနစ်နှင့် ညီ၊ မညီ ကိုလည်း ပြန်လည်စိစစ်ရသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ပင်ဖြစ်ပါကြောင်း၊ ယခု တင်သွင်းခဲ့သည့် အရေးကြီးအဆိုဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူ အတည်ပြုပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်မှု လုပ်ငန်းစဉ်များဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းရန် သဘောတူညီချက်ရယူခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးပူးပေါင်း ကော်မတီ ဖွဲ့စည်းခြင်း၊ အခြေခံမူများချမှတ်ခြင်း၊ အများပြည်သူ ပူးပေါင်းပါဝင်မှုရှိခြင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❐

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၅**

ကျိုင်းတုံမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအား ယနေ့ ညပိုင်းတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်က ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
ဓာတ်ပုံ-သက်အောင်

## (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝေရာကုန်းမြင့်သာယာ(မီးပုံးပျံကွင်း)တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်(MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် MRTV Facebook တို့တွင် နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

MINGALAR CINEMAS
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ / မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3 | သွင် ၀၁-၃၇၂၉၄၄ ၀၉၇၃၂၃၅၆၀ / ရွှေဆောင် | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၇၄၂၈၈၂ ၀၉ ၄၅၇၇၄၂၈၈၃ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003 |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာဝဇီရာ 09261901155,09261901166 / စိန်ဂေဟာ 09402177771, 09402177772 09402177773 | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး / မြို့မ မန္တလေး | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၅၂၂၇၀၈၁၁ ၀၉၉၅၂၂၈၀၈၁၁ ၀၉၉၅၂၂၉၀၈၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၃၁၈၃၇၅၁ ၀၉၇၉၃၁၈၃၇၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃ | မင်္ဂလာ ရွှေဟင်္သာ (ပဲခူး) | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၀ ၀၉၄၄၁၁၂၂၈၈၂-၃ | မင်္ဂလာ မြစ်နန္ဒာ(မုံရွာ) / မင်္ဂလာ Ocean |

ဂျင်းကောင်
သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ TopRoy၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်(တာမွေ) မကွေး - မင်္ဂလာစံပြ
မန္တလေး-ဝင်းလိုက်၊ မြို့မ၊ မန်းနေပြည်တော်၊ မင်္ဂလာဒိုင်းမွန်း၊ Central Point တောင်ငူ - NEW 3D CINEMA
ပြည် - မင်္ဂလာထွန်းသီရိ မော်လမြိုင် - မင်္ဂလာဘုရင့်
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟင်္သာ
မုံရွာ - မင်္ဂလာမြစ်နန္ဒာ၊ မင်္ဂလာ Ocean

တရုတ်မလေးကို ချစ်တယ်
ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်(တာမွေ) ပဲခူး - မင်္ဂလာ Icon၊
မန္တလေး - မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D CINEMA
မော်လမြိုင် - မင်္ဂလာဘုရင့် မုံရွာ - မင်္ဂလာ Ocean

ဟောက်စား – ရွှေဆောင်

THE PRODIGY
နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်(တာမွေ)
မန္တလေး - မင်္ဂလာဒိုင်းမွန်း ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon၊

MANIKARNIKA THE QUEEN OF JHANSI
နေပြည်တော်၊

KID WHO WOULD BE KING
မင်္ဂလာ(ဂမုန်းပွင့်)

MASTER Z THE IP MAN LEGACY
နေပြည်တော်

ကြာတော့သည်လည်း မောင့်စကား ပဲခူး - မင်္ဂလာ Icon
ပြည် - မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
မုံရွာ - မင်္ဂလာမြစ်နန္ဒာ၊

သရဲသဘော် – ရွှေဆောင်

၈ . ၂ . ၂၀၁၉ နေ့မှ ပြမည့် ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက်
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့





# ရန်ကုန်မြို့က တရုတ်တန်း

ဖေဖော်ဝါရီ ၅ ရက်သည် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးသော နေ့ထူးနေ့မြတ် ဖြစ်သည်။ တရုတ်နှစ်သစ်ကူး ပွဲတော်ရက်ကို တရုတ်ရိုးရာ ပြက္ခဒိန်ပေါ်မူတည်၍ ပထမဦးဆုံး သောလ၏ ပထမအစရက်ကို သတ်မှတ်ခြင်းဖြစ်ကြောင်း သူငယ်ချင်း တရုတ်တစ်ဦးက ပြောပြခဲ့ဖူး၍ မှတ်သားမိခဲ့သည်။ မင်္ဂလာယူသောသတ္တဝါ (အရုပ်) များက နှစ်စဉ် အပြောင်းအလဲရှိသည်။ ယမန်နှစ်က ခွေးနှစ်ဖြစ်ပြီး ယခုနှစ်သည် ဝက်နှစ် ဖြစ်သည်။ ချစ်စရာကောင်းသော ရောင်စုံ ဝက်ရုပ်ပုံစံမျိုးစုံ လုလုလေးများကို အိမ်များ၊ ဆိုင်များ၌ မင်္ဂလာယူ ချိတ်ထား၊ ကပ်ထားကြသည်ကို တွေ့ရသည်။

ထို့အပြင် ပျော်ရွှင်ခြင်း၊ ကံကောင်းခြင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းဟူသော အဓိပ္ပာယ်ရသည့် တရုတ်အက္ခရာစာလုံးများကိုလည်း အိမ်တံခါးများ၌ ကပ်ထားကြသည်။

● တင်ဝင်းလေး (ကြည့်မြင်တိုင်)

**မင်္ဂလာယူသောသတ္တဝါ (အရုပ်) များက နှစ်စဉ် အပြောင်းအလဲရှိသည်။ ယမန်နှစ်က ခွေးနှစ်ဖြစ်ပြီး ယခုနှစ်သည် ဝက်နှစ်ဖြစ်သည်။ ချစ်စရာကောင်းသော ရောင်စုံ ဝက်ရုပ်ပုံစံမျိုးစုံ လုလုလေးများကို အိမ်များ၊ ဆိုင်များ၌ မင်္ဂလာယူ ချိတ်ထား၊ ကပ်ထားကြ**

## ချိုင်းနားတောင်း (ခေါ်) တရုတ်တန်း . . . ။

မြန်မာတို့အခေါ် တရုတ်တန်းသည် ရန်ကုန်မြို့ အနောက်ပိုင်းခရိုင် လသာမြို့နယ် - လမ်းမတော် လမ်း - သံဈေးဘက်အခြမ်းမှသည် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး (ဒီ) ရုံဘက်ခြမ်းအထိ ဖြစ်သည်။ အထူးသဖြင့် တရုတ်လူမျိုးများ အရောင်းအဝယ်ဆိုင်များ စုစည်းရာ၊ စည်ကားရာ၊ နေထိုင်ရာ အဝန်းအဝိုင်း ဖြစ်သည်။ မြန်မာဘုရင်များလက်ထက်ကတည်းကရှိခဲ့ပြီး မန္တလေးမြို့နှင့် ရန်ကုန်မြို့တွင် ထင်ထင်ရှားရှားရှိခဲ့သည်။

ထိုရန်ကုန်မြို့ရှိ တရုတ်တန်းနယ်မြေအတွင်း မဟာဗန္ဓုလလမ်းပေါ်နှင့် ကမ်းနားလမ်းပေါ်မှ ဖြတ်သွားဖြတ်လာ သွားမိသည့်အခါတိုင်း အမြဲလိုလို စည်ကားနေသော တရုတ်ဘုရားရှိခိုးကျောင်းနှစ်ကျောင်းကို အထူးသတိထားမိခဲ့သည်။

တစ်ကျောင်းမှာ လသာမြို့နယ် ကမ်းနားလမ်းနှင့် စဥ့်အိုးတန်းလမ်းထောင့်ရှိ "ဖူကျင့်စိန့်ဟုတ် ဗုဒ္ဓဘာသာ ကွမ်ရင်မယ်တော်ဘုရားကျောင်း" ဖြစ်ပြီး နောက်တစ်ကျောင်းမှာ လသာမြို့နယ် မဟာဗန္ဓုလလမ်းပေါ် လသာလမ်းနှင့် ၂၀ လမ်း အကြားရှိ "ကောင်းတုံ ကွမ်ရင်မယ်တော်ဘုရားကျောင်း" ဖြစ်သည်။

ငယ်ငယ်ကတည်းက ကြားဖူးခဲ့သည်။ တရုတ်လူမျိုးများသည် လူမျိုးအချင်းချင်း အလွန်မှပင် ရိုင်းပင်းကြပြီး စည်းလုံးညီညွတ်မှု ရှိခဲ့ကြသည်ဟု မိဘများက ပြောကြားဖူးခဲ့သည်။

ယခုလို ဘုရားကျောင်းဝင်းအတွင်း၌ စုရုံးတိုင်ပင် နှီးနှောမှုများ ရှိခဲ့သည်။ တစ်ဦးတစ်ယောက်၏ အခက်အခဲကို ဝိုင်းဝန်းဖြေရှင်း ကူညီပေးကြခြင်းဟု ဆိုကြသည်။ ယခုထက်တိုင် ကမ်းနားလမ်းမှ ဖြတ်သွားတိုင်း စဥ့်အိုးတန်းလမ်းထိပ်ရှိ ဘုရားကျောင်းရှေ့တွင် တရုတ်အမျိုးသားများ သူ့အစုနှင့်သူ ဝိုင်းဖွဲ့စုရုံးထိုင်ကာ စကားပြောနေကြသည်ကို တွေ့မြင်ရဆဲ ဖြစ်သည်။

စဥ့်အိုးတန်းလမ်းထိပ် ဘုရားကျောင်းမှ ဂေါပကအဖွဲ့ဝင် ဦးကျော်ဆန်းက "ဒီဘုရားကျောင်းကို ကျွန်တော်တို့ ရှေးဘိုးစဉ်ဘောင်ဆက် လူကြီးတွေက ၁၈၆၁ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့တာကို မှတ် တမ်းမှာ တွေ့ရပါတယ်" ဟု ဆိုသည်။

တရုတ်လူမျိုးတို့တွင် အဓိကအခေါ်အားဖြင့် "လက်ရှည်"၊ "လက်တို" ဟုရှိခဲ့ရာ လက်ရှည်တရုတ်လူမျိုးများ ရှိခိုးရာကျောင်းကြီးဖြစ်သည်ဟု သိရသည်။

ဗုဒ္ဓဘာသာ တရုတ်ယဉ်ကျေးမှု အစဉ်အလာနှင့် သက်ဆိုင်သော ရုပ်တုများစွာတည်ရှိနေသည်ကို တွေ့ရသည်။ ကျောင်းတော်ရှေ့ရှိ တရုတ်စစ်သူကြီးလေးဦး၏ ရုပ်တုများမှာ ဟန်မာန်အပြည့်ဖြင့် ကျောင်းတော်ကြီးကို စောင့်ရှောက်နေဟန်မှာ အသက်ဝင်လှသည် ဆိုရမည်ဖြစ်ပေသည်။

## လူမျိုးမရွေး၊ ဘာသာမရွေး

ဂေါပကအဖွဲ့ဝင် ဦးကျော်ဆန်းကပင် " နှစ်သစ်ကူးတဲ့ ဖေဖော်ဝါရီ ၅ ရက် မရောက်ခင် ဖေဖော်ဝါရီ ၄ ရက် ည ၁၂ နာရီတိတိမှာ ကွမ်ရင်မယ်တော်ဘုရား ဂန္ဓကုဋိတိုက်ကို အခမ်းအနားနဲ့ဖွင့်လှစ်ပြီး နှစ်သစ်အတွက် မင်္ဂလာဆုတောင်းမှုတွေ ပြုခဲ့ကြပါတယ်။ ဒါက နှစ်စဉ်ပြုလုပ်တဲ့ အစဉ်အလာပါ။ နှစ်သစ်ကူးတဲ့နေ့ အရုဏ်တက်မှာ သံဃာတော်တွေကို အရုဏ်ဆွမ်းလောင်းလှူကြပြီး လာလာသမျှ ဧည့်သည်တွေကို စတုဒိသာကျွေးပါတယ်။ နောက်တစ်ခုက စဥ့်အိုးတန်း အမှတ် ၄၅ မှာ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ထားပါတယ်။ တရုတ်လူမျိုးမှ မဟုတ်ပါဘူး။ လူမျိုးမရွေး၊ ဘာသာမရွေး လာရောက်ကုသမှု ခံယူနိုင်ပါတယ်ဆိုတဲ့အကြောင်းကိုလည်း အများသိစေချင်ပါတယ်"ဟု ဖိတ်မန္တက ပြုခဲ့သည်။

ထိုမှ စာရေးသူအား လိုက်လံအကူအညီပေးသူ ဦးဟန်ဝင်းနှင့်အတူ လသာလမ်းထောင့်ရှိ တရုတ်ဘုရားကျောင်းသို့ ရောက်ခဲ့သည်။ ကျောင်းတော်အမည်က "ကောင်းတုံကွမ်ရင်မယ်တော်ဘုရားကျောင်း"ဟု ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဟန်က ဆိုသည်။

၎င်းကပင် "အစဒီဘုရားကျောင်းနေရာက သစ်သားအိမ်လေးပဲရှိတယ်လို့ ကျွန်တော်တို့ လူကြီးတွေ့ပြောဖူးတယ်။ ဒဂုံရွာ (တံငါရွာ) လေးပါ။ ရွာရေိယာကတော့ ကျယ်တယ်။ ကျုံးကြီးလမ်းထိပ်ကနေ သိမ်ဖြူလမ်းအထိ အားလုံးက သစ်သားခြေတံရှည်အိမ်တွေပဲ။ မြစ်ရေအတက်အကျရှိတယ်။ မိုးတွင်းဆို လှေသမ္ဗန်နဲ့ လာရတယ်။ ရှေးဘုရင်တွေ လက်ထက်ကတည်းက ရှိခဲ့တာ" ဟု ဆိုသည်။ ယခုနှစ် တတိယအကြိမ်မြောက် ရန်ကုန်မြို့တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ ပြန်ကြားရေးမှူး ဦးသန့်စင်အောင်ထံမှရရှိသော မှတ်တမ်းတစ်စောင်အရ ဆိုသော် "၁၈၂၄ ခုနှစ် မတိုင်မီကတည်းက တည်ရှိပြီးဖြစ်သော ဤကောင်းတုံကွမ်ရင် ဘုရားကျောင်းသည် ကောင်းတုံလူမျိုးတို့၏ ဘုရားကျောင်းဖြစ်သည်။ ယခု ၂၀၁၉ ခုနှစ်တွင် ဘုရားကျောင်းသက်တမ်းမှာ နှစ်ပေါင်း ၂၀၀ နီးပါးရှိပြီဖြစ်သည်။ အစောဆုံးတည်ရှိခဲ့သော မူလပထမကျောင်းဟောင်းကြီးကို **အချပ်ပို (ဃ) သို့**

# အဖိုးမဖြတ်နိုင်သော ရန်ကုန်အမွေအနှစ်ဟောင်းများ

ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - အာကာစိုး



ရန်ကုန်မြို့ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံတစ်ခုအဖြစ် တည်ရှိနေသည့် အတွင်းဝန်များရုံး။

**တစ်ချိန်** က မြန်မာနိုင်ငံ၏ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသော ရန်ကုန်မြို့တော်. . .

ယခုအခါ စီးပွားရေးနှင့် ဆိပ်ကမ်းမြို့အဖြစ် ဆက်လက်တည်ရှိနေသည့် ရန်ကုန်မြို့တော် . . .

နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်ရာ ရန်ကုန်မြို့တော် . . .

ဤမည်သောဂုဏ်သတင်းများနှင့် ပြည့်စုံနေသော ရန်ကုန်မြို့တော်တွင် အဖိုးတန်သမိုင်းမှတ်တိုင်တို့ကနေရာအသီးသီးတွင် တည်ရှိနေပြန်သည်။ သမိုင်းသုတေသီပညာရှင်တို့က ရန်ကုန်မြို့တော်တွင် ရှေးဟောင်းအမွေအနှစ် ၆၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြသည်။ နှစ်ပေါင်းထောင်ကျော် တည်တံ့ခဲ့သော ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီ တော်တို့သာမက သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ ကျော်က တည်ဆောက်ခဲ့သော ကိုလိုနီခေတ် လက်ကျန်အဆောက်အအုံတို့က ရန်ကုန်မြို့နေရာအနှံ့တွင် ယနေ့ထက်တိုင် တည်ရှိနေဆဲ ဖြစ်သည်။

**အပြာရောင်ကမ္ပည်းအဆောက်အအုံများ**

နေ့စဉ်ဖြတ်သန်း သွားလာနေသော်လည်း အမှုမဲ့ အမှတ်မဲ့သဘောဖြင့် ရန်ကုန်မြို့ပြအမွေအနှစ်တို့ကို ရန်ကုန်သူ ရန်ကုန်သားတို့က မေ့လျော့နေကြသည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကိုပင် မဆိုထားဘဲ မိမိသားငယ်သမီးငယ်တို့ကိုပင် ရန်ကုန်၏မြို့ပြအမွေအနှစ်တို့ကို ရှင်းလင်းပြောဆိုရန် ခက်ခဲနေခဲ့သည်။ ယခုအခါ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် အဆိုပါအခက်အခဲကို ကျော်လွှားနိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းတို့က သမိုင်းအမွေအနှစ်အဆောက်အအုံများတွင် အပြာရောင်ကမ္ပည်းပြားများ လိုက်လံတပ်ဆင်ပေးခြင်းကြောင့် အဆောက်အအုံတစ်ခု၏ သမိုင်းကြောင်းနှင့် အရေးပါမှုများကို မြို့သူမြို့သားတို့ သိရှိခွင့်ရရှိခဲ့ပြီ ဖြစ်သည်။ ထိုမျှသာမက ကမ္ဘာလှည့်ခရီးသွားများကိုလည်း သမိုင်းဝင် အဆောက်အအုံအများအပြားရှိသော မြို့တစ်မြို့အဖြစ် သက်သေပြနိုင်ခဲ့ပြီ ဖြစ်သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ၂၀၁၈ ခုနှစ်မှ စတင်၍ ယခင်ငါးနှစ်အတွင်း ရန်ကုန်မြို့၏ အမွေအနှစ်တန်ဖိုးရှိအဆောက်အအုံများနှင့် အများပြည်သူပိုင်နေရာများကို ရေရှည်တည်တံ့အောင် လက်ရာမပျက် ထိန်းသိမ်းပြုပြင်ခဲ့သည့် စီမံကိန်းများကို အသိအမှတ်ပြုကာ မူလအတိုင်းပြုပြင်ထိန်းသိမ်းမှုအကောင်းဆုံးဆု (Best Restoration Award) နှင့် အသုံးပြုပုံအသစ်ဖြင့် ပြောင်းလဲအသုံးပြုမှုအကောင်းဆုံးဆု (Best Adaptive Reuse Award) များကို ရွေးချယ်ချီးမြှင့်လျက်ရှိသည်။

"ရှေးဟောင်းအဆောက်အအုံ ဒါမှမဟုတ် နေရာပေါ့နော်။ အဲဒါကို အခုခေတ်နဲ့ သင့်တော်သလို ပြောင်းလဲသုံးစွဲတယ်၊ ဒါပေမယ့် အမွေအနှစ်တန်ဖိုးကိုလည်း မလျော့စေရဘူးဆိုတဲ့ ဆုမျိုး ဒါမှမဟုတ်လည်း အမွေအနှစ်နေရာတစ်ခုခုကို အရင်လို မူလတန်ဖိုး မယိုယွင်းဘဲ မူလလက်ရာအတိုင်း ဆက်လက်ထိန်းသိမ်းတဲ့ဟာမျိုးပေါ့။ တချို့ကျတော့ ပြောင်းလဲသုံးစွဲတယ်။ အခုခေတ်နဲ့ လျော်ညီအောင် ပြောင်းလဲသုံးစွဲတယ်။ ဒါပေမယ့် လုပ်တဲ့ကိုင်တဲ့နေရာမှာ သူ့ရဲ့အရေးကြီးတဲ့ တန်ဖိုးတွေကို လျော့ပါးမသွားအောင် ဘယ်လိုလုပ်မလဲပေါ့။ အဲဒီလိုဟာတွေအပေါ်မှာ ဆုပေးသွားမှာပါ" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။

**အမွေအနှစ်တန်ဖိုးရှိရမည်**

ဆုရွေးချယ်ရေးအတွက် သတ်မှတ်ချက်များအနေဖြင့် နိုင်ငံပိုင်(သို့) ပုဂ္ဂလိကပိုင် အဆောက်အအုံများအားလုံး အကျုံးဝင်ပြီး အစိုးရဌာနဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍဖြစ်စေ၊ အစိုးရနှင့်ပုဂ္ဂလိကအကျိုးတူ ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ခဲ့သော ထိန်းသိမ်းခြင်းလုပ်ငန်းများပါဝင်ကြောင်း သိရသည်။ ဆုများကိုရွေးချယ်ရာတွင် အဆောက်အအုံ (သို့) အများပိုင်နေရာတစ်ခုသည် အနည်းဆုံး နှစ် ၄၀ ကျော် သက်တမ်းရှိပြီး အမွေအနှစ်တန်ဖိုးရှိရမည်ဖြစ်ပြီး အဆိုပြုစီမံကိန်းသည် အမွေအနှစ်ဆိုင်ရာ တန်ဖိုး ရှိ မရှိ မသေချာပါက တင်သွင်းသူက အဆိုပြုလွှာမပေးပို့မီ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ ဆက်သွယ်မေးမြန်းနိုင်သည်ဟု ဆိုသည်။



ရန်ကုန်မြို့လယ်ရှိ ရှေးဟောင်းအဆောက်အအုံ AYA Bank (ရိုးကုမ္ပဏီ အဆောက်အအုံဟောင်း) နှင့် မောရှေ့လဘုရားကျောင်း။

အမွေအနှစ်ထိန်းသိမ်းရေးဆုကို ရွေးချယ်ရာတွင် မြန်မာနိုင်ငံဗိသုကာအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ အကဲဖြတ်မှုဖြင့် ချီးမြှင့်မည်ဖြစ်သည်။

ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်အတွက် ဆုများရွေးချယ်ခဲ့ရာတွင် ပြောင်းလဲအသုံးပြုမှုအကောင်းဆုံးဆုကို ကုန်သည်လမ်းပေါ်ရှိ Gekko Bar and Restaurant နှင့် ၃၁ လမ်းရှိ Scott Hostel တို့က ရရှိခဲ့ပြီး မူလအတိုင်း ပြုပြင်ထိန်းသိမ်းမှုအကောင်းဆုံးဆုကို ရွှေတောင်တန်းလမ်းရှိ Bridge Office နှင့် ShweTaung Tan Office အဆောက်အအုံတို့က ရရှိခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့၏ အထင်ကရရှေးဟောင်းအဆောက်အအုံဟောင်းများကို လှေ့လာရင်းလမ်းလျှောက်သည့်အစီအစဉ်တစ်ခုကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး အသင်းအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းပါဝင်ကူညီကာ The Yangon Steps 2019 ကို ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

**အချပ်ပို(ဂ)သို့**

# မြို့ရန်ကုန်နဲ့ အထူးစီးပွားရေးဇုန်

● ဝေယံဦး



သီလဝါအထူးစီးပွားရေးဇုန်။

**ရန်ကုန်မြို့** ကို မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်အဖြစ် ပိုမိုထွန်းကားစေမယ့် နေရာကတော့ သီလဝါအထူးစီးပွားရေးဇုန်ပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ စက်မှုဇုန်ပေါင်း ၂၉ ခု တည်ရှိနေတဲ့အပြင် အထူးစီးပွားရေးဇုန်တစ်ခုကလည်း ပီပီပြင်ပြင် ထွက်ပေါ်လာနေတာမို့ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဆိုတာ ပြည်တွင်းမှာရော ပြည်ပမှာပါ အသိအမှတ်ပြုရမှာဖြစ်သလို ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်နဲ့ ဖြည့်ဆည်းပေးတော့မှာ ဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်မှာ ၂၀၁၉ ဇန်နဝါရီလအထိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရှိနေပြီဖြစ်သလို နိုင်ငံပေါင်း ၁၈ နိုင်ငံက ကုမ္ပဏီပေါင်း ၁၀၃ ခုတို့က ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတာဖြစ်ပါတယ်။ ဒါကြောင့် ကြီးမားကျယ်ပြန့်တဲ့ အထူးစီးပွားရေးဇုန်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အများအပြားပေါ်ထွက်လာနေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ နေရာအသီးသီးကလူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလုပ်ကိုင်နိုင်ဖို့ ရန်ကုန်မြို့ကို ရောက်လာတဲ့အခါ ရန်ကုန်မြို့မှာရှိတဲ့ စက်မှုဇုန်တွေ၊ စက်ရုံအလုပ်ရုံတွေအပြင် တည်ဆောက်ရေးလုပ်ငန်းတွေမှာပါ အလုပ်အကိုင်တွေပေးနိုင်တဲ့ သီလဝါအထူးစီးပွားရေးဇုန်ကလည်း အလုပ်အကိုင်အခွင့်အလမ်းအတွက် သိန်းနဲ့ချီပြီး ဖြည့်ဆည်းပေးနိုင်တဲ့ နေရာတစ်ခုအဖြစ် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

### အလုပ်အကိုင် အခွင့်အလမ်းရရှိ

သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ရန်ကုန်တောင်ပိုင်း ဒေသတွေဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေမှာ ဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်နေတဲ့ သန်လျင်၊ ကျောက်တန်းဒေသတွေဟာ ဖွံ့ဖြိုးမှုကူးစက်စေမှာဖြစ်ပြီး ဒေသခံလူငယ်လူရွယ်တွေအတွက်တော့ အခုအချိန်ကတည်းက အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေကြပြီဖြစ်ပါတယ်။ ရန်ကုန်တောင်ပိုင်းဒေသက လူငယ်တွေဟာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လုပ်သားအင်အား ၁၅၀၀၀ ကျော်ကို အလုပ်ပေးထားနိုင်ပြီဖြစ်ပါတယ်။

တကယ်တော့ သီလဝါအထူးစီးပွားရေးဇုန်ကို အပိုင်းနှစ်ပိုင်း ခွဲထားပါတယ်။ ဇုန်(A)နဲ့ ဇုန်(B)ဆိုပြီး အကောင်အထည်ဖော်တဲ့အခါ ပထမဆုံးအနေနဲ့ ဇုန် (A) ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာ စတင်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ဇုန် (A)မှာ ဧရိယာ ၄၀၅ ဟက်တာပေါ်မှာ စီးပွားရေးလုပ်ငန်းတွေ၊ အခြေခံအဆောက်အအုံတွေ၊ စက်ရုံအလုပ်ရုံတွေ ဖော်ဆောင်နိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်ကတည်းက စီးပွားဖြစ် စတင်လည်ပတ်နိုင်ခဲ့ပါတယ်။

အခုဆိုရင် အဲဒီဇုန် (A)ရဲ့ဧရိယာအတွင်းမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီအထိ ၉၈ ရာခိုင်နှုန်း ငှားရမ်းထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံတွေလည်း လည်ပတ်နေကြပြီဖြစ်ပါတယ်။ အဲဒီဇုန် (A)ရဲ့ ဧရိယာအတွင်း မြေအကျယ် ၃၅ ဟက်တာမှာ Shop house တွေ၊ ဟိုတယ်နဲ့ ဘဏ်တွေ၊ ဆေးရုံနဲ့ စူပါမားကတ်တွေ၊ ရှော့ပင်းမောလ်တွေအပြင် အလုပ်သမားတွေအတွက် နေထိုင်စရာအကောင်းဆုံးတွေလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ဂျပန်နိုင်ငံက ကုမ္ပဏီတွေ စီးပွားရေးလုပ်ငန်းတွေ အများအပြားပါဝင်တယ်လို့ ဆိုပါတယ်။

### ကူးသန်းဆက်သွယ်မှုကောင်းမွန်

သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့နဲ့ အနီးကပ်ဆုံး တည်ရှိနိုင်ပြီး နိုင်ငံတကာနဲ့လည်း ကူးသန်းဆက်သွယ်မှု ကောင်းမွန်တဲ့အပြင် ကုန်းလမ်းပိုင်းလည်း ကောင်းမွန်တာမို့ အချိန်တိုအတွင်းမှာ လျင်လျင်မြန်မြန် တိုးတက်ဖွံ့ဖြိုးလာတဲ့ အထူးစီးပွားရေးဇုန်လည်း ဖြစ်ပါတယ်။ အခုဆိုရင် လမ်းတွေ ကောင်းမွန်အောင် ဆောင်ရွက်နေဆဲဖြစ်တာမို့ စီးပွားရေးလုပ်ငန်းတွေ အချိန်နှင့်တစ်ပြေးညီ လည်ပတ်ကာ ကုန်စည်စီးဆင်းမှုတွေ ပြုလုပ်နိုင်နေတာ ဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဇုန်(B) မှာတော့ အပိုင်း(၁) နဲ့ အပိုင်း(၂) အပြင် အပိုင်း(၃) ဆိုပြီးခွဲကာ ဆောင်ရွက်နေပါတယ်။ အပိုင်း(၁) မှာ ဧရိယာ ဟက်တာ ၁၀၀ ရှိပြီး အပိုင်း(၂) မှာတော့ မြေဧရိယာ ဟက်တာ ၇၇ ဟက်တာကို အကောင်အထည်ဖော် ဆောက်ရွက်နေသလို အပိုင်း(၃) ကိုတော့ ထပ်မတိုးဘဲ ဆောင်ရွက်နေပါတယ်။ ဇုန် (B) နဲ့ ဧရိယာ ၇၀ ရာခိုင်နှုန်းကတော့ စီးပွားရေးလုပ်ငန်းတွေ ကုမ္ပဏီတွေကို ငှားရမ်းထားပြီး ဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကုမ္ပဏီတို့ကလည်း ဝိုင်းဝန်းပြီး ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနေတာမို့ သီလဝါအထူးစီးပွားရေးဇုန်ဟာ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာခြင်း ဖြစ်ပါတယ်။

ဒီလိုတိုးတက်ဖွံ့ဖြိုးလာတာဟာ ရန်ကုန်မြို့ကို တိုက်ရိုက်အကျိုးသက်ရောက်စေသလို နိုင်ငံတော်အတွက်လည်း အခွန်တွေ၊ အလုပ်အကိုင်တွေ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ခေတ်သစ်ပုံရိပ်ကို သီလဝါအထူး စီးပွားရေးဇုန်က ထပ်ဆင့်မြှင့်တင်ပေးမှာ ဖြစ်သလို ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးမှုကို ပိုမိုကြီးထွားလာစေအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်တာတော့ အမှန်ပါပဲ။

**အချပ်ပို(ခ)မှ**

ရန်ကုန်မြို့ကြီး၏ ခရီးသွားကဏ္ဍ ပိုမိုတိုးတက်လာစေရန်၊ စိတ်ဝင်စားစရာကောင်းသော ကိုလိုနီခေတ် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများအပြင် ကောင်းမွန်စွာ ထိန်းသိမ်းသင့်ကြောင်း အများပြည်သူသိရှိစေရန်နှင့် လမ်းလျှောက်ခြင်းမှရရှိနိုင်တဲ့ အကျိုးကျေးဇူးများ သိရှိစေရန် ရည်ရွယ်ပြုလုပ်ခဲ့တဲ့ The Yangon Steps 2019 ပွဲကလေးကို မဟာဗန္ဓုလပန်းခြံ၊ ဆူးလေဘုရားလမ်း၊ ဘဏ်လမ်း၊ ပန်းဆိုးတန်းလမ်း၊ ကုန်သည်လမ်း၊ ဆိပ်ကမ်းသာလမ်း၊ ကမ်းနားလမ်း၊ ဗိုလ်အောင်ကျော်လမ်း၊ ဘိုကလေးဈေးလမ်း၊ မဟာဗန္ဓုလလမ်း၊ သိမ်ဖြူလမ်း၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်မှာ ဆင်နွှဲခဲ့တယ်လို့ သိရပါသည်။

### မြို့ပြရန်ကုန်လက်ကျန်အမွေအနှစ်

ရန်ကုန်မြို့ရဲ့ ကိုလိုနီအဆောက်အအုံများအကြောင်းကို လေ့လာမည်ဆိုပါက မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမ၊ ဆူးလေစေတီ၊ ယခင်မြန်မာအဆွေကုန်တိုက်၊ ယခင်ပြည်ထောင်စုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ယခင်ကော့ဘဇာအဆောက်အအုံ၊ တရားရုံးချုပ်သစ်(စုပေါင်းရုံး)၊ ပင်စင်ဦးစီးဌာန၊ ကျောက်တံတားမြို့နယ်တရားရုံး၊ မြန်မာ့စီးပွားရေးဘဏ်-၂၊ ဆိပ်ကမ်းအာဏာပိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်၊ လောကနတ်အဆောက်အအုံ (သို့) ဆိုဖရဲအဆောက်အအုံ၊ စာပေဗိမာန်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ အထူးစုံစမ်းစစ်ဆေးရေး၊ စထရန်းဟိုတယ်၊ ဗြိတိသျှသံရုံး၊ ဗဟိုစာတိုက်ကြီး၊ အာမေးနီးယန်းဘုရားကျောင်း၊ ဂန္ဒီခန်းမ၊ ဂမုန်းပွင့်ကုန်တိုက်၊ YWCA၊ ယခင်အတွင်းဝန်ရုံး (သို့) ဝန်ကြီးများရုံး၊ အစိုးရပုံနှိပ်စက်ရုံ၊ အထက (၆) ဗိုလ်တထောင်၊ အထက(၄)ဗိုလ်တထောင်၊ အိုးအိမ်ရုံး၊ စိန်မေရီဘုရားကျောင်း၊ ဗိုလ်အောင်ကျော်လမ်း၊ ယခင် မစ်စကစ်တူရိယာ စတိုး၊ ယခင်တီကျူးမားကုန်တိုက်၊ ကြေးနန်းရုံး၊ ရောဝတီဘဏ်၊ မောန္ဒေလဘုရားကျောင်းတို့ဟာ မသိမဖြစ်လေ့လာရမယ့် မြို့ပြရန်ကုန်ရဲ့ လက်ကျန်အမွေအနှစ်အဆောက်အအုံများပဲ ဖြစ်ပါသည်။

နောက်ဆုံးအနေနဲ့ အနှစ်ချုပ်တင်ပြရမယ်ဆိုရင် ရှေးဟောင်းအမွေအနှစ် မြို့ပြအဆောက်အအုံဟောင်းများဟာ မြို့တော်ရန်ကုန်ရဲ့ နေရာဒေသအတော်များများမှာ တည်ရှိနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်သူ ရန်ကုန်သားတို့အနေနဲ့ ရှေးခေတ်အဆက်ဆက်က ကျန်ရစ်ခဲ့တဲ့ တန်ဖိုးဖြတ်မရသော အမွေအနှစ် အဆောက်အအုံဟောင်းများနှင့် ယဉ်ကျေးမှုများကို ဆက်လက်တန်ဖိုးထားထိန်းသိမ်းနိုင်ကြပါစေဟု ဆန္ဒပြုရင်း . . .

**ကိုးကား-** YHT, The Yangon Steps



ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)။

# ကားမျိုးစုံ အရောင်းအဝယ်ပြန်ဖြစ်လာသည့် ရန်ကုန်ကားဈေးကွက်

**တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်**




**မင်းသော်**

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Insight | 2014 | စတိ | 1500 cc | ပြခန်း | ၂၉၃ |
| Wish | 2014 | စတိ | 1800 cc | အပြင်ဈေး | ၅၂၅ |
| Fit | 2012 | ရန်ကုန် | 1300 cc | အပြင်ဈေး | ၂၃၀ |
| Probox | 2010 | ရန်ကုန် | 1500 cc | အပြင်ဈေး | ၁၈၀ |
| Belta | 2007 | ရန်ကုန် | 1300 cc | အပြင်ဈေး | ၁၆၀ |
| Harrier | 2014 | ရန်ကုန် | 2400 cc | အပြင်ဈေး | ၅၃၀ |
| RVR | 2012 | ရန်ကုန် | 1800 cc | အပြင်ဈေး | ၃၈၀ |
| CRV | 2012 | ရန်ကုန် | 1800 cc | အပြင်ဈေး | ၂၃၀ |
| AD van | 2011 | နယ် | 1300 cc | အပြင်ဈေး | ၁၅၀ |
| Alphard | 2004 | ရန်ကုန် | 3000 cc | အပြင်ဈေး | ၃၄၄ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

**ပွင့်လင်းရာသီ၏ အမြင့်ဆုံး ကားအရောင်းအဝယ် ဖြစ်မှုများကို ကားလောကအတွင်း ကြုံတွေ့နေရပြီး နေ့စဉ်အရောင်းအဝယ် အားကောင်းလျက်ရှိနေသည်ဟု ကားကျွမ်းကျင်သူများက ပြောသည်။**

"ကားဝယ်လက်တွေထဲမှာ နယ်ဝယ်လက်ကလည်း အခုရက်ပိုင်း တော်တော်လေးများလာတာကို မြင်တွေ့ရပါတယ်။ ကားဈေးနှုန်းတွေကလည်း အနည်းငယ်တက်လာခဲ့တယ်။ သို့သော်လည်း ဝယ်မယ်လို့ ရည်မှန်းထားတဲ့သူတွေက ငွေကျပ် ငါးသိန်းကနေ ၁၀ သိန်းကြားကို မတွက်ဆ ကြတော့ဘူး။ ကြိုက်ရင် အရောင်းအဝယ်ဖြစ်သွားတာကို မြင်ရတယ်။ ဒီလိုမျိုး အရောင်းအဝယ် မသွက်ခဲ့တာ တော်တော်လေးကြာနေပါပြီ။ ဒါကလည်း မူဝါဒတွေ၊ အပြောင်းအလဲတွေ၊ တက်ဈေး၊ ကျဈေးတွေ၊ ဖောက်စွပ်ပြဿနာတွေ အားလုံးအပြီးမှာ ပြန်ပြီးအရောင်းအဝယ် အားကောင်းလာခြင်းရဲ့ ပထမဆုံးအနေနဲ့ အမြင့်ဆုံး အခြေအနေပါပဲ"ဟု ကားအရောင်းအဝယ်နှင့် ကားပြခန်းဖွင့်လှစ်ထားရှိသူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

မူလကတည်းက အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့သည့် အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ကားများအပြင် ခရီးသွားအကြမ်းခံကားများ၊ ဘယ်မောင်းကားသစ်များ၊ စတိနံပါတ်ကားများ၊ စလစ်ကပ်ကားများ အပြင် လုပ်ငန်းသုံး၊ စက်မှုသုံး ကားကြီးများပါ အရောင်းအဝယ်မြင့်လာကြောင်း သိရှိရသည်။

"ကားဈေးကတော့ အရောင်းအဝယ်ကောင်းတာနဲ့တစ်ပြိုင်နက် ဈေးတက်ဖို့ စိုင်းပြင်နေပါတယ်။ အများစုကလည်း တစ်ရက်နဲ့တစ်ရက်ကို မတူညီဘဲ ဈေးပိုခေါ်နေကြတာ မြင်ရတယ်။ မနေ့က ဟွန်ဒါ ၂၀၀၇ ကို ဒီကနေ့မှာ ပုံမှန်ဈေးထက် ငွေကျပ် ၁၀ သိန်း ပိုခေါ်တယ်။ ကြိုက်သူရှိတော့လည်း အရောင်းအဝယ်က ဖြစ်နေတာကို တွေ့ရတယ်။ ဒါကြောင့် အခုကာလက ကားဝယ်မယ်ဆိုရင်တော့ သိပ်ပြီးဈေးဆစ်ဖို့ မလွယ်တဲ့ကာလဖြစ်ပါတယ်။ အချို့စီးပွားရေးအကွက်မြင်တဲ့ ကားကျွမ်းကျင်သူတွေကတော့ ကားဈေးတွေ ထပ်ပြီးတက်လာနိုင်တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ကတော့ အလုပ်ဖြစ်ရင်ပြီးတာပဲလို့ သဘောထားတဲ့အတွက် တော်ရုံသင့်ရုံ ကြိုက်ဈေးရရင်တော့ အရောင်းအဝယ်ဖြစ်အောင် လုပ်ပေးပါတယ်။ အကောင်းဆုံးကတော့ ဒီအချိန်က ကားအပိုရှိရင် ထုတ်ရောင်းသင့်ပြီး ကားဝယ်မယ်ဆိုရင် စောင့်ကြည့်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုသစ္စာက ပြောသည်။

ထို့အပြင် ဇန်နဝါရီလကုန်ပိုင်းက နိုင်ငံတကာ အဆင့်မီ ကားပြပွဲ ၂၀၁၉ ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နာမည်ကြီး ကားအမှတ်တံဆိပ်များစွာကို မြင်တွေ့ခွင့်ရခဲ့ကြသည့်အတွက် ကားဝယ်ယူလိုသူ ယခုကဲ့သို့ ပိုမိုလာခြင်းဖြစ်နိုင်သည်ဟု ယူဆသူများကိုလည်း တွေ့ရသည်။ "အပြိုင်အဆိုင် အရောင်းမြှင့်တင်ရေးတွေ လုပ်ပေးကြတယ်။ ကျွန်တော်တို့ဆီမှာက အရစ်ကျဝယ်လိုအားက တအားကြီး မများသေးဘူး။ ကိုယ်သုံးနိုင်မယ့် ပိုက်ဆံကိုလည်း ချိန်ကြရတော့ ငွေကြေးနဲ့ ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးလာမှသာ အရစ်ကျစနစ်က ပိုပြီးအားကောင်းလာမယ်လို့ ထင်ပါတယ်။ သို့သော်လည်း ကားသစ်တွေကို ဘယ်လိုဈေးတွေနဲ့ ဘယ်လိုသုံးနိုင်သလဲဆိုတာကို ပိုပြီး တွင်တွင်ကျယ်ကျယ် သိလာတဲ့အတွက် ကားလောကကို လူတွေ ပိုပြီးစိတ်ဝင်စားလာတယ်လို့ထင်တယ်"ဟု ကားအရောင်းပြခန်းတစ်ခုတွင် မန်နေဂျာတာဝန်ထမ်းဆောင်နေသည့် ကိုမျိုးသန့်ဇင်က ဆိုသည်။

တစ်ပတ်ရစ်ကားဈေးကွက်တွင် နယ်ဝယ်လက်များကြောင့် အရောင်းအဝယ်အားကောင်းနေပြီး မော်တော်ယာဉ်မှန်၊ မမှန် စစ်ဆေးထားသည့် ကားအများစုမှာ ဈေးကွက်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် အရောင်းအဝယ်ဖြစ်နေသည်ကို တွေ့ရကြောင်း သိရှိရသည်။ ။

***ရန်ကုန်မြို့က တရုတ်တန်းမှ ....***

ခရစ်နှစ် ၁၇၉၀ ခုနှစ်နှင့် ၁၈၂၀ ပြည့်နှစ်အကြား တည်ထောင်ခဲ့သည်ဟု ခန့်မှန်းရပါသည်။

၁၈၅၅ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့အတွင်း မီးအကြီးအကျယ်လောင်ခဲ့ရာတွင် ၎င်း ကျောင်းမှာလည်း မီးသင့်ခဲ့ရသည်။ ဘုရားဂေါပကအဖွဲ့မှ ရန်ပုံငွေကောက်ခံ၍ ၁၈၅၆ ခုနှစ်တွင် ကျောင်းဆောင်သစ်(ယခုဘုရားကျောင်းဗဟိုဆောင်)ကို အုတ်ဖြင့် ပြန်လည်တည်ဆောက်ခဲ့ပြီး ရှစ်နှစ်အကြာ ၁၈၆၄ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ၁၈၅၈ ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက်တွင် ၎င်းကျောင်းမြေကွက်ကို "မာကောင်းတရုတ်(ကောင်းတုံတရုတ်)များအား ဘုရားကျောင်းအဖြစ်သုံးရန် ခွင့်ပေးအပ်ခဲ့ကြောင်း"ဟု ဖော်ပြထားသည်ကို ဖတ်ရသည်။

ဗဟိုခန်းမဆောင် တည်ဆောက်ပြီးနောက် လက်ဝဲ လက်ယာ ဘေးအဆောင်များ တည်ဆောက်ခဲ့ရာ ၁၈၇၂ ခုနှစ်တွင် ပြီးစီးသည်ဟု ထပ်မံသိရှိရသည်။

၁၈၈၄ ခုနှစ်တွင် အကြီးစား မွမ်းမံပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပြီး ၁၈၈၈ ခုနှစ်တွင် ပြီးစီးခဲ့ကာ ထိုကာလမှစတင်၍ "ကောင်းတုံတုန်စီ" ဟူသော အခေါ်အဝေါ်ကို စတင်ခဲ့သည်ဟု ဆိုသည်။

ရန်ကုန်တရုတ်နှစ်သစ်ကူးပွဲတော်ကို ၂၀၁၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ တတိယအကြိမ်အဖြစ် စည်ကားစွာ ကျင်းပခဲ့ပြီးဖြစ်သည်။

နှစ်ဆန်းတစ်ရက် (နှစ်သစ်ကူးနေ့) တွင် မြန်မာဘုန်းတော်ကြီး၊ တရုတ်ဘုန်းတော်ကြီး၊ သီလရှင်အပါး ၁၅၀၀ ကျော်ကို အလှည့်ကျကောင်းတုံတရုတ်ကုန်သည်ကြီးများအသင်းက ဦးဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။ ထို့အပြင် ပြန်ကြားရေးတာဝန်ခံ ဦးသန့်စင်အောင်က "ဒီနှစ် လမ်းတစ်လျှောက် ချိတ်ဆွဲထားတဲ့ တရုတ် မီးပုံးနီတွေကိုတော့ ရန်ကုန်က တရုတ် - မြန်မာ လူငယ်တွေက ကိုယ်တိုင် ချိတ်ဆွဲခဲ့တာပါ။ အရင်နှစ်ကတော့ တရုတ်နိုင်ငံက လာပြီးချိတ်ဆွဲပေးတာ။ အကြီးအသေး အလုံး ၄၀၀၀ ကျော်ပါ"ဟု ရှင်းပြခဲ့သည်။

ထို့အပြင် မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းမတော်လမ်းမှသည် ရွှေတိဂုံဘုရားလမ်းအထိ ရိုးရာပြခန်းများ၊ အရောင်းဆိုင်များဖြင့် စည်ကားစွာ ခင်းကျင်းခဲ့သည့်အပြင် လသာလမ်းစတိတ်စင်၌ ရိုးရာအလှအက၊ အဆိုများ ကျင်းပခဲ့ခြင်းဖြင့် တရုတ်နှစ်သစ်ကူးပွဲတော်၏ ပထမဦးဆုံးသော ရက်မြတ်မင်္ဂလာကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီဖြစ်ပေသည်။



ရန်ကုန်မြို့လယ်၌ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။